

# မမသဒ္ဒါပေါင်

ရွှေ ရင် ခုန် တာ ဒုံ နွေး နွေး

(အချစ်လုံးချင်းဝတ္ထုရှည်)

| | | |
|---|---|---|
| မာဖုခွင့်ပြုချက်အမှတ် | – | ၅၀၀၉၂၀၀၇၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၉၅၈၀၇၀၈ |
| ပုံနှိပ်ထုတ်ဝေခြင်း | – | ပထမအကြိမ်၊ ၂၀၀၈၊ ဒီဇင်ဘာလ |
| ထုတ်ဝေသူ | – | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက်–၄၊ အခန်း–၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်–၃၁/၃၃၊ ၅၃–လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချေး | – | ၁၂၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ အုပ် |






၁

ကျသင့်ငွေရှင်းပေးပြီး Taxi ပေါ်မှဆင်းလိုက်၏။ လမ်းကြားက ရှည်သည့်အပြင် လမ်းပိတ်မို့ မဝင်ချင်၍ လမ်းထိပ်မှာပင် ရပ်ပေးခြင်းဖြစ်သည်။ ကျောပိုးအိတ်ကို လက်နှစ်ဖက်လျှိုသွင်း၍ ပြင်လွယ်လျက် ခပ်တိုတိုဆံပင်တို့ကို တစ်ချက်သပ်တင်လိုက်၏။ ညနေ(၅)နာရီမို့ နေအတော်စောင်းနေပေပြီ။ ခြေလှမ်းကို လမ်းကြားထဲသို့ ဦးတည်လိုက်၏။ မြန်မာ့ပါတ်တွေကို ဖြည်းဖြည်းဖတ်၍ အတော်လေးလျှောက်လာအပြီးမှာ လမ်းကွေ့ချိုး အနားကိုရောက်လာသည်။

ရုတ်တရက်တွေ့လိုက်ရသည့် မြင်ကွင်းက မလှပ။ အပြာရောင်ဝမ်းဆက်လေး ဝတ်ထားသည့် ကောင်မလေးကို ငနဲနှစ်ယောက် လမ်းပိတ်ထား၏။ တစ်ယောက်ကကောင်မလေး၏လည်ပင်းကိုဓားမြှောင်

တစ်ချောင်းဖြင့် ထောက်ထားလေသည်။ ကျန်တစ်ယောက် ကောင်မလေးလက်ထဲမှ ပိုက်ဆံအိတ်ကိုယူ၍ ငွေတွေကို အကုန်နှိုက်ယူကာ ပိုက်ဆံအိတ်ကို နောက်ပြန်လွှင့်ပစ်လိုက်၏။

"ဘုတ် ... "

ပိုက်ဆံအိတ်အမည်းရောင်လေးက ဇော်ခြေရင်းနားကို ကျလာ၏။ ခပ်စောင်းစောင်းအနေအထားမို့ ကောင်မလေးရော ငနဲနှစ်ကောင်ပါ ဇော်ကို ရုတ်တရက် မမြင်ကြ။ တစ်ယောက်က ကောင်မလေး၏ ဆွဲကြိုးကို ဖျတ်ခနဲ ဆွဲဖြုတ်လိုက်သည်။ လက်မှာပတ်ထားသောနာရီနှင့် Hand-Chain ရော လက်စွပ်ကိုပါ ချွတ်ခိုင်းနေ၏။ ကြောက်ကြောက်လန့်လန့်နှင့်မို့ ကောင်မလေး တုန်တုန်ယင်ယင်ဖြစ်နေသည်ကို စိတ်မရှည်ဘဲ အတင်းချွတ်ယူအပြီးမှာ ... လမ်းဘေးမြောင်းပေါင်ပေါ်သို့ ကောင်မလေးကို တွန်းလှဲချလိုက်သည်။ ဒီဘက်ကို ပြန်ရန်အလှည့်မှာ ခါးထောက်၍ ရပ်ကြည့်နေသည့် ဇော်နှင့် ပက်ပင်းကြီး တိုးလေတော့၏။

"ဟာ ... "

"မင်းက ဘာလဲကွ ... "

"သိချင်ရင် မေ့ တိုးခဲ့ပေါ့ ... "

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ဇော်ကို ဝိုင်းလိုက်သည်။ ကျောပိုးအိတ်ကိုချွတ်၍ ဘေးမြောင်းပေါင်ပေါ် ပစ်ချပြီးသည်နှင့်တစ်ပြိုင်နက် ဓားရှိသည့်လူထံပြေး၍မျက်နှာကို ခုန်ကန်လိုက်၏။ ဖတ်ခနဲ ရှောင်လိုက်စဉ် တစ်ပတ်လည်လာသည့်





နောက်ခြေဖျားဖြင့် ခတ်မိသွားသည်။ သူ့လူမှူးသွားစဉ် ကျန်တစ်ယောက်က ဘယ်ဝိုက်ညာဝိုက်လက်သီးတွေ အပြေးဝင်လာ၏။ ဘယ်ညာ သုံးလေးခါယိမ်း၍ ရှောင်အပြီးမှာ ဝမ်းဗိုက်ကို ရှူးထိပ်ဖြင့် တစ်ချက်ကန်ထည့်လိုက်သည်။

အွတ်ခနဲအသံနှင့် ဗိုက်ဆင်းအလာမှာ လည်ကုပ်ကို တံတောင်ဖြင့် ထောင်းလိုက်၏။ ဒိုင်းခနဲ လဲသွားချေပြီ ဖြောက်ခနဲ အသံနှင့်အတူ [illegible]က လက်ခနဲဝင်လာသည်။ ဗိုက်ကိုရှပ်ကာ ငုံ့ရှောင်လိုက်ပြီး ဓားကိုင်လက်ကို လက်ဝါးစောင်းဖြင့် ဆတ်ခနဲ ခုတ်ချလိုက်၏။

"ဂျွတ် ... "

"အား ... ကျိုးပါပြီ ... "

နာကျင်စွာအော်လိုက်သည့် မျက်နှာကို လက်ပြန်တစ်ချက်ကျွေးလိုက်၏။ ဖြောင်းခနဲအသံနှင့်အတူ ထိုလူ လည်၍ ဖင်ထိုင်လျက်လဲကျသွားသည်။

"ကြောက်ပါပြီ ... ကြောက်ပါပြီ ... တော်ပါတော့ ... "

ဇော် ထိုလူ့မျက်နှာရှေ့မှာ လက်ဖျောက်တစ်ချက်တီးလိုက်ပြီး လက်ဝါးကို ဖြန့်လိုက်သည်။ ထိုလူက ဘောင်းဘီအိတ်ထဲမှ ဆွဲကြိုးကို ထုတ်ပေး၏။ ဆွဲကြိုးကိုယူလိုက်ပြီး နောက်တစ်ခါထပ်ဖြန့်တော့ နာရီနှင့် Hand-Chain ကိုပေးသည်။

"လက်စွပ် ... "

"ဒီ ... ဒီမှာပါ ... "

ကမ်းပေးသည့်လက်စွပ်ကို ဆတ်ခနဲယူ၍ မေ့လဲနေသည့် ငနဲ၏ ဘောင်းဘီအိတ်ထဲမှ ငွေတစ်ထပ်ကို ဆွဲထုတ်ယူလိုက်သည်။

"သွားတော့ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

လက်ကျိုးသွားသည့်လူက ... သူ့ဘော်ဒါကို သတိရအောင် အတင်းလှုပ်နှိုး၍ ဆွဲထူကာ ပြေးလေတော့သည်။ ဖော် ပိုက်ဆံအိတ်အနက်လေးကို ကောက်ယူ၍ ငွေအထပ်လိုက်ကို ထည့်လိုက်ပြီး ဆွဲကြိုး၊ လက်စွပ်နှင့် Hand-Chain ကိုပါ ထည့်လိုက်သည်။ ကိုယ်ပေါ်မှာ ကပ်နေသည့်ဖုန်တွေကို တစ်ချက်နှစ်ချက်မျှ ခါလိုက်ပြီး ကျောပိုးအိတ်ကို ပြန်လွယ်သည်။ ယခုတိုင် မျက်လုံးလေးအပြူးသားဖြင့် ထိုင်လျက်သားလေး ငေးကြည့်နေသည့် ကောင်မလေးနားသို့ လျှောက်လာခဲ့၏။ လက်တစ်ဖက်ကမ်းပေးလိုက်တော့ ကောင်မလေးကသူမလက်ကလေးကို ကမ်းပေး၍ ထရပ်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ ..."

ကောင်မလေးက လုံခြည်မှာပေသွားသည့် ဖုန်တွေကို ခါလိုက်ပြီး ဖော်ကမ်းပေးသည့် နာရီနှင့် ပိုက်ဆံအိတ်ကို ယူလိုက်သည်။

"ချောနာမည်က ချောစုမုံပါ ... မြို့ထဲကပြန်လာတာ ဒီလူတွေနဲ့ ဒီထောင့်မှာတွေ့တာပဲ ... အိမ်ကို ခဏလောက်လိုက်ခဲ့ပါလားဟင် ..."

"ကျွန်တော် ဒီလမ်းထဲက ခြံနံပါတ်(၈၈)ကို ရှာနေတာပါ"

"ဩော် ... အဲဒါ ချောတို့အိမ်ရှေ့ခြံပဲ ... အတူတူသွားကြတာ





ပေါ့ ..."

ဖော် ခေါင်းညိတ်ပြလိုက်ပြီး သူမနှင့်အတူ လျှောက်လာခဲ့သည်။ သင်းပျံ့ပျံ့သနပ်ခါးနံ့ကို ရလိုက်၏။ လက်ပြတ်အင်္ကျီလေးကြောင့် သွယ်ပြောင်းသည့် လက်မောင်းသားလေးက ထင်းနေသည်။ Step ဘောင်ပင် နက်နက်လေးက ကျောလယ်မှာ ပျော့ပျော့စင်းစင်း။ ခေါင်းကို ငုံ့လိုက်စဉ် ဖိနပ်အဖြူလေးစီးထားသည့် ခြေချောင်းဖွေးဖွေးလေးတွေကို ချစ်စဖွယ်လေးတွေ့ရ၏။ တော်တော်လှတဲ့ ကောင်မလေးပဲ။

"နာမည် ဘယ်လိုခေါ်လဲဟင် ..."

"ဖော် ..."

"တစ်လုံးတည်းလား ..."

ဖော် ခေါင်းကိုသာ ညိတ်လိုက်၏။ သူမက ခြံတစ်ခြံရှေ့မှာ ရပ်လိုက်သဖြင့် ဖော်ပါရပ်လိုက်သည်။

"သူရှာနေတဲ့ခြံက ဟိုရှေ့ခြံလေ ... အခု ချောတို့အိမ်ထဲကို ခဏလိုက်ဝင်ဦးနော် ..."

"မလိုက်တော့ဘူး ... နောက်မှ ..."

"ဘာဖြစ်လို့လဲ ..."

"ကျွန်တော် ဒီမှာနေဖြစ်မှာပါ ... တွေ့ကြဦးမှာပဲ ..."

"တကယ်နော် ... နောက်တစ်ခါဆိုရင်တော့ မငြင်းပါနဲ့ ... ဒီညနေလေးကို ချော အမှတ်တရရှိနေမှာပါ ... သွားပြီနော် ..."

ဖော် ခေါင်းညိတ်ပြလိုက်တော့ သူမက တစ်ချက်ပြုံးပြ၍ သံတံခါးကို တွန်းဖွင့်ဝင်သွားလေသည်။ အရှေ့ခြံကို မျက်နှာမူလိုက်၏။

သံတိုင်တံခါးမှ ခြံထဲကို လှမ်းမျှော်ကြည့်လိုက်သော်လည်း လူရိပ်လူယောင် မမြင်ရ၏။ တိုက်အိမ်ပြတင်းပေါက်တွေဖွင့်ထား၍ လူရှိမှန်းသေချာသဖြင့် တံခါးကိုလှုပ်၍ အသံပေးလိုက်သည်။ ဘာမှမထူး။

"ကျွတ် ... "

စိတ်မြန်သည့်သူမို့ အုတ်တိုင်ကို တစ်ချက်ပြေးကန်ကာ သံချွန်တိုင်ကို ဆတ်ခနဲ ခုန်ဖမ်းလိုက်သည်။ ကိုယ်ကိုဖော့၍ သံတံခါးဆူးချွန်တွေကို ခွကျော်လျက် ခြံဝင်းကြီးထဲသို့ ဖတ်ခနဲ ခုန်ချလိုက်လေ၏။

ဖုန်းပြောနေရင်း ပြတင်းပေါက်မှ မြင်ကွင်းကို အတိုင်းသားမြင်နေရသည်။ ကြည့်စမ်း သူ့ခြံထဲ ကျူးကျော်ဝင်လာသည့်လူကို မောင်စိုးမမြင်ဘူးလား။ သူ ပြတင်းမှမခွာမီ မောင်စိုးက ဝါးရင်းတုတ်ဖြင့် ထိုလူကို ပြေးရိုက်သည်။ ထိုလူက တဝိုးဝိုးရောက်လာသည့် တုတ်ချက်တွေကို ရှောင်တိမ်းနေ၏။ သူ အိမ်ပေါ်မှ အပြေးဆင်းလာပြီး ခြံထဲသို့ ခပ်သွက်သွက်လျှောက်လာစဉ် မောင်စိုးလက်ထဲမှ ဝါးရင်းပိုင်းက နှစ်ပိုင်းကျိုးသွားသလို ထိုလူလက်လိမ်ချိုးထားသဖြင့် ယက်ကန်ယက်ကန်ဖြစ်နေသည့် မောင်စိုးကို သူ တွေ့လိုက်ရ၏။

"ဟေ့ ... မင်းဘယ်လိုလူလဲကွ ... ခြံထဲကိုလည်း ကျူးကျော်ဝင်လာသေးတယ် ... ခြံထဲကလူကိုလည်း စော်ကားသေးတယ် ... မင်း ... အမှုနှစ်ခုကျူးလွန်နေပြီနော် ... "

ဇော် လက်ထဲက လူကို အသာလွှတ်ပေးလိုက်သည်။ မျက်စိရှေ့ရောက်လာသည့် သူ့ကို ခဏအကဲခတ်လိုက်၏။

"သူက ဘာမပြောညာမပြောနဲ့ ကျွန်တော့်ကို တုတ်နဲ့ ပြေးရိုက်





တာကိုးဗျ ... "

ကြည်လင်သည့် ခပ်ဆတ်ဆတ် အသံလေးကြောင့် သူ အံ့ဩသွားသည်။ ပုံစံတင် မိန်းမချောချောသည်မဟုတ်။ အသံကလည်း မိန်းကလေးအသံနှင့် ခပ်ဆင်ဆင်ပါလား။

"ဒါက ငါမှာထားလို့ သူလုပ်တာပေါ့ ... မင်းက ခွင့်မှမတောင်းတာကိုး ... "

"ကျွန်တော် အော်ခေါ်နေတာပဲဗျ ... ခင်ဗျားတို့ခြံထဲမှာ တစ်ယောက်မှ မရှိကြဘဲနဲ့ ခင်ဗျားနာမည် ထူးမာန်လား ... "

"အံမာ ... မင်းက ငါ့နာမည်တောင် ကြိုသိနေပါလား ... မင်းဘယ်သူလဲ ... "

"ဇော် ... "

"ဘာ ... "

"ဟာ ... ဇော်လေဗျာ ... ခင်ဗျား နားလေးနေလား ... "

"မလေးဘူး ... ကြားတယ်ကွ ... ကြားတယ် ... "

"ဒါဖြင့် ဘာဖြစ်လို့ထပ်မေးလဲ ... "

"ဒါဖြင့် လေးလေးပြောတဲ့ မိတ္တီလာက လာမဲ့ကောင်လေးဆိုတာ ... "

"ဟုတ်တယ် ... ကျွန်တော်ပဲ ... "

ရင်ဘတ်ကို လက်မဖြင့် ထောက်ပြလိုက်သဖြင့် သူ နှာခေါင်းကို ရှုံ့လိုက်မိသည်။ ကျွတ် ... လေးလေးကတော့ လုပ်ချလိုက်ပြန်ပြီ။ ဒီ ဟိုမရောက် ဒီမရောက် ချာတိတ်ကိုမှ သူ့လက်ထဲ ထည့်ရတယ်လို့

ခက်ချေပြီ … ။

“ဟာ … ဘယ်လိုလဲဗျ … ဦးကျော်က အားလုံးအဆင်ပြေရမယ်ဆိုလို့ ကျွန်တော်လာခဲ့တာ … အခု ခင်ဗျားက အင်တင်တင်လုပ်နေတော့ … ဘာလဲ … ကျွန်တော် လှည့်ပြန်ရမှာလား … ”

“ကျွတ် … မဟုတ်ပါဘူး … လာလာ … အိမ်ထဲကို … ”

အိမ်ရှေ့သံပန်းတံခါးမှအဝင် ဖိနပ်ချွတ်မှာ ရှူးဖိနပ်ကို ချွတ်လိုက်၏။ ဖွင့်ထားသည့် ကျွန်းတံခါးကြီးကိုဖြတ်စဉ် ကြက်သွေးရောင်ကတ္တီပါကော်ဇောကြီးက နင်းရက်စရာမရှိ။

“ထိုင် … ”

ဇော်က ဆိုဖာခုံထူထူတွေထက်မှာ မထိုင်ဘဲ ဆိတ်သားရေအုပ်ထားသည့် ခုံပုလေးမှာပဲ ထိုင်ချလိုက်၏။ သူ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်သည်။

“ကဲ … လောလောဆယ် အိမ်မှာ တစ်ပတ်လောက်နားပါ … ပြီးရင် မင်းကို ဘယ်နေရာမှာ အလုပ်သွင်းပေးရမလဲ စီစဉ်ပေးမယ်”

“ဟာ … တစ်ပတ်ကြီးတောင်မှ ပျင်းစရာကြီး … ကျွန်တော် မနက်ဖြန်ပဲ စဆင်းချင်တယ် … ”

“ဘယ်ရမလဲကွ … မင်းကို လေးလေးက တစ်ပတ်နားခိုင်းထားတာ … မရည်ပါနဲ့ … ငါစီစဉ်တဲ့အတိုင်း မင်း နာခံရမှာပေ့ါ … မင်းက အိမ်ရှင်လား … ငါက အိမ်ရှင်လား … ”

ဘုကြည့်တစ်ချက်ကို သူ ရလိုက်သည်။ တောက် … နားရင်းထအုပ်လိုက်ရရင်တော့ မကောင်းဘဲရှိတော့မည်။ ဘယ်လိုကောင်လေး





မှန်းကိုမသိ။ နည်းနည်းလေးမှ ထောင့်မကျိုး … ။

“ခင်ဗျားက အိမ်ရှင်ပါ … ”

“အေး … မင်း ခင်ဗျား … ခင်ဗျားနဲ့ပြောတာကိုလည်း ပြင်ဦး။ ဘယ့်နှယ် … ငါ့ထက် လေးငါးခြောက်နှစ်လောက် ငယ်ပုံရပြီး မရိုင်းပါနဲ့ … မင်းအသက် ဘယ်နနှစ်လဲ … ”

“၁၉ … ”

“အဲဒါဆို ခြောက်နှစ်တောင်ငယ်တာ … ယဉ်ယဉ်ကျေးကျေး ခေါ်ပါ … ”

“ဒါဆို ခင်ဗျားလည်း ကျွန်တော့်ကို ငါ … ငါနဲ့ မပြောနဲ့ပေ့ါဗျ။ နားခါးတယ် … ”

“အောင်မာ … တော်တော်လူပါးဝတဲ့ညှို့သည်ပဲ … မင်းနော်၊ လေးလေးမျက်နှာကြောင့် ငါ သည်းခံတာမှတ် … ”

“ကျွန်တော်ကလည်း ခင်ဗျားကို ဦးကျော်တူမို့ သည်းခံတယ်မှတ်ပါ … ”

“တောက် … မင်းနော် … ”

သူ တော်တော်စိတ်ပျက်သွားသည်။ ဘယ့်နှယ် … ဒီလို ဂျွတ်ဆတ်ဆတ် မာကျောကျောကောင်လေးကိုမှ လေးလေးက အိမ်ပေါ်ခေါ်တင်ကျွေးချင်တာပါလိမ့် … သူနဲ့တော့ ရေရှည်ဖြစ်မည်မထင်ပါ။

“မောင်စိုး … မောင်စိုး … ”

“ဗျာ … လာပါပြီ အစ်ကိုမာန် … ”

“သူ့ကို မနေ့က ရှင်းပေးထားတဲ့အခန်းကို လိုက်ပို့ပေးလိုက်”

"ဟုတ်ကဲ့ ..."

ဖော် ကျွန်းလှေကားကြီးမှတစ်ဆင့် မောင်စိုးနောက်ကို လိုက်ခဲ့ရလေ၏။ စကတည်းက ယဥ်သကိုဆိုသလိုပါလား အိမ်ကြီးရှင်ရာ။

♥





## ၂

မနက်စောစောက ရေချိုးအဝတ်အစားလဲ၍ ထွက်လာတော့ လသာဆောင်မှာ လေ့ကျင့်ခန်းလုပ်နေသည့် သူ့ကို မြင်ရ၏။ နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး အိမ်အောက်သို့ ဆင်းလာခဲ့သည်။ ထမင်းစားခန်းထဲဝင်လိုက်တော့ မောင်စိုးက ကော်ဖီအိုးနှပ်နေလေ၏။

"ဟော ... အစ်ကိုလေး နိုးပြီလား ... ဒီမှာ ကော်ဖီနဲ့ မုန့်တွေ အဆင်သင့်ပဲ ..."

"ဟာ ... အဲဒါတွေ ကျွန်တော်မစားတတ်ဘူး ကိုမောင်စိုးရဲ့ ထမင်းကြမ်းလေး ဘာလေးမရှိဘူးလားဟင် ..."

"နည်းနည်းတော့ရှိတယ် ..."

"ငါးပိရည်ရှိလား ..."

"ဟင့်အင်း ... အိမ်မှာ ငါးပိမစားဘူးဗျ ..."

"ဟာဗျာ ... ကျွတ် ... ဒါဖြင့် မနေ့က ဟင်းကျန်လေးဘာလေး မရှိဘူးလား ..."

"ဘာမှမရှိတော့ဘူး အစ်ကိုလေးရ ..."

"ကဲဗျာ ... ရှိတာနဲ့ ရှာကြံစားတော့မယ် ..."

ဇော် မီးဖိုခန်းထဲဝင်၍ ဇလုံထဲသို့ ထမင်းကြမ်းတုံးထည့်၊ ဆီနည်းနည်းဆမ်း၍ ဆားဖြူးငိုက်၏။ ကြက်သွန်နီနှစ်ဥကိုယူ၍ထည့်ကာ ခွေးခြေခုံပုလေးမှာထိုင်လျက် ပလုတ်ပလောင်းစားနေသည်။ မောင်စိုးက မီးဖိုထဲဝင်ရင်း ဇော့်ကိုကြည့်ကာ ခေါင်းကုတ်လိုက်၏။

"ဟာ ... အစ်ကိုလေးရာ ... ကျွန်တော်တော့ အဆူခံရတော့မှာပဲ ..."

"ဘာဖြစ်လို့လဲဗျ ..."

"ဒီ ထမင်းကြမ်းတွေ စားနေတာမြင်ရင် ... အစ်ကိုမာန်က ကျွန်တော့်ကို ဆူမှာဗျ ..."

"ကျွန်တော့်ဟာ ကျွန်တော်စားတာပဲ ကိုမောင်စိုးရ ... ဆူစရာလား ..."

ကလစ်ခနဲ တံခါးဖွင့်သံနှင့်အတူ တံခါးဝမှာ သူ ပေါ်လာလေသည်။

"မောင်စိုး ... ဈေးမသွားသေးဘူးလား ... ညှိုသည်ရောက်နေတာ ဖွယ်ဖွယ်ရာရာလေး ချက်ကျွေးဖို့ ... ဟာ ... အဲဒါ ဘာလုပ်နေတာလဲ ..."





"ထမင်းကြမ်းစားနေတာလေ ..."

"ဒီလိုစားစရာလား ... Rreakfast ကို စားပွဲမှာ အဆင်သင့်ပြင်ထားရဲ့သားနဲ့ ... ဒါတွေ ဘာဖြစ်လို့စားနေရတာလဲ ..."

"ကျွန်တော်က မနက်ဆို ထမင်းကြမ်းပဲစားနေကျဗျ ... အဲဒါတွေ မစားတတ်ဘူး ..."

"ကျွတ် ... မြို့ရောက်ရင် မြို့လိုကျင့်မှပေါ့ ... ဒါ မင်းတို့တောဟုတ်ဘူး ..."

"ခင်ဗျား ကျွန်တော့်ကို တောသားဆိုပြီး မနှိမ်ပါနဲ့ဗျ ... တောသားလည်းလူပဲ ... ဘာများထူးခြားနေလို့လဲ ..."

"ကျွတ် ... ခက်တာပဲကွာ ..."

သူ ဘာမှပြောချင်စိတ်တောင်မရှိတော့။ ချာတိတ်က ဇလုံကို ငုံ ဆေးနေလေပြီ။

"ရော့ ... မောင်စိုး ဈေးဖိုးယူသွား ..."

"ကိုမောင်စိုး ... ကျွန်တော်လည်း ဈေးကိုလိုက်မယ်ဗျာ"

"အိမ်မှာ အေးအေးဆေးဆေးနားပါဆိုတာကို မင်းရှည်ပြန်ပြီ"

"ဟာ ... ကျွန်တော်က အိမ်ထဲအောင်းရတဲ့အလုပ်ကို စိတ်အပျက်ဆုံးပဲ ... လာမတားနဲ့ ... သွားမှာပဲ ... လာ ကိုမောင်စိုး"

သူ သက်ပြင်းချ၍ ခါးထောက်လျက် ကြည့်နေလိုက်ရတော့သည်။ ဇွတ်ပါလား။ ဒီကောင်လေးတော့ မလွယ်ပါဘူး။ ချာတိတ်က ငှင်းဘောင်းဘီနှင့် တီရှပ်ပေါ် ရှပ်လက်တိုအဖြူထပ်ဝတ်ထားတာ မောင်စိုးနှင့်အတူ ခြံထဲမှထွက်သွားပေပြီ။

ဈေးထဲမှာ ဟိုဟိုဒီဒီငေးနေစဉ် လက်မောင်းကို လက်တစ်ဖက ကလာဆွဲလေ၏။

"ဟော … မချောစုစုစံ … "

"အမလေး … ချောလို့ပဲခေါ်ပါ ဇော်ရယ် … ရှည်ရန်ကော"

"ဈေးလာတာလား … "

"ဟုတ်တယ် … ဇော်ကရော … "

"ကိုမောင်စိုးနဲ့ လိုက်ခဲ့တာလေ … "

"ဘယ်လိုလဲ ကိုမောင်စိုး … ထုံးစံအတိုင်း ကြက်၊ ဘဲ၊ အမဲ ဥတွေပဲလား … "

"အေးဟာ … ငါလည်း ဒီသံသရာထဲမှာပဲ ချာချာလည်နေတာ ပါပဲ … "

"ကျွန်တော်က ငါးပဲကြိုက်တာဗျ ကိုမောင်စိုးရ … ငါးဝယ်မယ ဗျာ … ဟော … ဟိုမှာ ငါးသလောက်လည်းတွေ့တယ် … ငါးဖယ ခြစ်လည်းရှိတယ် … Ok ပဲ … "

"ဟာဟာ … မလုပ်ပါနဲ့ အစ်ကိုလေးရယ် … ရှိကြီးခိုးပါရဲ့ … အဲဒါတွေ အိမ်ပေါ်တင်လို့မရလို့ပါ … "

"ဟာ … ဝက်သားမှမဟုတ်ဘဲ … ဘာဖြစ်လို့လဲဗျ … "

"အစ်ကိုမာန်က ငါးဆို အနံ့တောင်မခံနိုင်ဘူး … စားဖို့ဆို ဝေ လာဝေးပဲ … "

"ကြီးကျယ်ရန်ကော … သေမှာကျနေတာပဲ … "

"ဟုတ်တယ် ဇော်ရဲ့ … ကိုမာန်က ငယ်ငယ်တုန်းက ငါးရိုးစူ





ပြီး ဆေးရုံမှာ တက်ခဲ့ခဲ့ရဖူးတယ် … ဒါကြောင့် အဲဒီကတည်းက ငါးကို သူ ကြောက်သွားတာ … "

"အာ … မရဘူးဗျာ … ကျွန်တော်က ငါးကြိုက်တာ ငါးပဲချက် စားမယ် … သူ့အတွက် ကိုမောင်စိုးဟာ ကိုမောင်စိုးဝယ် … ကျွန်တော် စားဖို့ ကျွန်တော်ဝယ်မှာပဲ … "

ဇော်က ဆိုးဆိုးဆတ်ဆတ်ဖြင့် ငါးသလောက်တစ်ကောင်နှင့် ငါးဖယ်ခြစ်ငါးဆယ်သားဝယ်လိုက်သည်။ ခရမ်းချဉ်သီးနှင့် နံနံပင်ဝယ် အပြီးမှာ ကန်စွန်းရွက်၊ ချဉ်ပေါင်၊ မှျစ်နှင့် တို့စရာတော်တော်များများ ဝယ်၏။ စိမ်းစားငါးပိနှင့် ငါးပိရည်ကျိုကို ငါးဆယ်သားစီချိန်အပြီးမှာ ဈေးဝယ်ခြင်းပြီးလေပြီ။

"ချောရော ဝယ်ပြီးပြီလား … "

"အင်း … "

"ဒါဆို ပြန်ကြစို့လေ … "

"အစ်ကိုလေး … ကျွန်တော်တော့ အလုပ်ပြုတ်တော့မှာပဲဗျာ"

"မပြုတ်ပါဘူး ကိုမောင်စိုးရာ … စိတ်ချ … ဒီကိစ္စ ကျွန်တော် ကြည့်ရှင်းပါ့မယ် … သူ မစားပေမဲ့ ကျွန်တော်နဲ့ ကိုမောင်စိုး စားမှာ ပေါ့ … မကြိုက်ဘူးလား … "

"ကြိုက်တော့ကြိုက်ပါတယ် … ဒါပေမဲ့ … "

"ဘာမှ ဒါပေမဲ့ မနေနဲ့ … ဒါဆိုရင်ပြီးပြီ … လာ … ပြန်မယ်"

သူတို့ လမ်းလျှောက်၍ပင် ပြန်လာကြသည်။ ချောက ခြံရှေ့ အရောက်မှာ ဇော့်ကို နှုတ်ဆက်လိုက်၏။

"ဇော် … ညနေအိမ်ကိုအလည်လာခဲ့နော် … မေမေတို့က ဇော့်ကိုတွေ့ဖူးချင်လို့တဲ့ … "

"ဩော် … အင်းအင်း … လာခဲ့မယ် … ဒါပဲနော် … "

အိမ်ထဲဝင်လာပြီး မီးဖိုခန်းထဲမှာ ခဏချင်း အလုပ်ရှုပ်သွား၏။ မောင်စိုး ကြက်ကြော်အပြီးမှာ ဇော်ဂငါးဆုပ်ကြော်၏။ ငါးသလောက်ကို ခရမ်းချဉ်သီးနှင့် ချက်နေစဉ် အပေါ်ထပ်မှ တဒုန်းဒုန်းပြေးဆင်းလာသံကို ကြားလိုက်ရသည်။

"မောင်စိုး … မောင်စိုး … မင်း ဘာတွေချက်နေလဲ … "

"ဗျာ … အစ်ကိုမာန် … ကျွန်တော်ချက်တာ မဟုတ်ဘူး … ဟို … ဟို … အစ်ကိုလေးချက်နေတာပါ … "

"မင်း ငါမကြိုက်တာကို ပြောမထားဘူးလား … သွားပါပြီ … ငါ့တစ်အိမ်လုံးတော့ ငါးနံ့တွေနံစော်ကုန်ပါပြီ … သွား … အခုချက်ချင်း သွားသွန်ခိုင်း … သွား … "

"ဟို … ဟို … "

ငါးဟင်းအိုးကို နံနံပင်အုပ်၍ချလိုက်ပြီး ဟင်းခါးအိုးကိုတင်ကာ ဇော် အိမ်ရှေ့ထွက်လိုက်၏။

"ဘာဖြစ်လို့ သွန်ရမှာလဲဗျ။ ကျွန်မတော်ကြိုက်တာကို ကျွန်တော်ချက်စားတာပဲ … "

"မင်းကြိုက်တာတွေ ငါ အနံ့မခံနိုင်ဘူး … ခုချက်ချင်းသွားသွန်"

"မသွန်နိုင်ဘူး … စားချင်လို့ တကူးတကဝယ်လာတာဗျ"

"မင်း … မင်း … တမင်ရည်ရွယ်ပြီး ငါ့ကိုလာနှိပ်စက်နေတာ





ား ဖိုးဇော် … ဟင် … ငါ့ကို ထော်လော်ကန့်လန့်လုပ်ဖို့ လေးလေး ာ မင်းကို သင်ပေးလိုက်တာလား … ငါ ငါးသိပ်မုန်းတာကို သိသိ ကြီးနဲ့ မင်းလုပ်ကြတာ … လုပ်ကြတာ … "

မျက်လုံးကြီးပြူးပြီး ဇွေ့ဇွေ့ခုန်ဒေါသထွက်နေသည့် သူ့ကို ဤ ခဏမျှ ဇော် ကြောင်သွား၏။ ကြည့်စမ်း … သူ တော်တော် ဒေါသထွက်ေ… ား … ။

… မောင်စိုး … သူချက်ထားတဲ့ အိုးတွေနဲ့ ငါ့ကိ ာဟင်းမှ ပြန်ချက်မကျွေးနဲ့ … ဗီရိုကြီးထဲက အိုးအသစ်တွေထုတ်ပြီး က် … တော်ပြီ တော်ပြီ … ငါအလုပ်သွားတော့မယ် … အကုသိုလ် ျားလိုက်တာနော် … ဘယ်အငြိုးနဲ့များ ငါ့အိမ်ပေါ် ဂြိုလ်ဆိုးတက်လာ ာပါလိမ့် … "

"ဟို … အစ်ကိုမာန် … ထမင်း … ထမင်းချိုင့် … "

"မယူဘူး … မစားတော့ဘူး … ဘာမှလာမပြောနဲ့ … အဲဒီ ာင်းနံ့တွေ မီးဖိုခန်းမှာရော၊ ထမင်းစားခန်းမှာပါ မကျန်စေနဲ့ … ငါ့ ို မြန်မြန်သေအောင် ပူးပေါင်းပြီး မကြံနဲ့ … တောက် … လေးလေး ြန်လာမှ ဒီကိစ္စ ငါရှင်းမှာပဲ … "

ဒေါပွပွနှင့်ပြောပြီး သူ ကားပေါ်တက်ကာ ဝူးခနဲ မောင်းထွက်သွားလေပြီ။ ဇော် တော်တော်လေး စိတ်မကောင်းဖြစ်ကာ မျက်ရည် ောင်ဝဲသွားရသည်။ မရည်ရွယ်ပါဘူး ကိုထူးမာန်။ ကျွန်တော်က ဒီ ောက်အထိ ဖြစ်မယ်မှန်း ထင်မထားလို့ပါ။ ပြီးတော့ ကျွန်တော် ါးသိပ်ကြိုက်တာ အမှန်ပါဗျာ … ။

"ကိုမောင်စိုး ..."

"ဗျာ ... အစ်ကိုလေး ..."

"သူ့အလုပ်ကို ကိုမောင်စိုးသိလား ..."

"သိတာပေါ့ဗျ ..."

"ဒါဆိုရင် နေ့လယ်ထမင်းချိုင့် သွားပို့လိုက်ပါဗျာ ... ကျွန်တော့်ကြောင့် ဒီလိုဖြစ်တာ စိတ်မကောင်းဘူး ..."

"ကျွန်တော် အစကတည်းက မပြောဘူးလား အစ်ကိုလေးရ"

"ကျွန်တော်က ငါးတကယ်ကြိုက်တာဗျ ... ဒီလိုလုပ်ဗျာ ... ကျွန်တော် ငါးချက်တဲ့နေ့ကျရင် ဟိုးနောက်ဖေးခြံထောင့်မှာပဲ ထင်းမီးမွှေးပြီး သွားချက်မယ် ... ကဲကဲ ... သူ့ထမင်းချိုင့်ထည့်ဖို့ ကျွန်တော် ဆက်ချက်ထားပေးပါ့မယ် ... ကိုမောင်စိုး အလုပ်ရှိတာနှဲ့သွားလုပ်နှင့် ..."

ဖော် ချက်ပြုတ်ပြီးစီးချိန်မှာ မောင်စိုးက အဝတ်ဇလုံကြီးဖြင့် အောက်ထပ်ရေချိုးခန်းထဲမှ ထွက်လာသည်။

"ဟင် ... အဝတ်လျှော်တာကလည်း မြန်လှချည်လား ... စင်ရောစင်လို့လား ..."

"ဘယ်တတ်နိုင်မလဲ အစ်ကိုလေးရဲ့ ... အမိန့်မလာတော့ ကျွန်တော်လည်း တတ်သလောက် မှတ်သလောက်လျှော်တာပဲ"

"နေဦး ... ကျွန်တော်ကြည့်ဦးမယ် ... ဟာ ... ကော်လံတွေ သေချာမလျှော်ဘူးလား ... ကုပ်မှာလည်း မစင်ဘူး ... မဖြစ်ပါဘူး၊ သွားသွား ... ဆပ်ပြာမှုန့်နဲ့ ပြန်စိမ်ထားလိုက် ... ကျွန်တော် လျှော်





ပေးမယ် ..."

"ဟာ ... အစ်ကိုလေးကလည်း ... အစ်ကိုမာန်သိရင် အဆူခံဦးမယ် ..."

"သြော် ... ကျွန်တော်လျှော်တာလို့မပြောရင် သူ ဘယ်သိမှာလဲ ... ကဲ ... ရေချိုးတော့ ... ပြီးရင် သပ်သပ်ရပ်ရပ်ဝတ် ... ကျွန်တော့်ကိုပို့ဖို့ ထမင်းချိုင့်ထည့်ပေးမယ် ... ဒီအချိန်ဆို အတော်ပဲ ... သူ မွှေးနွေးနွေးလေးစားရတာပေါ့ ..."

အလုပ်ရုံအဝင်ဝမှ ... ခြင်းတောင်းတစ်လုံးနှင့် ဝင်လာသည့် မောင်စိုးကို မြင်လိုက်ရသဖြင့် သူ အံ့သြသွား၏။

"ဘာလာလုပ်တာလဲ ..."

"အစ်ကိုလေးက အစ်ကိုမာန့်ကို ထမင်းချိုင့်ပို့ဆိုလို့ လာပို့တာ ..."

"ဟာ ... မင်းညည့်သည်ကို တစ်ယောက်တည်းထားခဲ့ရလား ..."

"သူ့ အိမ်ထဲမှာပဲကျန်ခဲ့ပါတယ် အစ်ကိုမာန်ရဲ့ ... ခြံတံခါးကို ...တော် သော့ခတ်ခဲ့တာပါ ..."

"ကျွတ် ... မဟုတ်သေးပါဘူး ..."

"ကျွန်တော် ထမင်းပွဲပြင်တော့မယ်နော် အစ်ကိုမာန် ... ပူပူနွေးနွေးစားရအောင်လို့ပါ ..."

"အေး ... ပြီးရင်ပြန်တော့ ..."

"အစ်ကိုမာန်စားပြီးမှ ချိုင့်ပါတစ်ခါတည်းယူလာလို့မှာလိုက်

လို့ပါ ... "

"နေပါဦး ... မင်းရဲ့အလုပ်ရှင်က ငါလား ... သူလား ... "

"ဟို ... အစ်ကိုမာန်ဝါ ... "

"ဒါဖြင့် ငါ့စကားကို နားထောင်ပေါ့ ... "

"ဟုတ် ... ဟုတ်ကဲ့ ... "

"ဘာဖြစ်လို့လဲ ထူးမာန် ... "

"ဘာမှမဖြစ်ပါဘူး ဇင်မင်းရာ ... "

မောင်စိုးက သစ်သားစားပွဲပေါ်မှာ ပလတ်စတစ်စားပွဲခင်းလေးကို ခင်းလိုက်သည်။ ပြီးနောက် ခြင်းထဲမှ ထမင်းချိုင့်ကို စားပွဲပေါ် ချ၍ ဖွင့်လိုက်၏။ ကြွေပန်းကန်တစ်ချပ်ထဲသို့ ထမင်းချိုင့်ထဲမှ ထမင်းကို သေသေသပ်သပ်ခပ်ထည့်ပြီး ဇွန်း-နှင့် ခက်ရင်းတပ်ပေးသည်။ ပြီးနောက် ဟင်းချိုင့်သုံးအံစလုံးမှာ ဇွန်းတစ်ချောင်းစီ လိုက်တပ်ပေးလိုက်၏။ နောက်ဆုံးမှ လိမ္မော်ရည်ဖျော်ပြီးသားပုလင်းနှင့် ဖန်ခွက်ကို ချကာ လက်သုတ်ပဝါကို ပန်းကန်ပြားလေးကဲထည့်ပေးပြီး အနောက်ကို ရွှေ့ရပ်လိုက်သည်။

"ဟ ... တယ်ဟုတ်ပါလား ထူးမာန် ... ငါ့သူငယ်ချင်းကို ဒီလို အဆင့်မြင့်မြင့် ထမင်းပွဲပြင်ပေးတာ ဒီတစ်ခါပဲ ငါ တွေ့ဖူးသေးတယ်၊ ကြည့်စမ်း ... ထမင်းက နှစ်ချိုင့် ... ဒါက ကြက်သားကြော်နဲ့ အမဲကြော် ... ဒါက ဘူးသီးဟင်းခါး ... အင်း ... ဒါက ဘဲဥနဲ့ ဂေါ်ရခါးသီး မုန်လာဥကြော် ... ချိုချဉ်ကြော်ပဲ ... ဒီပန်းကန်လုံးလေးက ရေတတ်သီး ငါးပိကြော်ကိုး ... မွှေးလိုက်တာကွာ ... ငါလည်းဆာလာပြီ ... "





"ဟို ... အစ်ကို့ကိုထည့်ပေးဖို့ ပန်းကန်တော့ အပိုမပါဘူး ခင်ဗျ၊ ဒီစတီးချိုင့်နဲ့ပဲစားပါ ... "

"အေး ... ရပါတယ်ကွ ... "

ဇင်မင်းက သူ့အတွက် ခူးလက်စ ထမင်းချိုင့်ကိုပဲ ယူစားလိုက်ပါ၏။ ဟင်းချိုကအစ အရသာရှိနေသည်ကို သိသော်လည်း သူ ဘာမှ မပြောမိ။ ငြိမ်ငြိမ်သက်သက်ဖြင့်သာ စားနေမိသည်။

"အရသာရှိလိုက်တာကွာ ... ဒါ မောင်စိုးလက်ရာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ... "

"ဟုတ်ကဲ့ ... ကျွန်တော်တို့အိမ်မှာရောက်နေတဲ့ ညွှံသည်ချက်တာပါ ... "

"ညွှံသည်က မိန်းကလေးလား ... "

"ဟင့်အင်း အစ်ကို ... ယောကျ်ားလေးပါ ... "

"ကြည့်စမ်း ... ယောကျ်ားလေးက ဒီလောက် အချက်အပြုတ် တော်လှချည်လား ... ငါ့ဆီမှာ ထမင်းချက်ခန့်ရင်ကောင်းမယ် ... "

"ဟာ ... အဲဒါ လေးလေးညွှံသည်ကွ ... ငါ့ကို အလုပ်တမ်ခု ပေးထားပြောလို့ ငါ စဉ်းစားနေတာ ... "

"ဒါဆို ဝပ်ရှော့ပဲပို့ပေါ့ ... ဒီအလုပ်ပဲရှိတာကို ... "

"ကောင်လေးက ဖြူဖြူချောချောလေးကွ ... သိပ်အကြမ်းခံမှာ မဟုတ်ဘူး ... "

"သက်သာတဲ့နေရာမျိုးမှာပဲ ကြည့်ခိုင်းထားနှင့်ကွာ ... လေးကျော်ပြန်လာတော့ ပြောင်းပါစေပေါ့ ... "

"အေး ... ငါလည်း ဒါကိုပဲ စဉ်းစားနေတာ ... ကဲ ... မောင်စိုး၊ သိမ်းသွားတော့ ... ညှော်သည်ကို မင်း ခိုင်းမစားနဲ့နော် ... လေးလေး သိသွားရင် မင်းနာမှာ ..."

"ကျွန်တော် မခိုင်းပါဘူး အစ်ကိုမာန်ရာ ... သူဟာသူပဲ လိုက် လိုက်လုပ်နေတာပါ ... ကျွန်တော်လည်း မလုပ်ဖို့ အတန်တန်ပြောပါ တယ် ... ဒါပေမဲ့ မရပါဘူး ..."

"အေး ... တော်တော်ခေါင်းမာတဲ့ ချာတိတ်ပဲ ... နေနှင့်ဦးပေါ့။ ငါ့အလုပ်ထဲရောက်မှ ငါ့အကြောင်း ကောင်းကောင်းသိမယ် ..."

မောင်စိုးပြန်သွားတော့ သူနှင့် ဧင်မင်း ကားပြင်စာရင်းတွေ တွက်ချက်ရတော့သည်။

♥





## ( ၃ )

မောင်စိုးဖွင့်ပေးသည့် တံခါးမှ ခြံထဲကို ကားမောင်း၍ ဝင်ခဲ့ စဉ် ရှည်လျားနေသည့် မြက်ခင်းပြင်က မြက်ရိတ်စက်ဖြင့် ရိတ်ထား သည့်အတွက် ညီညာလှပနေသည်။ ထိုမြက်ခင်းထောင့်နားမှာ ရေပိုက် ဖြင့် ရေလောင်းနေသည့် ဇော်ကို သူ မြင်နေရ၏။ ဂျင်းဘောင်းဘီကို ဒူးနားရောက်သည်အထိ ခေါက်တင်ထားသည့်အတွက် ခြေသလုံးခပ် သေးသေးကို မြင်နေရသည်။ ရှပ်အင်္ကျီလက်တိုကို လုန်တင်ထားသော ကြောင့် လက်မောင်းသေးသေးလေးက လူပိန်လေးဖြစ်ကြောင်းသိ စေ၏။ သူ ကားပေါ်မှဆင်းကာ မြက်ခင်းပြင်ကို ဖြတ်လျှောက်ခဲ့သည်။

"ဟေ့ ... မင်းကို ဘယ်သူခိုင်းလို့ ဒါတွေလုပ်နေပြန်တာလဲ"

"ကျွန်တော့်အသိစိတ်နဲ့ ကျွန်တော်လုပ်တာပေါ့ဗျ ... ခင်ဗျားခြံ ဒီလောက်တောထနေတဲ့ဟာ ..."

"မင်းကို မခိုင်းဘဲလုပ်စရာလား ... လေးလေးပြန်လာရင် ငါ
ပြောခံရမှာပေါ့ ..."

"ခင်ဗျား ခိုင်းတာမှ မဟုတ်ဘဲ ... အနေသာကြီးပါ ..."

"ကိုမာန်ရေ ... ဇော်ရှိလားဟင် ..."

ခြံတံခါးမှ လှမ်းအော်လိုက်သည့် ချောစုအသံကြောင့် သူ ထိတ်ခနဲဖြစ်သွားပြီး ခြံဝကိုလျှောက်ခဲ့၏။

"ရှိတယ် ချောစု ..."

"အိမ်ကို အလည်ခေါ်သွားချင်လို့ ထည့်လိုက်နော် ကိုမာန်"

"သူနဲ့ ချောစု သိလို့လား ..."

"ဟုတ်ကဲ့ ..."

"ဘယ်တုန်းကသိတာလဲ ..."

"ဒီကို သူ စရောက်ကတည်းက ..."

"ဟာ ... ချောပါလား ..."

"အဟင်း ... ဟုတ်တယ် ... ဇော့်ကိုလာခေါ်တာ ..."

ဇော်က အင်္ကျီလက်ကိုပြန်ချ၍ ရေစိုနေသည့်လက်ကို ခါလိုက်ကာ သူ့ကိုမော့ကြည့်လိုက်သည်။

"အစ်ကို ... ကျွန်တော် ချောနဲ့ ခဏလိုက်သွားဦးမယ်နော်"

သူ ဘာမှပြန်မပြောနိုင်ခင် တံခါးပေါက်အသေးလေးမှ ဇော် ထွက်သွားတော့ ချောက ဇော့်အင်္ကျီလက်ကိုအသာဆွဲလိုက်လေသည်။ ကြည့်စမ်း ... ရောက်တာမှ နှစ်ရက်ပဲရှိသေးတယ်။ ဇော်နဲ့ ချောစုက အတော့်ကို ရင်းနှီးနေပါရောလား။ သူ ရင်တော်ကော်ပူသွားရ၏။ ချော





စုဆိုတာ သူစိတ်ဝင်စားနေသည့် မိန်းကလေး မဟုတ်လား။ ချောစု မျက်လုံးလေးတစ်ချက်ဝင့်ကြည့်လိုက်သည်နှင့် သူ့ အသက်ရှူရပ်မတတ် ရင်တွေဖိုခဲ့ရသည့် အလှမလေးက ခုတော့ဖြင့် ဒီကောင်လေးကို အတော်စိတ်ဝင်စားပုံရနေလေပြီ။

ညှော်ခန်းထဲဝင်လိုက်သည်နှင့် ညှော်ခန်းထဲမှာ လူစုံနေသောကြောင့် ဇော့်ခြေလှမ်းတွေ တုံ့သွား၏။ ချောက ဇော့်လက်ကိုဆွဲ၍ ထိုင်ခုံမှာထိုင်ခိုင်းလိုက်ပါသည်။

"မေမေ ... ဒါ ချောပြောတဲ့ ဇော်လေ ..."

"ဟယ် ... သားလေးက အချောလေးပဲ ..."

"အာ ... အန်တီကလည်း ... မချောပါဘူးဗျ ..."

နားရွက်လေး နီရဲသွားသည်။ ချာဝိတ်လေးကိုကြည့်ရင်း ကိုကို ပြုံးလိုက်သည်။ ညီမလေး စိတ်ဝင်စားနေတာလည်းမပြောနှင့်။ နဂိုကကတည်းက မင်းသားဆိုလည်းချောမှ။ အဆိုတော်ဆိုလည်းချောမှ။ ယုတ်စွအဆုံး အိမ်မှာမွေးထားသည့် ခွေးလေးတွေ ကြောင်လေးတွေကအစ အားလုံးချောမှကြိုက်သည့် ချော မဟုတ်လား။

"ဇော် ... ဒါက ချောရဲ့ဖေဖေနဲ့ မေမေ ... ဒါက ချောရဲ့ တစ်ဦးတည်းသော ကိုကို ..."

"ဟုတ်ကဲ့ ခင်ဗျ၊ အခုလိုသိကျွမ်းရတာ ဝမ်းသာပါတယ် ခင်ဗျာ"

"သားက နယ်ကလာတာဆို ..."

"ဟုတ်ကဲ့ ..."

"ဘာလုပ်မယ်စိတ်ကူးလဲ ... အတန်းပညာကရော ..."

"ကျွန်တော် အဝေးသင်အင်္ဂလိပ်စာ ဒုတိယနှစ်ပါ ... အလုပ်ကတော့ အစ်ကိုထူးမာန်ပေးတဲ့ အလုပ်ပဲလုပ်ရမှာပါ ခင်ဗျ ... "

"ဟာ ... ဘယ်ဖြစ်မလဲ ... ထူးမာန်က ဝပ်ရှော့လုပ်တာ ညီရဲ့၊ ပင်ပန်းမှာပေါ့ ... "

"အေးလေ ... ဟိုဒင်းဖြစ်ရင် ဖေဖေ့ကုမ္ပဏီမှာပဲ တစ်နေရာလောက်ရှာပေးပါလား ဖေဖေ ... "

"ဟို ... မဖြစ်ဘူးခင်ဗျ ... အဘက မှာလိုက်လို့ပါ ... အစ်ကိုထူးမာန်အိမ်မှာပဲ နေရမယ် ... သူခိုင်းတာကိုပဲ လုပ်ရမယ်တဲ့ ... "

"ဟေ ... ဘယ်လိုကြီးတုန်း သားရယ် ... "

"ဟုတ်ကဲ့ ... အဘနဲ့ ဦးကျော်က အရမ်းချစ်ကြတဲ့ ငယ်သူငယ်ချင်းတွေမို့လို့ပါ ... အဘစကားကိုပဲ နားခံရမှာမို့လို့ ကျွန်တော့်အလုပ်အတွက် စိတ်မပူကြပါနဲ့ ခင်ဗျာ ... "

"အင်း ... ထားပါတော့လေ ... မနေ့ညနေက အန်တီ့သမီးကိုလူရမ်းကားနှစ်ယောက် လက်ထဲကကယ်ပေးလို့ သားကို အန်တီတို့ကျေးဇူးအများကြီးတင်ပါတယ် ... "

"ရပါတယ် ... ကြုံလို့ကူညီပေးလိုက်တာပါ အန်တီ ... ကျေးဇူးအတင်ခံချင်လို့ မဟုတ်ပါဘူး ... "

"ဒီလိုလည်း မဟုတ်ဘူးလေ သားရဲ့ ... သမီးရေ ... "

"ဟုတ်ကဲ့ ... မေမေ ... "

ချောက ဗီရိုပေါ်မှ ဘူးနီလေးကိုယူ၍ ဇော့်ထံပြန်လျှောက်လာပြီး ဘူးကိုဖွင့်လိုက်သည်။





"ဒါ ... မကျေးဇူးဆပ်တဲ့သဘောမျိုးနဲ့ သားကိုပေးတာမဟုတ်ဘူးနော် ... အထင်မလွဲစေချင်ဘူး ... လက်ခံပေးပါ ... "

"ဟာ ... မလုပ်ပါနဲ့ ဦးရယ် ... ကျွန်တော် ဘာကိုမှ မမျှော်ကိုးပါဘူး ... "

"မယူလို့မရပါဘူး ဇော်ရယ် ... ဒါ ချောနဲ့ဆင်တူဆွဲကြိုး ဇော်ရဲ့ယူကိုယူရမယ် ... အမှတ်တရပေါ့ ... ချောဆွဲပေးမယ်နော် ... "

ချောက ပြောပြောဆိုဆို ဆွဲကြိုးလေးကို အနောက်မှနေ၍ ဇော့လည်ပင်းမှာ ဆွဲပေးလိုက်သည်။ သနပ်ခါးနံ့သင်းသင်းလေးကို အနီးကပ်ရှူလိုက်ရသဖြင့် အသည်းတွေယားကုန်၏။

"တွေ့လား ... ဒီမှာကြည့် ... ချောမှာလည်း အသည်းပုံလော့ကတ်လေး ... "

ဇော် ခပ်တိုတိုဆံပင်တို့ကို ပွသွားသည်အထိ ကုတ်လိုက်မိ၏။ ဆံပင်တို့က ထောင်သွားရာမှ နဂိုအတိုင်း နေသားတကျ ပြန်ဖြစ်သွားသည်။ ကြည့်စမ်း ... တော်တော်နူးညံ့ပျော့ပျောင်းသည့် ဆံပင်လေးတွေပါလား။ ကိုကို တအံ့တသြဖြစ်နေမိပေပြီ။

"သား အပြင်တွေဘာတွေလျှောက်လည်ချင်ရင် သမီးကိုခေါ်သွားပေါ့ ... သူငယ်ချင်းတွေဖြစ်နေပြီပဲ ... ဪ ... ဒါနဲ့ ထမင်းရောစားပြီးပြီလား ... "

"ဟုတ်ကဲ့ ... "

"ဟင် ... အခုမှ ငါးနာရီထိုးတာ ... ဘယ်အချိန်ကတည်းက စားလိုက်တာလဲ ဇော်ရဲ့ ... "

"အစ်ကို ပြန်မလာခင် ခပ်စောစော စားလိုက်တာပါ ချော ရယ်"

"အဖေကြီးစားတော့ ညပြန်ဆာနေမှာပေါ့ ... လာ ... ချော တို့နဲ့ တစ်ခါထပ်စားရအောင် ..."

"ဟင် ... နေပါစေ ... အားနာစရာကြီး ... ကျွန်တော် မစား တော့ပါဘူး ..."

"အားမနာပါနဲ့ သားရယ် ... သားပဲ ငါးကြိုက်တယ်ဆိုပြီး လာ ပါ ... တစ်ခါတည်းဝင်စားလိုက် ... လာလာ ..."

"လာပါ ဖော်ရယ် ... ငါးနုသန်းအိုးကပ်လေး ကျွေးချင်လွန်းလို့ ပါ ..."

"ဟာ ... ငါးအိုးကပ် ..."

"အင်းလေ ... မကြိုက်ဘူးလား ..."

"အား ... အရမ်းကြိုက်တာဗျ ..."

လူကြီးတွေအားလုံး ဝိုင်းရယ်လိုက်တော့ ဖော်ပါ ရောရယ်လိုက် သဖြင့် လှစ်ခနဲပေါ်သွားသည့် သွားတက်ကလေးကို ကိုကိုမြင်လိုက်ပါ ၏။ ထမင်းစားခန်းထဲမှာ ဝိုင်းစု၍ ထိုင်လိုက်တော့ ဖော်က ထောင့်ချိုး ခုံမှာ ထိုင်သည်မို့ ဖော့်ဘယ်ဘက်မှာ ချောထိုင်ပြီး ညာဘက်မှာ ကိုကို ဝင်ထိုင်လိုက်လေသည်။

"ထည့်စားနော် သား ... အားမနာနဲ့ ..."

"ဟုတ်ကဲ့ ..."

"ဒီမှာ ငါးခေါင်းဟင်းချိုနော် ... ရော့ ... ဝက်သားဆီပြန် ...





ဒါ ငါးကြော်နှပ် ... ဒီမှာ ပလောင်တောင်မွှေးကြော် ... ဒါက ဖော့် အကြိုက် ငါးအိုးကပ် ..."

ချောက တစ်မျိုးပြီးတစ်မျိုး ထည့်ပေးနေ၍ ဖော့်မှာ အားနာ ားနာဖြင့် မျက်နှာလေးတစ်မျိုးဖြစ်နေစဉ် ကိုကိုက အနီးဆုံးမှာရှိသည့် သရက်ချဉ်သုပ်တစ်ဇွန်းကို ခပ်ကာ ထည့်ပေးလိုက်ပါ၏။ ဖော် ကိုကို့ကို တစ်ချက်မော့ကြည့်လိုက်သည်။

"ကြိုက်ရဲ့လား ..."

"ဟုတ်ကဲ့ ကိုကို ... ကြိုက်ပါတယ် ..."

ဖော့်နှုတ်မှ ကိုကိုဟု ခေါ်သံလေးထွက်လာသည့်အတွက် ကိုကို ပြုံးလိုက်မိသည်။ ထမင်းစားပြီးသွားတော့ လက်ဖက်သုပ်ဖြင့် အချိုတည်းစေ၏။

"ဟင်း ... မဆာပေလို့ပဲနော် ဇော် ... နှစ်ပန်းကန်အသာလေး ပါလား ..."

"ဟဲဟဲ ... ကျွန်တော်က ပေါသားဆိုတော့ အစားကြီးတယ် ချောရဲ့ ... ဒါကြောင့် သူများအိမ်မှာ ဧည့်သည်သွားမလုပ်ချင်တာ"

"အမလေး သားရယ် ... ဘာမှမဖြစ်ဘူး ... ကြုံသလိုသာလာ စားချေ ..."

ဖော် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ မိုးနည်းနည်းချုပ် မှ ထပြန်တော့ သူက အိပ်နှင့်နေလေပြီ။

♥

## ၄

"မောင်စိုး ... ဟောကောင် မောင်စိုး ... ငါခေါ်နေတာ မကြားဘူးလား ... "

"လာပါပြီ အစ်ကိုမာန် ... လာပါပြီ ... "

တစ်ဘက်ခန်းမှ သူ့အသံကြောင့် အကျီကြယ်သီးတပ်နေရာမှ ဇော် နှာခေါင်းရှုံ့လိုက်မိသည်။ ဒေါသဂုဏ်မှာန်ကတော့ စောစောစီးစီး ထကြွးဝါးနေပြန်ပြီ။

"ဒီမှာကြည့်စမ်း ... ငါ့ရှပ်အဖြူတွေ အကုန်လုံးပြာပါရောလား၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ ... "

"ဟို ... ဟို ... "

ဇော် မျက်လုံးနှစ်ဖက် မြင့်သွားရ၏။ ဘောင်းဘီခါးပတ်ကို ခပ်





သွက်သွက်ပတ်လိုက်ပြီး အခန်းပြင်သို့ ထွက်လိုက်သည်။

"မင်း ... မဲနယ်ဆွတ်တာ ငါမကြိုက်မှန်းသိရဲ့သားနဲ့ ... "

"မဟုတ်ဘူး ... ကျွန်တော် မဟုတ်ပါဘူး ... "

"မင်းမလုပ်ရင် ဘယ်သူလာလုပ်မှာလဲကွ ... "

ခပ်ဟဟတံခါးကို အသာဖွင့်၍ ဇော် လှမ်းကြည့်လိုက်တော့ ဗီရိုတံခါးကြီးဖွင့်ကာ ခုတင်ပေါ်မှာ အကျီတစ်ထပ်တင်၍ အခုထိ အကျီမဝတ်ရသေးသည့် သူ့ကိုမြင်ရလေ၏။

"ကျွန်တော် လုပ်ပေးတာဗျ ... "

"ဟာ ... ကျွတ် ... မင်း လုပ်လိုက်ပြန်ပြီ ... အဲဒါ မင်းနဲ့ဆိုင်သလားကွ ... "

"အကျီအဖြူဆိုတာ မဲနယ်ဆွတ်မှ ဖွေးတာဗျ ... အစ်ကို့အကျီဖြူတွေက မဲနယ်ဆွတ်လေ့မရှိတော့ ဝါညစ်ညစ်ကြီးတွေဖြစ်နေတာပေါ့ ... "

"မင်း မဆိုင်တာတွေ လိုက်မလုပ်နဲ့လေ ... ကိုယ့်ဟာကိုယ် အေးအေးမနေတတ်ဘူးလား ... "

"ဟာ ... ကိုမောင်စိုး လျှော်တာ မစင်လို့ ကျွန်တော်ပြန်လျှော်ပေးတာလေ ... စေတနာကို မစော်ကားပါနဲ့ဗျ ... "

"မင်း စေတနာတွေက ငါ့အတွက် အလကားပဲကွ ... ငါနော်၊ ဘောက် ... "

သူက ဗီရိုထဲမှ စပို့ရှပ်အဖြူတစ်ထည်ကိုသာယူ၍ ဝတ်လိုက်တော့သည်။

"အစ်ကိုမာန် ... ဒါတွေပြန်ထည့် ... "

"ပြန်လျှော်ပစ်လိုက် ... "

သူက ဖိုင်ကိုယူ၍ အပြင်ထွက်လာတော့ အပေါက်ဝမှာရပ်နေလျက် ဇော်က ပြောလိုက်၏။

"ကျွန်တော့်ကို အလုပ်မပေးဒေသးဘူးလား ... "

"ဘာလုပ်မလို့လဲ ... နားပါလို့ ပြောထားတာကို ... "

"အာ ... ကျွန်တော် သူများလုပ်စာ အလကားထိုင်မစားတတ်ဘူး ... အလုပ်မြန်မြန်ပေးတော့ ... "

"တောက် ... နားညည်းလိုက်တာ ... အေး ... မနက်ဖြန်ကျလိုက်ခဲ့ ... ဒီနေ့တော့နား ... မောင်စိုး ... နေ့လယ်ထမင်းချိုင့်လာမပို့နဲ့ ... ငါ ဒီနေ့ မိတ်ဆွေတွေနဲ့ စားသောက်ဆိုင်မှာစားဖို့ ချိန်းထားတယ် ... "

"ဟာ ... ပိုက်ဆံတွေကုန်မှာပေ့ါ ... "

"အဲဒါ မင်းအပူပါလားကွ ... "

"ကျွန်တော်က စေတနာနဲ့ ... "

"လာပြန်ပြီ ... ဒီစေတနာ ... မင်း တခြားလူတွေအပေါ်မှာပဲထား ... ငါ့အပေါ်လာမထားနဲ့ ... ပေးပိုချင်ဘူး ... ဒါပဲ ... "

ဟင် ... ဘလိုင်းကြီးစွတ်ကောနေတာပဲ ... မောင်စိုးက ရှပ်အင်္ကျီထပ်ကို မ,လိုက်တော့ ဇော် အမြန်တားလိုက်ရ၏။

"ကိုမောင်စိုး ... မလျှော်နဲ့ ... ဗီရိုထဲအသာပြန်ထည့်ထားလိုက်"

"ဟာ ... အစ်ကိုလေးရာ ... တော်ကြာ ကျွန်တော့်ကို"





"လုပ်ပါ ... ကျွန်တော်ပြောတဲ့အတိုင်းသာလုပ် ... ဘာမှမဖြစ်ဘူး ... "

လသာဆောင်ပေါ်မှ ငုံ့ကြည့်လိုက်တော့ ဖွင့်ထားသည့် ခြံတံခါး[illegible]စ်ဆင့် သူ့ကားထွက်သွားလေ[illegible]၊ မောင်စိုးက ခြံတံခါးကို သွားပိတ်လို[illegible]သည်။ သစ်ပင်များ[illegible]မှ ငှက်ကလေးတွေက ကျလိကျလိဖြင့်အသံစုံမြ[illegible] ဇော် အောက်ထပ်[illegible]သို့ ဆင်းလာခဲ့သည်။ ဇော့်အပြ[illegible]သသဖြင့် မောင်စိုးက ထမင်းပို့ချက်ထားသောကြောင့် ထမင်းကြမ်းကို ဆီနည်းနည်းဖြင့် အသာလှိမ့်လိုက်ပြီး ငါးပိရည်နှင့် ပူပူနွေးနွေးလေး စားလိုက်ပါ၏။ ထို့နောက် ဆန်ပုံးထဲမှ ဆန်နည်းနည်းနှိုက်ကာ မြက်ခင်းပြင်မှာ လင်ပန်းလေးဖြင့် ခပ်ကျဲကျဲလေးထည့်ထားလိုက်ပါသည်။

"အဲဒါဘာလုပ်တာလဲ အစ်ကိုလေးရဲ့ ... "

"ငှက်စာကျွေးတာလေ ... မကြားဘူးလား ... အစာတောင်းနေကြတာ ... သနားပါတယ် ... အိမ်မရှိဘာမရှိ ... ဩော် ... ဒါနဲ့ သစ်သားအတိုအစလေးတွေ ဘာတွေမရှိဘူးလား ... "

"ရှိတာပေ့ါ ... စတိုခန်းထဲမှာ ... လာကြည့်လေ ... "

ကားဂိုထောင်အနောက်ဘက်အခန်းကို ဖွင့်လိုက်တော့ သံုးထပ်သား၊ သစ်သား၊ သံချောင်း၊ ထင်းရှူးပုံး၊ ကားတာယာအဟောင်း၊ သံပုံး စသည် စသည်တို့ကို ဖြတ်စဖျင်းတောင်းမြင်လိုက်ရလေ၏။

"ဟာ ... မြွေတော့ ဝင်ခွေနေတော့မှာပဲ ... နည်းနည်းပါးပါးရှင်းဘူးလား ကိုမောင်စိုးရာ ... "

"ရှင်းတော့ရှင်းတာပဲ အစ်ကိုလေးရဲ့ ..."

"အဲဒါရှင်းထားတာလားဗျ ... ကဲလာ ... ကျွန်တော်နဲ့အတူ ရှင်းမယ် ... အုန်းတံမြက်စည်းအရှည်ယူလာခဲ့ ..."

"ဟုတ်ကဲ့ ..."

ဇော်က ဦးဆောင်လျက် ပစ္စည်းတွေကို စင်လုပ်၍ သေသပ်စွာ စီရီတင်ထားလိုက်ပါ၏။ ခဏလေးအတွင်းမှာ စတိုခန်းလေးက နေချင်စဖွယ် သန့်ရှင်းသွားလေသည်။ ဇော်က သံခွက်ထဲတူထည့်ကာ လွှနှင့် သစ်သားအနည်းငယ် သုံးထပ်သားအနည်းငယ်ကိုယူ၍ တခုန်းခုန်း တဒိုင်းဒိုင်းဖြင့် ထုရိုက်နေတော့၏။

"ကိုမောင်စိုးရေ ..."

"ဟော ချောအသံပဲ ... ကံခါးသွားဖွင့်ပေးလိုက်ဦး ကိုမောင်စိုး"

"ဟုတ်ကဲ့ ..."

မောင်စိုးထွက်သွားပြီး မကြာမီ သနပ်ခါးနံ့သင်းသင်းလေးနှင့်အတူ ချောက သူ့နားသို့ ရောက်လာလေ၏။

"ဇော် ... ဘာလုပ်နေတာလဲဟင် ..."

"ငှက်အိမ် ..."

"ဟယ် ... ပေါက်ပေါက်ရှာရှာ ..."

"ပေါက်ပေါက်ရှာရှာ မဟုတ်ပါဘူး ချောရဲ့ ... တကယ်လုပ်နေတာပါ ... ကျွန်တော်တို့အိမ်မှာဆို ငှက်အိမ်လေးတွေက နေရာအနှံ့ပဲ၊ သူတို့မှာ မိုးထဲလေထဲနေစရာမရှိတာ ဘယ်လောက်သနားစရာကောင်းလိုက်သလဲ ..."





"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ဒါနဲ့ ဒီဝိုင်းဝိုင်းလေးက ဘာလုပ်ဖို့လဲ ..."

"ရစ်ဘီး ..."

"ဟင် ... ဘာလဲ ..."

"စွန်လွှတ်တဲ့ ရစ်ဘီးလေ ... မမြင်ဖူးဘူးလား ..."

"ဟယ် ... ဟုတ်လား ... ဇော်လုပ်တတ်တယ် ..."

"ဒါပေါ့ ... ညနေကျရင် ဆော့ကြရအောင် ... ခြံထဲကို လာခဲ့သိလား ..."

"လာမှာပေါ့ ..."

အားလုံးပြီးစီးသွားတော့ နိုင်လွန်ကြိုးနှင့် လိုအပ်တာများဝယ်ရန်ဇော်နှင့် ချော ဈေးဘက်ထွက်ခဲ့ကြသည်။ နိုင်လွန်ကြိုးနှစ်ခွေ မှန်စာကြိုးကိုက်ထိုးနှင့် ဆီစိမ်နှင့် စွန်(၁၀)ခုဝယ်၍ ပြန်လာခဲ့၏။ အရင်ဆုံး ငှက်အိမ်ကလေးတွေကို နိုင်လွန်ကြိုးဖြင့် သစ်ကိုင်းတွေ ကားဂိုထောင် တံစက်မြိတ်တွေမှာ လိုက်ချိတ်သည်။ ရစ်ဘီးကို ဆေးသုတ်၍ နေလှန်းထား၏။ ဆေးခြောက်သွားမှ မှန်စာကြိုးကို စိတ်ရှည်လက်ရှည် ရစ်ထားလိုက်သည်။

"ကိုမောင်စိုး ... ဒီမနက်ဘာရှိလဲ ..."

"အစ်ကိုမာန်စားတဲ့ ဟင်းတွေပဲရှိတာပေါ့ ..."

"ဘာတွေလဲ ..."

"ကြက်သားပြုတ်ကြော်နဲ့ ..."

"တော်ပြီ ... တော်ပြီ ... ကျွန်တော့်ဟာ ကျွန်တော်ရှာကြံပြီး

ချက်စားတော့မယ် ... ညနေ ကျွန်တော် ဝင်ချက်မှာနော် ... ”

“အာ ... အစ်ကိုလေးရာ ... ”

“လုပ်မနေပါနဲ့ ကိုမောင်စိုးရာ ... ကိုမောင်စိုးပဲ ကျွန်တော့်လက်ရာကို အစ်ကိုကြိုက်လို့ ထမင်းအများကြီးစားတယ်ဆို ... ပြောတော့ဖြင့် ပါးစပ်က ပွစိပွစိနဲ့ ပြီးတော့လည်း အဖျားရှူးသွားတာပဲ ... သူ့အကြောင်း တဖြည်းဖြည်းနဲ့ သိလာပါပြီ ... ”

“ကိုမာန်နဲ့ ဇော် မတည့်ကြဘူးလား ... ”

“ဘယ်တည့်မှာလဲ ... ထစ်ခနဲရှိ ဆောင့်အော်ဖို့ပဲသိတယ် ... နည်းနည်းလေးမှ သည်းခံစိတ်မရှိဘူး ... မနေ့ကဆို ကျွန်တော် ငါးချက်တာ အနံ့ရလို့ဆိုပြီး မျက်လုံးကြီးပြူး ... ဇွေ့ဇွေ့ခုန်တာများ ချောကို မြင်စေချင်တယ် ... ဟား ... ဟား ... ဟား ... ရယ်စရာကြီးဗျာ”

“ဇော်နော် ... ကိုယ့်ထက်အကြီးကို ... ”

“တကယ်ပြောတာ ချောရဲ့ ... ဟင်းဟင်း ... သူ့ရုပ်က ခန့်ရဲ့သားနဲ့ အမြဲ မျက်မှောင်ကြုတ် သုန်မှုန်နေတာ စိတ်ရှုပ်စရာကြီး ... တစ်ခါမှ ကြည်ကြည်လင်လင်လေး ရယ်မောတယ် မရှိဘူး ... လူ့ဗွစာကြီး ... ”

“ဇော်နော် ... ကိုမောင်စိုး ပြန်တိုင်မှ ဟုတ်ပေ့ဖြစ်နေမှာ”

“တိုင်ချင်တိုင်ပေ့ါ ... ဂရုမစိုက်ပေါင် ... ”

ဇော် ခြံထောင့်မြေကျင်းလေးမှာ ထင်းမီးဖိုလေးမွှေးပြီး ငါးရဲ့ ခေါက်နှင့် ဆတ်သားခြောက်တွေကို မီးဖုတ်၏။ မီးဖိုလက်စဖြင့် ရေနွေးဆက်တည်ကာ ဓာတ်ဘူးထဲဖြည့်သည်။ ပိုသည့်ရေနွေးကို ကြွေ





ပန်းကန်ပဲထည့်ကာ ကြက်သွန်နီပါးပါးလှီးထည့်၊ သံပုရာရည်ညှစ်ထည့် အချိုမှုန့် ဆားခတ်ကာ ရှောက်ရွက်ပါးပါးလှီးဖြူး၍ လုံအောင်အုပ်ထားလိုက်သည်။

“ဟင် ... အဲဒါဘာဟင်းလဲ ... ”

“၁၅မိနစ် ဟင်းချိုလေ ချောရဲ့ ... မသိရင်မှတ်ထား ... ဂဲ ... လာ ... ကြောင်အိမ်ထဲမှာ ငါးကြော်ရှိသေးတယ် ... ထမင်းသွားစားရအောင် ... ”

“ချောက အိမ်မှာလိုက်စားဖို့ လာခေါ်တာ ဇော်ရဲ့ ... ”

“ညနေမှပဲ စားမယ်လေ ... အခု ကျွန်တော်နဲ့ အတူစားသွား၊ ကိုမောင်စိုးရေ ... ထမင်းခူးဗျို့ ... ချောလည်းစားမှာ ... ”

ထမင်းစားခန်းမှာမစားဘဲ မီးဖိုခန်းထဲမှာပင် စားပွဲဝိုင်းလေးချ၍ ခွေးခြေသုံးလုံးချလိုက်သည်။ ကြောင်အိမ်ထဲမှ ငါးကြော်ပန်းကန်ကို ထုတ်လိုက်၏။ ခရမ်းချဉ်သီးကို ပုစွန်ခြောက်၊ ငါးပိနှင့်အတူ မောင်စိုးကို ပြုတ်နိုင်းထားသည့် ဘဲဥများထဲမှ တစ်လုံးနှိုက်၍ ပါးပါးလှီးထည့်ကာ နံနံပင်ရိတ်ရိတ်လှီးကာ သုပ်လိုက်သည်။ ငါးရဲ့ခြောက်နှင့် ဆတ်သားခြောက်ကိုထု၍ ဆားနည်းနည်းလူးကာ ဆီဆမ်းလိုက်သည်။ တစ်ဝက်စီကို ပုလင်းလွတ်တစ်လုံးစီမှာ ထည့်လိုက်၏။ ကျန်တစ်ဝက်ကို ပန်းကန်ပြားထဲမှာ ထည့်လိုက်သည်။ ခဏလေးဖြင့် ထမင်းဝိုင်းလေးမှာ ဖွယ်ဖွယ်ရာရာလေးဖြစ်သွားလေ၏။

“ဒါက ညနေစွှန့်လွှတ်ရင်းစားဖို့ ဖယ်ထားတာနော် ချော ... မကျွေးချင်လို့ မဟုတ်ပါဘူး ... အထင်မလွဲပါနဲ့နော် ... ”

"ရပါတယ် ဇော်ရယ် ... ဒီမှာ ဒီလောက်ဟင်းတွေ စုံနေပြီဟာ၊ မွှေးလိုက်တာနော် ... ချောတောင် ဗိုက်ဆာလာပြီ ... "

"စားမယ်လေ ... လာ ... လက်နဲ့ပဲစားဖို့ လက်လာဆေး ... ကိုမောင်စိုး ... မညစ်ပတ်နဲ့လေ ... ဆပ်ပြာနဲ့ လက်ကို သေချာဆေးပြီးမှ စားပါဗျ ... "

ငါးပိချက်ခွက်နဲ့ အတို့အမြှုပ်လေးများပါ၊ ပါသဖြင့် သုံးယောက်သား ထမင်းကို မြိန်မြိန်ကြီးစားလိုက်ကြလေ၏။ ချောက တအောင့်နေပြီးမှ ပြန်သွားတော့သည်။ ဇော် ညနေစာအတွက် စီစဉ်ပေး၏။ ရေခဲသေတ္တာထဲမှ ကြက်တစ်ခြမ်းကို စပါးလင်နှင့် ဂျင်းထည့်၍ နူးအောင်ပြုတ်ထားလိုက်၏။ ဘဲဥပြုတ်ကို ဆီပြန်ချက်လိုက်ပါသည်။ ဆန်ကြာဆံကို ရေဖြင့် စိမ်ထားလိုက်ပြီး ဖလောင်တောင်မွှေးကို အနုလေးရသည်အထိ နွှာထားလိုက်၏။ ကြက်သားနူးတော့ ကြက်ကို ပန်းကန်ထဲဆယ်ထည့်ပြီး ကြက်ပြုတ်ရည်ထဲသို့ ကြာဆံထည့်၏။ ဂေါ်ဖီထုပ်ကို နည်းနည်းထူထူလှီးထည့်ကာ အချိုအငံမြည်း၍ လိုအပ်တာထည့်သည်။ ပလောင်တောင်မွှေးကို ပုစွန်ခြောက်ဆီရွှဲရွှဲအိအိလေးကြော်လိုက်၏။ ကြက်သားကို အမျှင်လေးများရသည်အထိနွှင်ကာ ကြက်သွန်နီရှောက်ရွက်ငရုတ်သီးစိမ်းတို့ကို ပါးပါးလှီး၍ သုပ်ရန်အဆင်သင့်ပြင်ထားလိုက်ပါသည်။

"ကိုမောင်စိုးရေ ... "

"ဗျာ ... အစ်ကိုလေး ... "

"ဒီမှာ ... ဓာလာကြည့်ဦး ... "





မောင်စိုး ထမင်းစားခန်းထဲရောက်တော့ စားပွဲပေါ်မှာ ဟင်းပန်းကန်တွေက အဆင်သင့်ပြင်ဆင်ပြီးနေလေပြီ။

"ဒီမှာ ... အစ်ကိုပြန်လာရင် ဟင်းချိုအိုးကို ခလုတ်ဖွင့်ထားပြီးရင် ဒီကြက်သားသုပ်ပန်းကန်ထဲက သံပုရာသီးစိတ်ကို ညှစ်ထည့်ပြီး နယ်လိုက် ... ကျွန်ုပ်တော် အကုန်ထည့်ပြီးသားနော် ... လက်သေချာဆေးပြီးမှသုပ်ပေး ... ပြီးမှ ဟင်းချိုကို ပန်းကန်လုံးထဲထည့်ပေး ... အခု လေးနာရီခွဲပြီ ... ထမင်းအိုးတည်တော့ ... အစ်ကို ပူပူလေးစားပါစေ ... "

"ဟုတ်ကဲ့ ... "

ဇော် အပေါ်ပြန်တက်၍ ရေချိုးအဝတ်အစားလဲပြီး ပြန်ဆင်းလာတော့ ခြံထဲမှာ ချောက ရောက်နေလေပြီ။ စားပွဲခုံ လေးထောင့်လေးကို မြက်ခင်းစပ်မှာချ၍ ရေနွေးကရားတစ်အိုး၊ အကြမ်းပန်းကန်၊ လုံးသုံးလုံးနှင့်အတူ ငါးရံ့ခြောက်နှင့် ဆိတ်သားခြောက်ဆီဆမ်းကို ပန်းကန်တစ်ချပ်ထဲမှာထည့်လျက် စားပွဲပေါ်တင်ထားလိုက်သည်။ ခွန်ကို သေချာကြိုးချည်၍ ချောကိုထိုးခိုင်းရပါ၏။

"ဒီလိုလေးကိုင်ပြီး မြှောက်လွှတ်ရုံပဲနော် ... သိလား ချော ... နေဦး ... ကျွန်တော် လေကြောရှာကြည့်ဦးမယ် ... "

သဲတစ်ဆုပ်ယူ၍ဖြူးကာ လေကြောရှာကြည့်ပြီး ချောကို ခွန်ထိုးခိုင်းလိုက်၏။ ညနေစောင်းမို့ လေက ခပ်ကြမ်းကြမ်းလေးတိုက်သဖြင့် ခွန်က အပေါ်သို့ ချက်ချင်းရောက်သွားလေသည်။ လေပေါ်မှာ ဟိုဒီယိမ်း၍ငြိမ်နေစဉ် ချောကို ရစ်ဘီးကိုင်ခိုင်းလိုက်၏။

"လက်ကို ဒီလိုထား … မဟုတ်ဘူး … ဖွဖွလေးကိုင်လေ"

"ဟင်းဟင်း … ရင်တုန်လိုက်တာနော် … "

"ဟော … လျှော့လျှော့ … လက်ကို ပက်လက်လှန်လိုက်… အင်း … ဟုတ်ပြီ … ပြန်ဆွဲပြန်ဆွဲ … လက်ညှိုးနဲ့ရစ် … ဟာ … ဟိုးဘက်က ငွန်တစ်ကောင် တက်လာပါရောလား … "

"ဟယ် … ဟုတ်တယ် … သူက ထိပ်လုံးအနီလေးတော့"

"ပေးလေချော … ငွန် Fighting ပွဲစပြီ … "

ချောက ကလေးလေးလို ခုန်ဆွခုန်ဆွလေးဖြစ်နေ၏။ ဇော်က သူ့ငွန်အနီးရောက်လာသည့် ငွန်ကို ကြိုးလျှော့၍ အကပ်ခံလိုက်သည်။ ဟိုဘက်ငွန် တော်တော်နီးလာတော့မှ ဝိုက်၍ပတ်ကာ ခပ်ကြမ်းကြမ်းလေးဆွဲလိုက်လေ၏။ လေထဲမှာပင် တစ်ဖက်ငွန်လေးကြိုးပြတ်ကာ လွင့်ပျံသွားတော့သည်။

"ဟေး … "

"ရှီ … "

ချောစုက လက်ခုပ်လက်ဝါးတီးဖြင့် ဇော်က လေချွန်လိုက်သည်ကို ခြံတံခါးအပြင်မှ သူတွေ့နေရသည်။ ဘာတွေလုပ်နေကြပြန်လဲ မသိ။

"တီတီ … "

"ဟော … ကိုမာန်ပြန်လာပြီ … နေနေ … ချောပဲ ဖွင့်ပေးလိုက်မယ် … "

ဇော်က ငွန်ပြန်သိမ်းရန် အရှိန်ယူနေသဖြင့် ရစ်ဘီးကိုမချအားတော့။ ကားပေါ်မှ စွေစောင်းစောင်းကြည့်လိုက်သည့် သူ့ကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး အာရုံကို ငွန်ဆီပြန်ပို့လိုက်သည်။





သူ အိမ်ထဲဝင်ခဲ့ပြီး စိတ်က အလိုလိုတိုနေ၏။ ကြည့်ပါဦး …။ ဇော်နှင့်ချောက မြက်ခင်းပြင်မှာ ရေနွေးကြမ်းတစ်အိုးနှင့် ဘာတွေထိုင်စားနေကြသည်မသိ။ တော်တော်အကြည်စိုက်နေကြလေသည်။

"တောက် … မောင်စိုး … မောင်စိုး … "

"ဗျာ … အစ်ကိုမာန် … လာပါပြီ … "

"မင်း ဘာလုပ်နေလဲ … ဒီအချိန် ခြံတံခါးဖွင့်ထားရမှာ နားမလည်ဘူးလားကွ … "

"ဟို … ကျွန်တော် ဟင်းအိုးနွေးနေလို့ပါ … "

"ပြောလိုက်ရင် ဆင်ခြေတက်ဖို့ပဲသိတယ် … ဟောနေမှ ငါစားမှာ … ဟိုကောင်စားပြီးပြီလား … "

"ဟင့်အင်း … "

"ဒီအချိန်အထိမစားသေးဘူးလား … အခုပဲ (၆)နာရီကျော်နေပြီ … "

"သူက မချောစုတို့အိမ်သွားစားမှာတဲ့ … "

"ကျွတ် … လုပ်ပြန်ပြီ … သူများအိမ်မှာ အားမနာ လျှာမကျိုး၊ မစားရဘူးလို့သွားပြော … အိမ်မှာပဲစားလို့ သေချာပြောခဲ့ … သွား"

"ဟုတ်ကဲ့ … "

မောင်စိုးထွက်လာပြီး မကြာမီ အိမ်ထဲသို့ ဇော်ဇော် ဝင်လာခဲ့၏။ သူ ရေချိုးနေသည့် အပေါ်ထပ်ကို လိုက်တက်လာမှသည်။ တံခါးဖွင့်၍ ထွက်လာတော့ အပေါက်ဝမှာ ရပ်နေသည့် ဇော့်ကို သူ မြင်လိုက်ရ၏။

"အစ်ကို … ကျွန်တော် ဒီညနေ ချောအိမ်မှာ ထမင်းစားဖို့ ကတိပေးပြီးသွားပြီ … "

"မစားရဘူး ... မင်း ဘယ်လိုကောင်လဲကွ ... ရောက်တာမှ ဘာမှမကြာသေးဘူး ... ကောင်မလေးအိမ်ကို ဝင်ထွက်စားသောက်နေတာ မရှက်ဘူးလား ... "

"သူ့မိသားစုနဲ့ ကျွန်တော်နဲ့ ရင်းနှီးနေတာကို ... "

"ရင်းနှီးနီး မရင်းနှီးနှီး ... မစားရဘူး ... ဒီမှာ ငါ့ကိုကြည့် ... ငါ့စကားကို မင်းနားမထောင်ရင် ဘယ်လိုလုပ်ပြီး မင်းကို ငါ အလုပ်ပေးလို့ရမှာလဲကွ ... အလုပ်ရုံထဲမှာ ဒီလိုတစ်ခွန်းမကျန်ပြန်ခံပက်နေရင် သွားရောပဲ ... "

ရှုတည်တည်ဖြင့် ပြန်ကြည့်နေသည့် ချာတိတ်ကို သူ ခါးထောက်၍ စိုက်ကြည့်လိုက်တော့ ချာတိတ်က မျက်လွှာကို အသာချလိုက်၏။

"ကျွန်တော် ... အစ်ကို့စကားကို နားထောင်မှာပါ ... "

"အေး ... ဒါဆို ဟိုကောင်မလေးနဲ့ သိပ်မရောနဲ့ ... ငါမကြိုက်ဘူး ... လာ ... ထမင်းသွားစားမယ် ... "

ဘာမှမဆိုင်ဘဲ အသားလွှတ်အူတိုနေသည့် သူ့ကို ဒေါ်ရယ်ချင်သွားရ၏။ ဟာယ့်နှယ် ... ချောနှင့် အရောဝင်တာ မကြိုက်ရင် သူလည်း ရောပေါ့။ ချောက အစ ... တည်းက သူနှင့် ရင်းနှီးပြီးသားဟာကိုများ၊ စိတ်ပုပ်ကြီး။ ကေန်န ဒီလူကြီး ချောအပေါ်မှာ မရိုးသားဘူးထင်ပါရဲ့။ ဒေါ် အသံတိတ်ရယ်လိုက်မိပြီး ဒီလူကြီးကို နိုင်ကွက်တစ်ကွက်ရသွားသဖြင့် ကျေနပ်သွားတော့၏။





## ၅

ညနေခန်းမှာ စစ်အင်္ကျီအဟောင်းပွပွကြီးနှင့် ဂျင်းဘောင်းဘီဖွာစုတ်စုတ်ဝတ်ကာ ထိုင်စောင့်နေသည့် ချာတိတ်ကို သူ အံ့သြသွားရသည်။

"ဒါက ဘာပုံကြီးလဲကွ ... "

"အလုပ်ဆင်းမယ်လေ ... "

"ဟာ ... ဟိုရောက်မှလဲပါလားဟ ... "

"ဘာလဲ ... အစ်ကို့ကားပေါ် စုတ်စုတ်ပြတ်ပြတ် မလိုက်စေချင်လည်း ကျွန်တော် လိုင်းကားစီးပြီးလိုက်ခဲ့မယ်၊ အစ်ကိုသွားနှင့်တော့"

"ကျွတ် ... မဟုတ်ပါဘူး ... လိုက်ခဲ့ပါ ... "

မောင်စိုးကမ်းပေးသည့် ခြင်းတောင်းကိုလှမ်းယူ၍ကားနောက်

ဖုံးထဲထည့်လိုက်၏။ ထို့နောက် သူနှင့်အတူ ရှေ့ခန်းမှာပင် တက်ထိုင်လိုက်ပါသည်။ ကားစက်ကိုနှိုးလိုက်ရင်း ချာတိတ်ထံမှ အနံ့သင်းသင်းလေးကို ရလိုက်၏။ ဘာတွေဆွတ်လာပြန်ပါလိမ့်။ အလုပ်ရုံထဲ ကားကိုချိုးလိုက်တော့ သူငယ်ချင်းဇင်မင်းက အလုပ်ရှုပ်နေရာမှ လှမ်းလာ၏။

"ဒါ ... ငါပြောတဲ့ ဖိုးဇော်ပဲ ... ဒါ ငါ့သူငယ်ချင်း စက်ဆရာ ဇင်မင်းတဲ့ ... "

ဇင်မင်း ချာတိတ်ကိုကြည့်၍ အံ့သြသွားမိသည်။ ချာတိတ်က ဇင်မင်းကို ဂျစ်ကန်ကန်ပြန်ကြည့်လိုက်၏။

"သူကို ညိုမောင့်လက်ထဲတန်းထည့်မှာလား ဇင်မင်း ... "

"ဟော့အေး ... ငါပဲ စသင်ပေးမယ် လူးမာန် ... ရတယ် .. လာ ဖိုးဇော် ... "

ဇော် ဇင်မင်းနောက်က အသာလိုက်ခဲ့၏။ ကွန်ကရစ်ကုန်းမို့လုပ်ထားသည့်အပေါ်မှာ ကားတစ်စီးတင်ရပ်ထားသည်။ ဇင်မင်းက ရေပိုက်ကိုဖွင့်လိုက်၏။

"မင်းပုံစွဲ့စွဲ့လေးနဲ့ အလုပ်မှာ တစ်ပတ်တောင်ခံနိုင်ပါ့မလား ဖိုးဇော် ... "

"စမ်းကြည့်ပါ ဆရာ ... ကျွန်တော်က ဝိန်ပေမဲ့ မာပါတယ်ဗျ"

"အေး ... စောင့်ကြည့်ရတာပေါ့ ... နေဦး ... ငါ့ကို ဆရာလို့ မခေါ်နဲ့ ... ကိုမင်းလို့ပဲခေါ်ပါကွ ... "

"ဟုတ်ကဲ့ ... "

"ကဲ ... ဒီကားကို ဟောဒီလိုရေဆေး ... ပြီးရင် ဆပ်ပြာရည်နဲ့





သေချာတိုက် ... ပြီးရင် ဧရနဲ့သေချာပြန်ဆေး ... ဘီးကြားထဲက ရွှံ့တွေကို ဘရပ်ရှ်နဲ့ဖိတိုက် ... တွေ့လား ... "

"ဟုတ်ကဲ့ ... "

"ကဲ ... ဆက်လုပ်ထားနှင့် ... "

ဇင်မင်းက ကားပြင်သည့်ဖက်ကို ပြန်လှည့်သွားလေ၏။ ဇင်မင်းပြထားသည့်အတိုင်း ဇော် ကားကို ခပ်သွက်သွက်လေး ဆေးလိုက်ပါသည်။ တစ်စီးပြီးသွားတော့ ကားကို မောင်းထွက်သွားပြီး နောက်တစ်စီး ထပ်တင်ပေးသဖြင့် ဇော် ဆက်ဆေးလိုက်၏။

နေ့လယ်ထမင်းစား တအောင့်နားတော့ လက်ကို သေချာဆေးပြီး သူနှင့် ကိုမင်းအတွက် ထမင်းပွဲအရင်ပြင်ပေးလိုက်သည်။ သူတို့စားပြီး အပြင်ကိုထွက်သွားတော့ ဇော် ကော်တမ်လုံးချိုင့်လေးကိုယူ၍ သစ်ပင်ရိပ်အောက်မှာ ဖင်ထိုင်ချကာ စားနေလိုက်၏။ အုတ်ခုံလေးပေါ်တင်ထားသည့် ဟင်းပန်းကန်လုံးလေးကို လက်တစ်ဖက်က လာနိုက်လေသည်။

"ဒါ ... ဘာလုပ်တာလဲဗျ ... "

"မြည်းတာလေကွာ ... "

နှုတ်ခမ်းမွှေးကားကား ဆံပင်ကောက်ကောက်နှင့် လူက ခပ်တည်တည်ပြန်ဖြေလိုက်သဖြင့် ထမင်းစားနေရာမှ ဇော် မတ်တတ်ရပ်လိုက်၏။

"ခွင့်တောင်းပါလားဗျ ... ကျွန်တော်ကျွေးမှာပေါ့ ... ဒါ သက်သက်ဗိုလ်ကျတာပဲ ... "

"ဟာ … ဒီမှာ ဘယ်အလုပ်သမားကိုပဲမေးမေး … နောက်ရောက်လာတဲ့ လူတွေကအစ ညိုမောင့်ကို ဟင်းတစ်တုံး အမြဲကျွေးရတဲ့ထုံးစံကို မင်း မသိဘူးလားကွ … ဟေ … "

"ခင်ဗျားကို လူတိုင်းကကျွေးရအောင် ခင်ဗျားက ဘာကောင်မို့လို့လဲ … ကျွန်တော်သိတာတော့ အကျန်စားတဲ့အကောင်ပဲရှိတယ်"

"ဘာကွ … မင်း ငါ့ကို ခွေးနဲ့နှိုင်းတာပေါ့လေ … ကဲကွာ"

"ဗိုး … "

လက်သီးအကြီးကြီးကို ခေါင်းငုံ့ရှောင်ပေးလိုက်တော့ နောက်ထပ်လက်သီးတွေ အဆက်မပြတ်ဝင်လာသည်။ စားလက်စ ထမင်းချိုင့်က မှောက်သွားလေပြီ။

"ဟာ … ကိုညိုကြီး … ဟိုလူသစ်လေးကို လက်ဆင်ပေးနေပြီဟေ့ … "

အလုပ်သမားတွေ အစီအရီ ပြုထွက်လာကြသည်။ ညိုမောင့်ကိုကြောက်ရသဖြင့် မည်သူမှ ဝင်မတားရဲဘဲ ဒီအတိုင်းကြည့်နေကြ၏။

"ဒီမှာ … ခင်ဗျား လွန်နေပြီနော် … "

"ဘာမှပြောမနေနဲ့ … သွေးမရှိတဲ့ကောင် … ဒီမှာ ငါဆရာတစ်ယောက်ကွ … မင်းလို မလောက်လေးမလောက်စားကောင်လေးကများ ငါ့ကို မချေမငံဆက်ဆံရဲတယ်လို့ … လာစမ်း … "

"ခင်ဗျား ရပ်တော့နော် … နောက်မှ အဆိုးမဆိုနဲ့ … "

"သွားစမ်းပါ … သွေးပျက်ပြီး လျှောက်ပြောမနေနဲ့၊ အလကားငချွတ်လေး … "





ညိုမောင်က ထိအောင်မထိုးနိုင်သဖြင့် ဒေါ်ပွကာ Spanner [illegible]စ်ချောင်းကို ကောက်ကိုင်လိုက်၏။ အလုပ်သမားတွေ လှုပ်လှုပ်ရွရွ [illegible]ထုန်သည်။

"ခင်ဗျားနော် … ရပ်ဖို့ ကျွန်တော်ပြောနေတယ် … "

"လာခဲ့စမ်းပါ … ယား … "

"ဗိုး … ဗိုး … "

ခေါင်းဆီ လွှဲလွှဲဝင်လာသည့် Spanner ကို ခေါင်းငုံ့ရှောင်ကာ [illegible]မောင့်ပေါင်ခွကြားဆီ ခြေဦးဖြင့် ခတ်ပေးလိုက်၏။

"အု … အား … "

ညိုမောင် ပေါင်ခွကြားကို လက်အုပ်၍ ခွေကျသွား၏။ ဇော်[illegible]မင်းချိုင့်နှင့် ဟင်းဇလုံကိုကောက်၍ ရေဘုံပိုင်ဆီ လှမ်းခဲ့စဉ် ဝင်းထဲ[illegible] သူ့ကားပြန်ရောက်လာလေသည်။

"ဘာဖြစ်နေတာလဲကွ … "

"ဟို … ဆရာ … ကိုညိုကြီးနဲ့ ဟိုလူသစ်လေးရန်ဖြစ်တာ"

"ညိုကြီးနဲ့ … ဟုတ်လား … "

"ဟုတ်ကဲ့ … "

ဇင်မင်း တအံ့တသြဖြင့် ညိုမောင့်ဆီရောက်သွား၏။ ညိုမောင်[illegible] မြေကြီးပေါ်မှာ လိမ့်နေရင်း တအီးအီးညည်းညူနေလေသည်။ သူ[illegible]တိတ်အနီးသို့ လျှောက်သွားလိုက်၏။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ဖိုးဇော် … အဲဒါ အလုပ်သမား[illegible]ခေါင်းကွ … မင်း မရှိမသေလုပ်ရလား … "

"သူ့ဟာသူ အလုပ်သမားခေါင်းမဂေလို့ ဘာကြီးပဲဖြစ်ဖြစ်ပေ့ါ ကျွန်တော့်ကိုတော့ ဗိုလ်လာမကျနဲ့ ... မခံဘူး ... "

"သူက ဘာလုပ်လို့လဲ ... "

"ကျွန်တော့်ဟင်းခွက်ကို ခွင့်မတောင်းဘဲ လာလုစားတယ်လေ ... အခု မနက်စာငတ်ပြီ ... "

"ကျွတ် ... သူပြောတာ ဟုတ်လား ... "

ကျန်လူတွေ တစ်ခွန်းမှ မဟရဲကြ။ လူသစ်ကို ဘက်လိုက်ပြောလျှင် ညိုကြီး၏လက်ကို နောက်ကွယ်မှာ ကြောက်ရမည်ကိုး။

"မသိ ... မသိပါဘူး သူ့ရွှေးရယ် ... ရန်ဖြစ်နေမှ ကျွန်တော်တို့ သိတာပါ ... "

"ခက်တာပဲကွာ ... အလုပ်တစ်ခုတည်းမှာ အလုပ်သမားတွေ အကုန်တည့်အောင်ပေါင်းမှပေ့ါ ... ကဲထ ... ညိုမောင် ... မင်းပြောစမ်း ... "

ဇင်မင်းကပြောပြီး ဆွဲထူသဖြင့် ညိုမောင် ထရပ်လိုက်ပြီး ဇော့်ကို လက်ညှိုးထိုးလိုက်ပါ၏။

"သူ ... ကျုပ်ကိုရန်စရှာတာပါ ဆရာ ... "

"ဟာ ... ခင်ဗျား ... "

သူတို့မျက်စိရှေ့မှာပင် လှစ်ခနဲရောက်သွားသည့် ဖိုးဇော်က ညိုမောင့်မျက်နှာကို ခွက်ခဲ ထိုးချလိုက်သဖြင့် ညိုမောင် ခေါင်းလည် ထွက်သွား၏။

"ပြန်ပြော ... ပြန်ပြင်ပြော ... ခင်ဗျား လူမဟုတ်ဘူးလား... လူဆိုရင် လူလိုပြော ... "

"ဖိုးဇော် ... စိတ်ကိုထိန်း ... "





ဇင်မင်းက ဇော့်လက်မောင်းကို လာဆွဲထား၏။ သူ ခေါင်းတစ်ခုလုံး. ချက်ချင်းကိုက်တက်လာလေသည်။

"ညိုမောင် ... မင်းလိမ်တာဆိုရင်လည်း ဝန်ခံလိုက်ပါ ... ဒါ သူ့မာန်ရဲ့ညီဝမ်းကွဲကွ ... သူစိမ်းမဟုတ်ဘူး ... "

အလုပ်သမားတွေအားလုံး မျက်လုံးပြူးကုန်ကြ၏။ ညိုမောင့် မျက်နှာ သိသိသာသာကြီးပျက်သွားလေပြီ။

"ကျုပ် ... ကျုပ်လွန်တာပါ ... လုသစ်လေးဆိုပြီး စနောက် ရ... ပါ ... "

"ညိုမောင်ရာ ... မင်းထက် ဆယ့်သုံးနှစ်ငယ်တဲ့ကလေးနဲ့မှ ဖြစ်ရတယ်လို့ ... ပြန်တောင်းပန်လိုက် ... မင်းကို ငါ အလုပ်မဖြုတ်ချင်လို့ ပြောနေတာနော် ... "

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ငါမှားသွားပါတယ် ချာတိတ်ရာ"

"ဖိုးဇော်လည်း ပြန်ပြောလေ ... "

"ရပါတယ် ... "

"ပြီးရင် လက်ဆွဲနှုတ်ဆက်လိုက် ... "

ဇင်မင်းစကားကြောင့် ဇော် တွန့်သွား၏။ ညိုမောင်က အရင် လက်ကမ်းပေးနေသဖြင့် ဇော် လက်ကို ပြန်ကမ်းလျက် နှုတ်ဆက်လိုက်ရသည်။ ညိုမောင့်မျက်နှာမှာ အမျိုးအမည်မဖော်ပြနိုင်သည့် ခံစားမှုက ဖျတ်ခနဲ ပေါ်လွင်လာ၏။ ဇော် လက်ကို အမြန်ပြန်ရုတ်လိုက်ပါသည်။

"ကဲကဲ ... အားလုံးလုပ်စရာရှိတာသွားလုပ်တော့ ... နေဦး ဖိုးဇော် ... မင်းဝေဝင်နဲ့ဦး ... အပြင်မှာ တစ်ခုခုသွားစားရမယ် ... "

"ရပါတယ် ကိုမင်း ... နေပါစေတော့ ... "

"ဘယ်ဖြစ်မလဲ ... ထမင်းမှမစားဖြစ်တဲ့ဟာ ... လာလိုက် ငါ သူ့ကို တစ်ခုခုဝယ်ကျွေးရင်း ဦးအုန်းမောင်ရဲ့ ဘောင်ချာဝင်ပေးပြီ ငွေယူခဲ့မယ် ထူးမာန် ... ဘာမှာဦးမလဲ ..."

"ဟင့်အင်း ..."

"အေး ... ဒါဖြင့် ငါသွားပြီ ..."

ဇင်မင်းက ဂျစ်ကားကိုထုတ်၍ ဈေးကို ဘက်စေကာ ဝင်းထဲ မောင်းထွက်သွားတော့သည်။ အကုန်လုံးကို ပြေပြေလည်လည်ရှင် ပေးသွားသည့် ဇင်မင်းကို သူ ကျေးဇူးတင်လိုက်ရ၏။ သက်ပြင်းတ ချက်ကို မှုတ်ထုတ်လိုက်မိသည်။ သူက စိတ်သာမြန်ပေမဲ့ လက်က မမြန်ပါ။ အခု ဟိုချာတိတ်များ သူ့မျက်စိရှေ့မှာတင် ညိုမောင့်ကို ဘယ် လိုထိုးလိုက်မှန်းတောင်မသိ။ မြန်လိုက်သည့်လက်။ မလွယ်ပါလား ဖိုးဇော်ရယ်။

တရုတ်စားသောက်ဆိုင်ရှေ့မှာ ကားရပ်လိုက်၏။ ဇင်မင်းက ခေါက်ဆွဲကြော်တစ်ပွဲ ... အခေါက်ကင်တစ်ပွဲနှင့် ၁၂မျိုးဟင်းချိုတစ်ပွဲ မှာပေးသည်။

"စားနှင့်ဖိုးဇော် ... ငါ ဟိုဘက်နားကခြံမှာ ငွေသွားယူဦးမယ် သိပ်မကြာဘူး ... နေရဲတယ် မဟုတ်လား ..."

"ဟုတ်ကဲ့ ..."

ခဏအကြာ ဇင်မင်း ပြန်ရောက်လာတော့ ဈေးရှေ့မှာ အစား အသောက်တွေက ကုန်နေလေပြီ။

"ဟာ ... မြန်လိုက်တာ ... မင်း တော်တော်အစားပုပ်တဲ့ ချာ တိတ်ပဲ ..."

"အရသာရှိတာကိုးဗျ ... ကျွန်တော် ကြိုက်တယ် ... အင်း ...





ဈေးတော့ တော်တော်ကြီးမှာပဲနော် ..."

"သြော် ... စားပါကွာ ... တို့အလုပ်မှာ တစ်လကိုတစ်ကြိမ် နှစ်ကြိမ်ဆိုသလို ဒီလိုဆိုင်မျိုးမှာ အားလုံးကိုကျွေးနေကျပါကွ ... နောက် မကြာမကြာစားရမှာပေါ့ ..."

ဇင်မင်းက ကျသင့်ငွေရှင်းပေးပြီး ကားပေါ်ပြန်တက်ကာ အလုပ် ရုံသို့ ပြန်လာခဲ့ကြသည်။

"မင်းကို ငါ တစ်ခုသတိပေးထားဦးမယ် ဖိုးဇော် ... အလုပ်ထဲ ကိုတစ်ကောင်ရှိတာ သေချာတယ်ကွ ... ပစ္စည်းတွေ မကြာမကြာ ပျောက်တယ် ... ဘယ်သူလဲဆိုတာ ခုထိစုံစမ်းလို့မရဘူး ... ပျောက်တဲ့ ပစ္စည်းတန်ဖိုးကလည်း သောင်းဂဏန်းကွ ..."

"ညဘက်ပျောက်တာလား ကိုမင်း ..."

"ညတော့ မဟုတ်ဘူးကွ ... အလုပ်သမားတွေပြန်တဲ့အချိန်မျိုး ပဲ ... ညက ပျောက်စရာမရှိဘူး ... ငါက အဲဒီမှာပဲနေတာလေ"

"အင်း ... ကျွန်တော်လည်း စုံစမ်းပေးပါ့မယ် ..."

"အေး ... သတိလည်းထားဦးနော် ... မင်းကို ညိုမောင်ကြီး အငြိုးထားနေဦးမယ် ..."

"ရပါတယ်ဗျာ ..."

ကားက ဝင်းထဲသို့ ချိုးကွေ့ဝင်ခဲ့၍ စကားစဖြတ်လိုက်ရတော့ သည်။

## ၆

"ကဲ ... ညိုမောင် ... စက်ပိုင်းဆိုင်ရာမှာ မင်းအကျွမ်းကျင်ဆုံးမို့ မင်းလက်ထဲ ဖိုးဇော်ကိုအပ်ပြီ ... သေချာသင်ပေးပါ ... ပြဿနာထပ်ဖြစ်တာ မလိုချင်ဘူးနော် ... "

"ဟုတ်ကဲ့ပါ ဆရာ ... "

ခင်မင်းက ပြောပြီးသည်နှင့် ဂျစ်ကားဖြင့် အပြင်ထွက်သွားတော့သည်။ သူက ရုံးခန်းထဲမှာ စာရင်းဇယားတွေဖြင့် အလုပ်ရှုပ်နေလေ၏။ ညိုမောင်က ဦးစွာ ဇော်ကို နပ်တွေ screw တွေ ဆေးခိုင်းသည်။ Sꝑanner နံပါက်တွေကို သေချာမှတ်ခိုင်း၏။

"ချာတိတ် ... ငါ ကားနောက်ထဲဝင်တော့မယ် ... ခုနဆေးခိုင်းထားတဲ့ နပ်တွေယူခဲ့ပေး ... "





"ဟုတ်ကဲ့ ... "

"လာ ... မင်းပါလိုက်ဝင် ... ဒါမှ ဘယ်နပ်ဘယ်မှာတပ်ရမလဲ နားလည်မှာ ... "

ကားအောက်ထဲသို့ ညိုမောင်နှင့်အတူ ဇော် ပက်လက်လှန်၍ ဝင်လိုက်၏။ ညိုမောင်ကြီးက နံပါတ်စဉ်ပြော၍ နပ်တွေကို ပြန်တပ်ပြီး ကျုပ်နေသည်။ အားလုံးတပ်ပြီးသွားတော့ အပြင်မထွက်ခင် ဇော့်ကို တီးတိုးပြောလိုက်၏။

"မင်း ဒီလိုပင်ပင်ပန်းပန်း အလုပ်မျိုးမလုပ်သင့်ဘူး ... "

"ဟာဗျာ ... ကျွန်တော် ဆန်တစ်အိတ်တော့ အသာလေးမ,နိုင်ပါတယ်ဗျ ... အထင်မသေးပါနဲ့ ... "

"ငါ မင်းအတွက် ပြောနေတာပါ ချာတိတ်ရာ ... "

"ရှူး ... ကိုညိုကြီးနော် ... လျှို့ဝှက်သင့်တာကို လျှို့ဝှက်ထားပေးပါဗျ ... ခင်ဗျားအလှည့်မှာ ကျွန်တော် ပြန်ကူညီပေးပါ့မယ် ... "

"အံမာ ... ငါ့ကို လာဘ်မထိုးပါနဲ့ ... ငါ ပညာကုန်သင်ပေးမှာပါကွာ ... "

"ဟဲဟဲ ... ဒီလိုပဲ ကိုယ့်ဆရာကို ကပ်ရပ်ဖားထားရတာပေါ့ဗျ"

"တော်တော် ကျလည်းကျတဲ့ကောင်ပဲ ... "

ရယ်ရယ်မောမောဖြင့် ကားအောက်မှ ထွက်လာခဲ့ပြီး စက်ဖုံးကိုဖွင့်လိုက်၏။

"ဒါက bettery လို့ခေါ်တယ် ... ကားတစ်စီးမှာ အရေးအကြီးဆုံးက ဆီရေလေဝိုင် လေးမျိုးဘက်ညီမှကောင်းတာ ... ဆီစားလွန်း

တဲ့ကားက ဒုက္ခအပေးဆုံးပဲ ... ပြီးတော့ အင်ဂျင်စိုင်မကောင်းရင်လည်း ဒုက္ခ ... ကားစက်ပြင်ပြီးတိုင်း ကိုယ်ပြင်ပေးတဲ့နေရာအပြင် ဘရိတ်ကို လည်း သေချာပြန်စစ်ရတယ် ... ငါပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့ ... "

"ကဲ ... ဒီမှာ နပ်တွေချောင်တာကို ကျပ်ပေးဦး ... "

"ကိုညိုကြီးရေ ... သူဌေးကပြောတယ် ... ဖယ်မလီယာလေး ပြီးအောင်လုပ်ပေး ... ညနေ ၅ နာရီလာယူမှာတဲ့ ... "

"အေးအေး ... ဒါပြီးရင် ငါလုပ်ပေးမယ် ... "

ဇော်နှင့် ညိုမောင် ဖယ်မလီယာလေးဆီ ကူးခဲ့၏။ ညိုမောင်က စက်ဖုံးဖွင့်၍ ဟိုကြည့် ဒီကြည့်ကြည့်လုပ်ပြီး ကားထဲဝင်၍ စက်နှိုးလိုက်သည်။ ဆီပျောက်မီးပျောက်ပဲမို့ ဇော့်ကို ခေါ်သင်ပြ၏။

လိုအပ်သည်ကို ပြင်ဆင်ပြီးတော့ နောက်တစ်စီးဆီ ကူးခဲ့ပြန်၏။ ကားက ကောင်းကောင်းမောင်းမရဘဲ တုံ့တုံ့ရပ်သွားတာကို ဂီယာ တစ်ချက် သင်ပေးပါသည်။

"မင်းကို ကားမောင်းသင်ပေးဦးမယ် ... တခြားကောင်တွေနဲ့ တော့ မဖြစ်ဘူး ... ဖြစ်နိုင်ရင် ဆရာနဲ့ပဲသင်တာကောင်းတယ်၊ အား တော့သင်နိုင်းပေါ့ ... ကြားလား ... "

"ဟုတ်ကဲ့ ... "

ထမင်းစားချိန်နားတော့ ဇော် လက်ကိုသေချာဆေးပြီး ရုံးခန်း ထဲဝင်ခဲ့စဉ် ထမင်းပွဲက အဆင်သင့်ပြင်ပြီးနေလေပြီ။

"ဟာ ... အစ်ကို ဆာနေလို့ပြင်လိုက်တာလား ... "





"မင်းပါ အတူဝင်စားပါ ဖိုးဇော် ... "

"ရပါတယ် ... ကျွန်တော် ... "

"လျှာရှည်ပြန်ပြီ ... ငါက စားဆိုရင်စားပေါ့ ... ဒါ နေ့တိုင်းစား မို့ပြောတာ ... တခြားအလုပ်သမားတွေနဲ့ သိပ်မရောနဲ့ ... "

"ဗိုက်ဆာပြီ ... ဗိုက်ဆာပြီ ... ဒီနေ့ ဘာဟင်းလဲဟေ့ ... "

အပြေးအလွှားဝင်လာသည့် ဇင်မင်းကို ထိုင်ခုံဆွဲထုတ်ပေးပြီးမှ ဇော် ထိုင်လိုက်ပါ၏။

"ဟာ ... ဒီနေ့က ကြံမဆိုင်နဲ့ဝက်သား ... ပုစွန်ဆီပြန် ... မြင်းခွာရွက်သုပ် ... ပဲနီလေးနဲ့ကြာဆံဟင်းချို ... ကြက်သားနဲ့အာလူး ဟား ... တယ်ဟုတ်ပဲ ... နေ့တိုင်း စားကောင်းနေရင်တော့ ကြာရင် ငါ ဝိတ်တက်လာတော့မှာပဲ ... "

"အေး ... ဗိုက်က တစ်တောင်လောက်ထွက်နေပြီ ... "

"ဘာဖြစ်လဲကွာ ... စားမှာပဲ ... ငါ့မှာ နေ့ခင်းဘက်ပဲစားရတာ၊ မင်းကတော့ နေ့တိုင်းညတိုင်းအကောင်းစားပြီး ငြိမ့်နေနိုင်တာပေါ့"

"မင်းစားချင်ရင် ညနေဘက်လိုက်ခဲ့ပါ ဇင်မင်းရာ ... ပြောရ မယ့်လူတွေမှ မဟုတ်တာကို ... "

"အင်း ... ငါ့မှာလည်း ဖိုးဇော်လို ညီလေးမျိုး မွေးစားခွင့်ရရင် သိပ်ကောင်းမှာပဲ ... ငါနဲ့လာနေမလား ဖိုးဇော် ... "

"အာ ... ကိုမင်းကလည်း ... အဘဆူမှာပေါ့ဗျ ... "

"ဒါကျတော့သိ ... နေဦး ... မင်းရဲ့ဘူးထဲက ဘာဟင်းလဲကွ"

"ဟာ ... အစ်ကိုမစားတဲ့ဟင်းဗျ ... မစားပါနဲ့ ... "

"သူမစားပေမဲ့ ငါစားတယ်လေကွာ ... နည်းနည်းပေးဖြည့်ကွ ... "

ဇော်က ချိုင့်ထဲမှ ငါးမွှေကို ဇွန်းဖြင့်ခပ်၍ ခင်မင်းပန်းကန်ထဲသို့ ထည့်ပေးလိုက်ပါသည်။

"ဟာ ... ငါးမွှေပဲ ... ကြည့်စမ်း ... စပါးလင်နံ့လေးကိုသင်းနေတာပဲ ... ဖိုးဇော်ရာ ... မင်းသာမိန်းမရရင်တော့ အဲဒီမိန်းမ တော်တော့်ကို ကံကောင်းမှာ ... ယောကျ်ားချက်ကျွေးတာကို အဆင်သင့်ထိုင်စားရုံပဲ ... မင်းချက်ကျွေးမှာလား ... "

"ကျွေးမှာပေါ့ဗျ ... "

"အံမာ ... တွေ့ရောတွေ့နေပြီလား ... "

သူက မျက်မှောင်ကြုတ်၍ ဇော့်ကိုကြည့်လိုက်သဖြင့် ဇော် ခက်လေးပွသွားရ၏။ အမလေး ... မျက်နှာကြီးကလည်း ကြောက်စရာကြီး၊ ချောလို့များ ပြောလိုက်မိရင် လည်ပင်းတောင် ထ,ညှစ်ချင်ညှစ်မှာ။

"ဟို ... ရွာမှာကျန်ခဲ့တဲ့ မချစ်စုကိုတော့ တွေ့ထားတာပဲဗျ"

"အောင်မယ် ... ချာတိတ်က အလာကြီးပဲ ... ပြောပါဦး ... မင်း ကောင်မလေး တော်တော်မှလှရဲ့လား ... "

"လှတာပေါ့ဗျ ... သူ့မျက်လုံးလေးတွေက သမင်ဖျို့မျက်လုံးလေးတွေလို တောက်နေတာ ... မျက်ခုံးလေးဆို လခြမ်းကွေးကွေးပုံလေး နှာတံလေးက စင်းနေတာပဲ ... နှုတ်ခမ်းလေးဆိုလည်း စုစုလေးဗျ ... လည်တိုင်သွယ်သွယ်ခလေးနဲ့ လုံးကြီးပေါက်လှရေဆေးငါးကြီးလို ဖွေးဥနေတာ ... သူ့မျက်နှာပေါ်မှာ သနပ်ခါးပါးကွက်ကြား





လေး ဆွဲထားလိုက်ရင် ကျွန်တော့်မှာ အသည်းတွေကိုတုန်လို့ ... "

"ဟာ ... ဒီကောင် ဒီလောက်ထိအောင် တတ်နေပါရောလား၊ ဘယ်လိုလဲ ... မင်းနဲ့ သမီးရည်းစားဖြစ်တာကြာပြီလား ... "

"မချစ်စုက ကွမ်းတောင်ကိုင်ဗျ ... ဒီလောက်အညှာဘယ်လွယ်ပါ့မလဲ ... ဒါပေမဲ့ ကျွန်တော့်ကိုတော့ ကဲ့ယူပြီးရင် အဖြေပေးမယ်လို့ ပြောလိုက်ဟယ် ... ဒီကိုလာခါနီး ငိုမဲ့မဲ့လေးဖြစ်နေလို့ ကျွန်တော့်မှာ မနည်းချော့ခဲ့ရတာ ... သူ့မျက်ရည်တွေကိုတောင် သုတ်ပေးခဲ့ရသေး ၊ ပြောရင်း ကျွန်တော် လွမ်းသလိုလိုဖြစ်လာပြီဗျ ... "

"ကဲ ... ဘယ်လိုလဲ ထူးမာန် ... ချာတိတ်က ငါတို့ထက်မှာ တစ်ဖျားသာနေပါရော့လားကွ ... "

"မင်းမှာ မချစ်စုရှိနေရင် ချောစုကို အရောမဝင်နဲ့ပေါ့ ... "

"ကျွန်တော်က ဒီလိုပဲခင်မင်တာပါ အစ်ကိုရာ ... ရွာမှာတုန်းကလည်း ဒီလိုပဲ ... ကောင်မလေးတွေက ကျွန်တော့်ဆို သိပ်အရောဝင်ချင်ကြတာ ... မချစ်စုဆို အဲဒါနဲ့ အူတိုပြီး ကျွန်တော့်ကို ပြန်ခင်တာလေ ... "

"မင်းရဲ့မချစ်စုနဲ့ ရှေ့ခြံက ချောစု ဘယ်သူပိုချောသဲ ... "

"တစ်မျိုးစီလှတာပေါ့ဗျ ... ကျွန်တော့် မချစ်စုက ဣန္ဒြေပိုရှိတယ် ... ယဉ်တယ် ... ချောက ငယ်လည်းငယ်တော့ သွက်တာပေါ့၊ သူကလည်း တစ်မျိုးလှတာပါပဲ ... ကျွန်တော့်ကို ဟိုတစ်ခါများ မျက်စောင်းပိတ်ထိုးလိုက်တာ ... အား ... ရင်ကိုတုန်သွားတာပဲ ... "

"ဟောကောင် ... တော် ... တော် ... "

"ဖိုးဇော်ရေ ... ချောစုကိုတော့ ချမ်းသာပေးလိုက်ပါကွာ ... အဲဒါ ထူးမာန်ရဲ့ငတိမလေးကွ ... "

"ဟုတ်လား ... ဒါပေမဲ့ အဘကပြောပါတယ် ... ဖူးစာဆိုတာ ပုံသေမှတ်ယူလို့မရဘူးတဲ့ ... ကိုယ်ကြိုက်တဲ့ သူနဲ့လည်း ရချင်မှရတာတဲ့ ... ကျွန်တော်ကတော့ ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာတဲ့ မချစ်စုမှ မချစ်စုပါပဲဗျာ ... "

သူ့ ဇော့်ကို ရှုတည်တည်ကြီး ကြည့်လိုက်တော့ ဇော်က မသိချင်ယောင်ဆောင်၍ ပန်းကန်အပေ ချိုင့်အပေတွေကိုထပ်ကာ သွားဆေးပါတော့သည်။ ရင်ထဲမှာ ကလိကလိနှင့် အသည်းတွေယားနေတော့၏။ ကိုထူးမာန်ရေ ... ခင်ဗျားကြိုက်နေတဲ့ ကောင်မလေးက ကျွန်တော့်ကိုပဲ တကပ်ကပ်ဖြစ်နေတာ။ မျက်စိနဲ့ တပ်အပ်မြင်တဲ့နေ့တော့ ကျွန်တော်တော့ မသက်မသာဖြစ်တော့မှာပါပဲ ... ။

"မာန်ရေ ... "

ဝင်းထဲကို ပရာဒို ဘစ်စီးဝင်လာပြီး ကားပေါ်မှ မမချောချောလေးတစ်ယောက် ဆင်းလာ၏။ အားပါး ... တယ်မိုက်ပါလား ... ။

"ဟော ... ဘရဏီပါလား ... ကားဘာဖြစ်ပြန်ပြီလဲ ... "

"လမ်းမှာလေ ... မောင်းနေရင်းနဲ့ တုံ့တုံ့ပြီး ရပ်ရပ်သွားလို့ ... အဲဒါ မာန့်ဝပ်ရှော့ကိုပဲ ဝင်ခဲ့ရတာပေါ့ ... "

"ငါပြောသားပဲ ... အသစ်နဲ့ လဲလိုက်ပါဆိုတာ ... "

"အကြိုက်မတွေ့သေးလို့ပေါ့ဟယ် ... "

"ဒါဖြင့် လူကလည်း အကြိုက်မတွေ့သေးလို့ မစွံသေးဘူးဆိုပါ





တော့ ... "

"တွေ့လား ... ခင်မင်းနော် ... လူကိုမြင်တာနဲ့ ဒေါက်ဖြုတ်ပြီးစုတ် ... "

"နင်ကလည်းဟာ ... ဒီသူငယ်ချင်းတွေပဲရှိတာ ... ခင်လို့စတာပဲ ... စိတ်မဆိုးကြေးလေ ... ခဏနေဦး ... ငါ့အလုပ်သမားတွေမင်းစားနားနေတာဟ ... "

"နေကလည်း ပူလိုက်တာဟယ် ... အအေးလေး ဘာလေးတိုက်ဖို့ စိတ်ကူးမရှိဘူးလား သူဌေးရဲ့ ... "

"သောက်ချင်ရင် လမ်းထိပ်မှာ ထွက်တိုက်ပါ့မယ် ... ဘရဏီယ် ... "

"မထွက်ချင်ပါဘူး ... လမ်းထိပ်ကို ... အဝေးကြီးပဲ ... "

ဇော်က ချိုင့်တွေကိုသုတ်၍ ပြန်ဆင့်ကာ ခြင်းတောင်းထဲထည့်သိမ်းလိုက်ပြီး အိမ်မှဖျော်ယူလာသည့် နာနတ်သီးဖျော်ရည်ကို ဖန်ခွက်နှစ်ခွက်ထဲထည့်ကာ ညှို့သည်ကိုတစ်ခွက် သူ့ကိုတစ်ခွက် သွားပေးလိုက်၏။ ညှို့သည်မမက ဇော့်ကို အကဲခတ်ကြည့်လိုက်လေသည်။

"သူက လူသစ်လား ... "

"အေး ... "

"ဒီကောင့်ညီဝမ်းကွဲဟ ... "

"ရုပ်လေးကသန့်လိုက်တာ ... "

"သိပ်မမြှောက်နဲ့ဟေ့ ... ငါသောက်ရမဲ့အအေးကို နင့်ကိုတိုက်တာပဲကြည့် ... ဒါ အစပဲရှိသေးတယ် ... "

"ဟာ ... ကိုမင်းကလည်း ပုလင်းထဲမှာရှိပါသေးတယ်ဗျ ... မမက ညှော်သည်မို့ ဦးစားပေးလိုက်တာပါ ..."

"ငါသိပါတယ် ဖိုးဇော်ရာ ... မင်းဟာမင်း အိုးမလုံအုံထမပွင့်ပါ နဲ့ ... မိန်းကလေးမြင်ရင် နံပါတ်တစ်ပေးချင်နေတာ မဟုတ်လား"

"ဟာဗျာ ..."

"ဟယ် ... သိပ်မစနဲ့လေ ဇင်မင်းရယ် ... ဒီမှာ ကလေးရှက်လို့ မျက်နှာလေးနီရဲကုန်ပြီ ..."

"ဘာကလေးလဲ ... ရည်းစားက မှိုလိုပေါက်အောင်ထားချင်တာ ... ဟိုရှုပ်ရှုပ် ဒီရှုပ်ရှုပ်ဟ ... ကြားထဲမှာ အပျိုကြီး နင်ပါ အချောင် ညပ်ပါသွားမယ် ..."

"အံမယ် ... သူတို့မစွံတိုင်း ကလေးကို မစ္ဆရိယပွားနေပြန်ပြီ နော် ဇော်ရယ် ... ဘာဖြစ်လဲ ... ကိုယ့်ကုသိုလ်နဲ့ကိုယ်စွံတာကို မနာလိုမရှိပါနဲ့ ..."

"ဟော ... တော့ လား ... ပြောလို့တောင် မပြီးသေးဘူး ... အပျိုကြီးတော့ ရှာန်လျှောပြီး ပါပြီ ..."

သုံးယောက်သား လွတ်လပ်စွာရယ်လိုက်တော့ ဇော်က ရှက်ရှက်နှင့် မမကားနားမှာ သွားရပ်လိုက်၏။

"ဟော့ကောင် ... ဟော့ကောင် ... ရှက်ရမ်းရမ်းပြီး သူများကားကို လျှောက်ကလိမနေနဲ့ဦး ... ငါလာကြည့်ဦးမယ် ..."

ဇင်မင်းက အပြေးအလွှားထွက်လာပြီး ဘရဏီကားကိုစစ်ပေး၏။ ခုနပဲ ညိုမောင်သင်ပေးထားတာမို့ ဇော်က လိုအပ်တာကို ပြင်ပေး





လိုက်ပါသည်။

"အံမယ် ... ငါ့ကောင် တယ်ဟုတ်နေပါလားကွ ..."

"ကိုမင်း နားတဲ့ရက်တွေ ကျွန်တော့်ကို ကားမောင်းသင်ပေးဦး နော် ..."

"အေးပါ ... အေးပါ ... နောက်မှ ဝပ်ရှော့က ကားတွေ တစ်စီး တစ်စီးမောင်းပြီး ကောင်မလေးတွေကို မဖန်ပါနဲ့ ..."

"ဟာ ... ကျွန်တော် ဒီလောက်မစွံပါဘူးဗျာ ..."

ဘရဏီက ကားပြင်ပြီးတော့ ပြင်ခရှင်းပေးသော်လည်း လက် ခံသဖြင့် ဇော့်အကျီအိတ်ကပ်ထဲကိုထည့်ပေးသွားလေ၏။ သူ့ကို ငွေ အပ်သော်လည်း သူက မယူပါချေ။ ဘုရားရေ ... ငါးထောင်ကြီး းတောင်ပါလား ... ပွတာပဲ ... ။

## ၇

အိမ်ပြန်ရောက်ရောက်ချင်း ရေချိုးအဝတ်အစားလဲကာ ညနေဘက် ဈေးဝယ်ရန် ဆင်းလာ၏။ သူက ညှိခန်းမှာ သတင်းစာထိုင်ဖတ်နေသည်မို့ အိမ်ဝမှာ ရပ်လိုက်သည့်ချောကို မြင်သွားလေသည်။

"ကိုမာန် ... ဖော်ရောဟင် ... "

"ရှိတယ် ... "

ဖော်က နောက်ဖေးမှာ ဘာလိုအပ်သလဲ ဝင်ကြည့်၍ စာရင်းမှတ်နေသဖြင့် ချောရောက်လာသည်ကို မမြင်သေး။ အိမ်ရှေ့ကို ပြန်ထွက်တော့မှ ချောက ဖော့်ကိုမြင်သွားလေ၏။

"ဖော် ... ဘယ်သွားမလို့လဲ ... ချောကို အခွေဆိုင်လိုက်ပို့ပေးဦးနော် ... "





"ဟာ ... ကျွန်တော်မအားဘူးဗျ ... ကိုမောင်စိုးကိုခေါ်သွားပါလား ... "

"ကြည့် ... လုပ်ပြီ ... ဒီလမ်းထိပ်လေးကိုတောင်မှ လိုက်မပို့ချင်ဘူးလား ... "

ဖော် ခေါင်းကို တဗျင်းဗျင်းကုပ်လိုက်မိသည်။ ခက်တော့တာပဲ သူက ချောနှင့်မပတ်သက်ဖို့ တားထားတာမို့ ရှောင်ချင်နေပါတယ်ဆိုမှ တည့်တည့်ကြီးဆုံနေရပြီ။

"မဟုတ်ပါဘူး ... ကျွန်တော်က ဈေးအထိသွားမှာဆိုတော့ အပြန် ချောတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ပါ ... "

"ဒါဆိုလည်း ဈေးအထိလိုက်ခဲ့ပြီးမှ အတူတူပြန်မယ်လေ"

"မဖြစ်ဘူး ထင်တယ် ... "

"ဘာလို့မဖြစ်ရမှာလဲ၊ ဖော်နော် ... အလုပ်ဝင်သွားပြီးကတည်းက အရင်လိုမဟုတ်တော့ဘူး ... ချောကို ရှောင်ဖယ်ရှောင်ဖယ်နဲ့ ... ဘာလဲ ... ဈေးထဲမှာ ကောင်မလေးနဲ့ ချိန်းထားလို့လား ... ဒါကြောင့် ချောနဲ့ အတူတွဲမသွားချင်တာပေါ့ ... "

"ဟာ ... မဟုတ်ပါဘူး ... အပြန်ကျ မှောင်ချင်မှောင်မှာမို့ပါ၊ ကိုမောင်စိုးကိုပဲ ခေါ်သွားလိုက်ပါနော် ... "

"ဒါဆိုလည်း နေပါစေတော့ ... ရတယ် ... ရတယ် ... တစ်ယောက်တည်းပဲသွားတော့မယ် ... သူများရှုအဲ့ရင် ပါသွားလည်းအေးတာပဲ မဟုတ်လား ... မျက်စိနောက်သက်သာသွားတာပေါ့ ... သွားပြီ ... "

"ဟာ ... ပြဿနာပဲ ... "

"ချောစုရေ ... မသွားနဲ့ဦး ... ရော့ ... ဖိုးဇော် ... ဈေးဖိုးယူသွား ... သူလိုက်ချင်ရင်လည်းခေါ်သွားလိုက်ပါကွာ ... ကောင်မလေး စိတ်ကောက်သွားပါဦးမယ် ... "

"အစ်ကို လိုက်ပို့ပေးလိုက်ပါလား၊ ညနေစောင်း လမ်းလျှောက်လေညင်းခံ ... "

"မသွားချင်ပါဘူးကွာ ... "

"အစ်ကိုကလည်း ... ဒါမှ အေးအေးဆေးဆေး စကားလေး ဘာလေးပြောခွင့်ရမှာပေါ့ ... "

"ဟော့ကောင် ... ကလေးကလား လျှောက်ပြောမနေနဲ့ ... မြန်မြန်သွားမြန်မြန်လာ ... တော်ကြာ သူ့အိမ်က စိတ်ပူနေဦးမယ်"

"ဟုတ်ကဲ့ ... "

ဇော် အိမ်ပြင်ထွက်လာတော့ ချောက ခြံထဲမှာ မျက်နှာစူပုပ်ရင်း ရပ်နေလေ၏။ ရပ်ကလေးကိုက ခေါင်းကို ပိတ်သုပစ်ချင်စရာ။

"လာ ... သွားမယ် ... ပြီးမှ ခြေညောင်းတယ် ... အပြန်မှောင်တယ် ... ဂျိုက်ဂျောင်မကျနဲ့ ... "

ချောက ဘာမှပြန်မပြောဘဲ ခြေကိုဆောင့်နင်းလျက် ဇော်နှံဘေးကပါလာ၏။

"ဟာ ... ဖြည်းဖြည်းလျှောက်လေ ... မြေပြိုတော့မှာပဲ ... ချစ်စုနဲ့မျှားကွာပါ ... ဟိုက် ခြေတစ်လှမ်း ကုဋေတစ်သန်း ဣဖြေ အပြည့် ... "





"ဘယ်က ချစ်စုလဲ ... "

"ရှာက ... ရှာက ... "

"အဲဒါ ဇော်နဲ့ ဘာတော်လဲ ... "

"ဟိုဟာ ... ကျွန်တော့်ရဲ့ ဘာညာဘာညာပေါ့ ... "

"ဟင် ... ကြည့်စမ်း ... အသက်က အခုမှ ၁၉ နှစ်ရှိသေးတယ်၊ ညီးစားကထားနေပြီ ... ပြောစမ်း ... ဘယ်နှစ်ယောက်တောင်ရှိနေပြီလဲ ... "

"အား ... သူငယ်ချင်းပါ ချောရ ... နာတယ်လေကွာ ... ဟော့ကောင် ... "

ချောက ဇော့်နားရွက်ကို လှမ်းဆွဲလိမ်လိုက်ပြီး လတ်မောင်းကို တဖုန်းဖုန်းထုတော့၏။ ခြံဝမှ ထွက်သွားသည့် နှစ်ယောက်ကိုကြည့်ရင်း သူ ခေါင်းကို ခါယမ်းလိုက်မိသည်။ ဖိုးဇော် ဘယ်လောက်ပဲဆင်ခြင် ကောင်မလေးက ခပ်ပါပါဖြစ်နေတာကို ဘယ်လိုတားရပါ့။ ဖုန်းသံမြည်လာသောကြောင့် ဧည့်ခန်းရှိဖုန်းကို သူ ကောက်ကိုင်လိုက်ရ၏။

"ဟယ်လို ... "

"ဟော့ ငတူး ... လေးလေးပါ ... "

"ဟာ ... လေးလေး ... ပြန်မလာသေးဘူးလား ... "

"ငါ့ဓာတ်ငါပြန်လည်တာ ပျော်သလောက်တော့နေမှာပေါ့ကွ၊ ဘယ်လိုဖြစ်နေတာလဲ ... နေဦး ... ဟိုချာဘိတ်ကို အခု ဘာအလုပ်ပေးထားလဲ ... "

"ထုံးစံအတိုင်း စက်ပြင်ပေါ့ ... "

"ဟာ … ပင်ပန်းမှာပေါ့ကွ … ဒီလောက် ငယ်ငယ်ကလေး
ကို ဒီနေရာခိုင်းစရာလား … မသကာ ကားပစ္စည်းအရောင်းဆိုင်မှာ
ဟုတ်တုတ်တုတ် … "

"လေးလေးက ဘာမှကြိုမပြောဘဲနဲ့ … ဘယ်က ငယ်ငယ်
ကလေးရမှာလဲ … မာလိုက်တာမှ ဒေါင်ခနဲမြည်သေး … လေးလေး
ဟာလေးက မလွယ်ဘူး … အလုပ်မှာ ညိုမောင်နဲ့ တစ်ပွဲနွှဲပြီးနေပြီ
တကယ်လက်သန်ပြောင်တဲ့ကောင် … "

"မင်းက မတားဘူးလားကွ … "

"ကျွန်တော်နဲ့ ခင်မင်းမရှိတုန်းဖြစ်တာပေါ့ … အခုတော့ ပြ
တည့်သွားပါပြီ … မတည့်တာက ကျွန်တော်နဲ့ … "

"မင်းနဲ့ ဘာကိစ္စမတည့်ရတာလဲ … "

"ဟာ … လေးလေးကောင်က ကျွန်တော်မကြိုက်တဲ့ဟင်းတွေ
ပဲ နေ့တိုင်းချက်စားနေတာ ဘယ်လိုလုပ်မလဲ … ကျွန်တော့်အကြိုက်
တွေကို မဲနယ်ဆွတ်လိုဆွတ် … သူလုပ်ချင်တာတွေကိုပဲ ဇွတ်လုပ်နေ
တာ … ပြောလို့မနိုင်ဘူး … "

"ဟေးဟေး … ဟေးဟေး … "

"မရယ်ပါနဲ့ လေးလေးရဲ့ … ဒီမှာ သေချင်စော်တောင်နံနေပြီ
အဟုတ် … "

"ကောင်းတာပေါ့ကွ … ငါလာရင်လည်း သူချက်တဲ့ဟင်းကို
စားမှာပဲ … ဒါမှ မင်းကျွတ်မှာ … ဘယ့်နှယ် … တစ်ယှူသန်ကြီး"

"ဟာ … မရဘူးဗျာ … ကျွန်တော်နဲ့ မဖြစ်ဘူး … အခုဆို





ချောကလည်း တစ်ဖော်ထဲဖော်နေတာ … နားကြားပြင်းကတ်လာ
ပြီ … မျက်စိလည်းနောက်ရော … "

"ချောစုက … "

"အင်း … "

"သူ့ကို … "

"ဟုတ်ပါတယ်ဆို … "

"ပြဿနာမရှိပါဘူးကွာ … "

"ဘာဖြစ်လို့ ပြဿနာမရှိရမှာလဲ … ကျွန်တော် အဲဒီကောင်
လေးကို စိတ်ဝင်စားနေမှန်းသိသိကြီးနဲ့ ဒီကောင် ဝင်ရှုပ်နေပြီ …
ပြဿနာကောင် … "

"ကလေးက ဒီကိစ္စတွေနဲ့ ကင်းပါတယ်ကွာ … "

"ဘာကင်းရမှာလဲ … ဒီကြားထဲမှာ … ကျွန်တော့်သူငယ်ချင်း
ဘရက်ဇီတောင် အဆစ်ပါသေးတယ် … အဲဒီရွာမှာလည်း မချစ်စုဆို"

"အေး … သူ ရန်ကုန်သွားတုန်းက ငိုတဲ့ကလေးမလေးလား"

"အစစ်ပေါ့ … အဲဒါ လေးလေးကောင် ကင်းတာလား"

"ဘာပဲဖြစ်ဖြစ် မင်းအိမ်က အရင်နဲ့မတူ စိုစိုပြည်ပြည်ဖြစ်နေပြီ
မဟုတ်လား … ဒီလိုပဲ အိမ်မှာ တစ်ခါတစ်ရံ ပူညံပူညံလေးဖြစ်ပေးမှ
စည်ကားတာပေါ့ … သူ့ကို ပင်ပန်းတဲ့နေရာတွေ မခိုင်းပါနဲ့ကွာ …
ဒီမှာ စိုက်ခင်းထဲ ကိုယ်တိုင်ရေထမ်းပြီး လောင်းနေတာ ပင်ပန်းလို့ဆို
ပြီး ရန်ကုန်လွှတ်ကာမှ ပိုဆိုးနေပြီ … ကြည့်လုပ်ပါဦး … "

"ဒါဆိုလည်း လေးလေးပြန်လာတော့လေ … ကျွန်တော်နဲ့

ရေရှည်ဖြစ်မှာ မဟုတ်ဘူး … ကြာရင် ဒီကောင့်ကို ကျွန်တော် လက်
သီးစာကျွေးမိလိမ့်မယ် … ”

“အံမာ … လုပ်ရဲရင်လုပ်ပေါ့ … မင်းလက်သီးပဲ သူ့ကိုထိမလား
သူ့လက်သီးပဲ မင်းကိုထိမလား … သိချင်လိုက်တာ … ”

“လေးလေးက သူငယ်ချင်းနဲ့ နှစ်ယောက်တည်း ဘာလုပ်နေ
မှာလဲ … ပျင်းစရာကြီး … ပြန်လာပါတော့လား … ”

“မင်းအတွက် ကျွန်ကုလား မယားတောသူ ရှာပေးနေတာ
လေ … ”

“ဟာ … တောသူကြီး မလိုချင်ပါဘူး … ”

“အမယ် … ကျန်းမာရေးကောင်းကောင်း … လုံးကြီးပေါက်လှ
တွေချည်းပါကွ … ”

“ဒါဆိုလည်း မချစ်စုသာခေါ်လာခဲ့တော့ … ”

“ဟေ … မင်းအတွက်လား … ”

“မဟုတ်ဘူး … သူ့ဖို့ … သူ့ဖို့ … မဟုတ်ရင် ကျွန်တော့်ကောင်
မလေးကို ပတ်ရှုပ်နေပြီ … ”

လေးလေးက သဘောကျရယ်ရင်း ဖုန်းချသွားတော့သည်၊ နာရီကိုငုံ့ကြည့်လိုက်တော့ ညနေ ၅ နာရီခွဲနေပြီ။ ခုချိန်ထိပြန်မရောက်သေးသဖြင့် စိတ်ပူ၍ မောင်စိုးကို လိုက်သွားခိုင်းကာ ခြံထဲမှာ ဟိုဒီ လျှောက်နေသည်။

တအောင့်အကြာ မောင်စိုးက အထုပ်နှင့် ပြန်ရောက်လာပြီး ဇော်နှင့် ချောက အခွေငှားဆိုင်ဝင်ပြီးမှ ပြန်လာသဖြင့် နောက်ကျနေလေ၏။ သူ့ မျက်နှာ ခပ်တင်းတင်းဖြင့် စောင့်ကြည့်နေသည်။ ခြံရှေ့သို့ ဇော်နှင့် ချောရောက်စဉ် ချောအစ်ကိုကားက နောက်မှရောက်လာ





၏။

“ဟေ့ ဇော် … ဘယ်ကပြန်လာတာလဲ … ”

“ဟာ … ကိုကို … ဈေးကပြန်လာရင်း ချောအခွေငှားချင်တယ် ဆိုလို့ အခွေဆိုင်ဝင်တာပါ … ”

“ရော့ … ဒီမှာ ကိုကို မာလကာသီးတွေဝယ်လာတယ်၊ ကြိုက်တယ်မဟုတ်လား … ”

“ဟာ … ကြိုက်တာပေါ့ … ဒီတစ်လုံးယူမယ် … ”

“ဟင် … ကိုကို … ချောအရင်ရွေးမှာလေ … ”

“ဟားဟား … ငါ့အလုံးက အကြီးကြီး … ”

“ဟာ … မရဘူး … အဲဒါ ချောယူမှာ … ”

“ဘယ်ရမလဲ … ယူပြီးစလစ်နံပါတ်တစ် … ”

ဇော်ရွေးယူလိုက်သည့် ကီလိုမာလကာသီးကို အပေါ်မြှောက်ထားလိုက်တော့ ချောက မမှီတမှီလှမ်းလုရင်း ဆူညံနေ၏။ ကားကိုမှီရပ်ရင်း ကိုကိုက ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။

“မရဘူး … မရဘူး … ချောစားမှာ … ဇော်နော် … မညစ်နဲ့”

“ကိုကိုက ငါ့ကို အရင်ရွေးခိုင်းတာလေ … ”

“ဟင့်အင်း … မရဘူး … ပေးဆို … မပေးရင် ဇော်နဲ့ မခေါ်တော့ဘူးနော် … ”

“ဒါဆို နားညည်းသက်သာတာပေါ့ … ”

“ကြည့်ပါလား … လူကို ဘယ်တုန်းကတည်းက မကျေနပ်လဲ မသိဘူး … အခုမှ အကျင့်ပုပ်ကွေပေါ်တော့တယ် … ”

ချောက ပြောရင်း ငိုချလိုက်သဖြင့် ဇော် ကပျာကယာဖြင့် ချောလက်ထဲသို့ မာလကာသီးကို ပြန်ထည့်ပေးလိုက်ပါ၏။

"ဟာ ... မငိုရဘူးလေ ... ခင်လို့စတာပဲကို ... တီဝ ရှော့ပါ ... ကျွန်တော် တခြားအလုံးပဲယူပါ့မယ် ... "

"မစားဘူး ... ခုမှလာမပေးနဲ့ ... မယူဘူး ... "

"ညီမလေးကလည်းကွာ ... အချင်းချင်း အဲဒီလိုစိတ်မကောက်ကြေး ... ကလေးကျနေတာပဲ ... ယူလိုက် ... လာခော် ... ဒီမှာ နောက်တစ်လုံးလာယူ ... "

ခော် ကိုကို့ဆီမှ နောက်တစ်လုံးကို ယူလိုက်တော့ ကိုကိုက ခော့်ခေါင်းကို အသာလေးပုတ်လိုက်လေ၏။

"ကျေးဇူးပဲနော် ကိုကို ... "

"ရပါတယ် ခော်ရယ် ... "

"တော်ပြီ ... အဲဒီ ကိုကိုကလည်း နောက်မှ ရောက်လာတဲ့လူကို ပိုချစ် ပိုဦးစားပေးနေတာ ... လုံးဝမကျေနပ်ဘူး ... "

ချောက မျက်ကောင်းထိုးလိုက်ပြီး ခြံထဲသို့ဝင်သွားသဖြင့် ခော် ငေါ်ပြုံးပြုံးဖြင့်ကျန်ခဲ့၏။ ကိုကိုက လက်ပြလိုက်ရင်း ကားကို မောင်းဝင်သွားလေသည်။ ခော် ခြံထဲဝင်ကာ ခြံတံခါးကို သော့ခတ်လိုက်ပါ၏။ ထို့နောက် အိမ်ထဲသို့ အပြေးဝင်သွားတော့သည်။ ကြည့်စမ်း ... ကောင်မလေးစိတ်ကောက်သွားတာတောင်ခော်ကခပ်ပျော့ပျော့ပါပဲလား။

"ကိုမောင်စိုးရေ ... မာလကာသီးစားရအောင်ဗျို့ ... "

သူ သက်ပြင်းကိုသာ ချလိုက်မိ၏။ လူငယ်လေးတွေရဲ့စိတ်ကို သူ လိုက်မမီနိုင်ပါလား။

♥





( ၈ )

အလုပ်နားရက်မို့ နားနားနေနေလေးနေရန် ဆုံးဖြတ်ပြီး အိပ်ရာထဲမှ မထသေးဘဲ နှပ်နေ၏။ အိမ်ငှအောက်ထပ်မှ ဟင်းနံ့က အခန်းထဲထိဝင်လာသဖြင့် သူ ကျူးထလိုက်သည်။ ဒီကောင် ဘာတွေချက်နေပြန်ပြီလဲသိ။ ရေချိုးခန်းဝင် ကိုယ်လက်သန့်စင်ပြီး မျက်နှာသစ်အဝတ်လဲပြီးမှ အောက်ထပ်ကိုဆင်းခဲ့၏။ မီးဖိုခန်းထဲမှ ဟင်းနံ့က ပို၍တုဂ်နေလေသည်။

"ဘာတွေချက်နေပြန်ပြီလဲ ... "

"ဟာ ... အစ်ကို အစောကြီးနိုးနေပြီ ... "

"ငါမေးတာကို အရင်ဖြေမှပေါ့ ... "

"ဟို ... မုန့်ဟင်းခါးချက်စားတာ ... "

"ဘာဖြစ်ထား[illegible]လို့လဲ ... "

"မနေ့က သူတို့နှစ်ယောက် မာလကာသီးလုရင်း ရန်ဖြစ်ထားတာလေ ... "

ထမင်းစားခန်းဝသို့ ချော ရောက်လာ၏။ မနံ ဘ်စောစော အစိမ်းနုရောင်လေး ဝတ်ထားတာမို့ အမြင်ကို အေးနေလေသည်။

"ကိုမာန် ... ဇော်ရော ... "

"ဘယ်သိမှာလဲ ... "

"ကြည့် ... တွေ့လား ... ကိုမာန်လည်းနော် ... နောက်ပိုင်းမှာ ချောကို စကားချိုချိုသာသာမပြောတော့ဘူး ... ရန်သူကြီးကျနေတာပဲ ... "

"အဲဒါ နှင့်အပေါင်းအသင်းကြောင့်ဖြစ်နေတာ ... "

"ဘယ်သူလဲ ... "

"နှင့် ဖိုးဇော်လေ ... "

ချော လှစ်ခနဲပြုံးလိုက်၏။ မျက်လုံးလေးဖြင့် ဝေ့ဝဲရှာသော်လည်း ဇော့်အရိပ်အယောင်ကိုမျှ မတွေ့ရ။

"ကိုမောင်စိုး ... "

"ဗျာ ... လာပါပြီဗျ ... "

မောင်စိုးက မုန့်ပွဲအသစ်ပြင်ပေးလျက် ထွက်လာသဖြင့် ချောက ရှောင်ပေးလိုက်ရ၏။

"စားလို့ရပါပြီ ခင်ဗျာ ... "

"ဘာစားရမှာလဲ ... "





"မုန့်ဟင်းခါးလေ ... "

"မစားချင်ပါဘူး ... သူ့တွေ့ချင်လို့ပါဆို ... ဘယ်မှာလဲ"

"လသာဆောင်မှာ ... "

"အံမယ် ... ရှာကရည်းစားကို လွမ်းနေတာပေါ့လေ ... တွေ့ဦးမယ် ... ဟွန်း ... "

ဆိုးဆိုးဆတ်ဆတ် အပေါ်ထပ်ကို လိုက်တက်သွားသော ချောကို မေးငေါ့ပြလိုက်ပြီး သူ ပခုံးတွန့်လိုက်ပါသည်။

"မြင်တဲ့အတိုင်းပဲ ... မြင်းကမလူပ် ... ခုံကလူပ်ဆိုတာပေါ့"

"ဒါကတော့ ရှယ်တူကိုးကွ ... ဒီလောက်တော့ရှိမှာပေါ့ ... "

ချောအပေါ်ကိုရောက်တော့ လသာဆောင်မှာ ဇော်ရှိမနေပါ။ ခပ်ဟဟပွင့်နေသည့် အခန်းတံခါးကို တွန်းကြည့်လိုက်တော့ ဇော်က အဝတ်အစားတွေ ခေါက်သိမ်းနေလေရဲ့။

"ဟယ် ... အဲဒါဘာလုပ်နေတာလဲ ... "

"ပြန်တော့မယ် ... "

"ဘယ်ကိုပြန်မှာလဲ ... "

"တောသားပဲဗျ ... တောကိုပြန်မှာပေါ့ ... "

"ဟင် ... ဘယ်သူက နှင်ချလို့လဲ ... "

"အိမ်ကြီးရှင်က ကျွန်တော့်ကို ဒီမှာမထားချင်တော့ ပြန်ရုံပဲရှိတာပေါ့ဗျ ... "

"ဟယ် ... မပြန်ရပါဘူး ... သူ ဒီမှာမထားရင်လည်း ချောတို့အိမ်မှာလိုက်နေပေါ့ ... "

"မြို့မှာနေရတာ မပျော်ပါဘူးဗျာ ... တောသားက တောနဲ့ အပ်စပ်ပါတယ် ... တော်ပါပြီ ... "

ဇော်က မျက်နှာသုတ်ပဝါကို တန်းပေါ်မှ ရုတ်လိုက်ပြီး ခေါင်းက အိတ်ထဲထည့် ဇစ်ဆွဲပိတ်လိုက်တော့ ချောက ဖျတ်ခနဲ အောက်ထပ်သို့ ပြေးဆင်းသွားတော့သည်။

"ကိုမာန် ... ကိုမာန် ... ဇော် တောပြန်တော့မလို့တဲ့ ... "

"လုပ်ချလိုက်ပြန်ပြီ ... ဘယ်သူက ပြောလိုက်လို့လဲ ... "

"ကိုမာန်က ဒီမှာမနေစေချင်တော့လို့တဲ့ ... "

"ဟာကွာ ... ပြဿနာရှာပြန်ပြီ ... "

သူ့ကော်ဖီခွက်ကိုချ၍ ခုံမှထထွက်လာတော့ ဇင်မင်းပါ ချော နှင့် နောက်က လိုက်လာလေသည်။ အပေါ်ထပ်ရောက်တော့ ဇော်က ရှူးဖိနပ်ကို ဘရပ်ရှပ်ဖြင့်တိုက်နေလေ၏။

"ဒါက ဘာအချိုးချိုးတာလဲကွ ... "

"ကျွန်တော် ပြန်တော့မယ် ... "

"မင်းကို ဘယ်သူက နှင်နေလို့လဲ ... "

"အစ်ကိုပဲ ကိုမင်းနောက်ကို ထည့်မယ်ဆို ... ကျွန်တော်မ မလိုက်ချင်တာ ... ရှာပဲပြန်တော့မယ် ... "

"ဟာ ... ငါက စကားအဖြစ်ပြောတာပါကွ၊ မင်းအချိုးကလည်း တော်တော်ပြေတာကိုး ... "

"ကျွန်တော်က အစ်ကိုမဖိတ်ဘဲ ရောက်လာတဲ့ ဧည့်သည်ပဲ ဟာ ... အစ်ကိုမနှင်ခင် ပြန်မှာပါဗျ ... "





"ကျွတ် ... မင်းတော့နော် ... ငါ့စိတ်က သိပ်ရှည်တာမဟုတ်ဘူး ... "

"ချောက ပြောပါတယ် ... ဒီမှာမနေချင်ရင် အိမ်ကိုလိုက်ခဲ့ဆို တော့လည်း မဟုတ်ပြန်ဘူး ... "

သူ ဘာမှဆပ်မပြောတော့ဘဲ အခန်းတံခါးကို ဆတ်ခနဲ ဆွဲပိတ် ကာ အပြင်မှသော့ခတ်လိုက်တော့သည်။

"ဟာ ... အဲဒါ ဘာလုပ်တာလဲ ... အစ်ကို တံခါးဖွင့်ပေး"

"ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း ... "

ချောနှင့် ဇင်မင်းထံမှ ရယ်သံတွေထွက်လာ၏။ သူလည်း ဘာ မှန်းညာမှန်းမစဉ်းစားမိဘဲ လုပ်ရပ်ကြောင့် ကိုယ့်ဟာကိုယ် အူကြောင် ကြောင်ဖြစ်ကာ ရယ်ချလိုက်သည်။ ကောင်းတယ်။ မှတ်ကရော။

"ဒုမ်း ... ဒုန်း ... "

"တံခါးဖွင့် ... ကိုမောင်စိုးရေ ... "

"မင်းပြန်တော့ ... ငါ လေးလေးကို ဘယ်လိုရှင်းပြရမှာလဲ"

"အဲဒါ ကျွန်တော့်ကိစ္စပါဗျ ... ကျွန်တော့်ဟာကျွန်တော် ရှင်း မယ် ... ဖွင့်ပေးနော် ... မရရင် ကျွန်တော် တံခါးရိုက်ချိုးပြီးထွက်မှာ"

"ရရင်လုပ်ပေါ့ ... ငါ လေးလေးဆီ ဖုန်းဆက်ဦးမယ် ... "

သူ အပေါ်ထပ်ဖုန်းမှပင် နယ်ကိုလှမ်းခေါ်လိုက်ပါ၏။ အတော် လေးကြာမှ လေးလေးက ဖုန်းလာကိုင်သည်။

"ဟယ်လို ... "

"လေးလေးလား ... ကျွန်တော်ပါ ... "

"အေး ပြော ... ဘာဖြစ်ပြန်ပြီလဲ ... "

"လေးလေးကောင် သောင်းကျန်းလို့ အခန်းထဲထည့်ပြီး ပိတ်ထားလိုက်ပြီ ... "

"ဟာ ... မင်း ... ကလေးကို မနှိပ်စက်နဲ့လေကွာ ... နဂိုကမှ အိမ်ထဲမအောင်းချင်တဲ့ ချာတိတ်ကို ... "

"သင်းက ရှာပြန်မယ် တကဲကဲလုပ်နေတာကိုးဗျ ... ဘယ်လိုလုပ်ရမလဲ ... "

"အဲဒါ မင်းအပြောအဆိုမတတ်လို့ပဲဖြစ်မှာ၊ နည်းနည်းလောက်တစ်ထစ်လျှော့မှပေါ့ ... ဟော ... အေးအေး ... ဒီမှာ သူ့အဘ သူနဲ့ပြောမယ်တဲ့ ... ခေါ်ပေးလိုက ... "

သူ တံခါးဖွင့်ပေးလိုက်တော့ ဇော်က ဂျစ်ကန်ကန်ကြည့်ရင်း အခန်းထဲမှထွက်လာသည်။

"မင်းအဘဖုန်းလာနေတယ် ... "

ဇော်က ထိုင်ခုံမှာထိုင်၍ ဖုန်းကို ကောက်ကိုင်လိုက်ပါ၏။ တစ်ဘက်မှ ဖုန်းသံကိုမကြားရပေမဲ့ ဇော့်အသံကိုတော့ ကြည်လင်စွာကြားနေရသည်။

"ပြန်ချင်ပြီ ... ဟင့်အင်း ... မပျော်ဘူး ... "

"မဖြစ်ဘူး အဘရ ... "

"အဘကိုလည်း လွမ်းတာပဲ ... ချစ်စုရော ရွာထဲကကောင်တွေရော ... အားလုံးကိုသတိရတာပေါ့ ... ဟိုကောင်လေး ဝတုတ်ကိုလည်း လွမ်းတာပဲဟာ ... "





"ဟာဗျာ ... မသိဘူး ... "

"ကျွတ် ... သူမှမကြည်တာ အဘရဲ့ ... ကြာရင် သူ့မျက်စောင်းအောက်မှာ ကျွန်တော် ပြာဖြစ်တော့မယ် ... "

အံမာ ... သူ့အတင်းကိုပါတုတ်နေသဖြင့် ခါးယောက်၍ ကြည့်လိုက်တော့ ချာတိတ်က မျက်နှာကို ဟိုဘက်လှဲသွား၏။ တော်တော်ကြည်တဲ့ကောင်။

"ပင်ပန်းတာခံနိုင်တယ် ... စိတ်ပင်ပန်းတာ မခံနိုင်ဘူး"

"အာ ... အဘက ပြန်မလာခိုင်းတော့ ကျွန်တော်က ဘယ်ကိုသွားနေရမှာလဲ ... စိတ်ညစ်လာပြီ ... "

"အဲဒါဆို အိမ်ရှိတဲ့မိန်းမကိုပဲ ခိုးပြေးတော့မယ် ... "

သူ မျက်ခုံးနှစ်ဖက်ပင့်သွားရ၏။ ချောထံမှ တခစ်ခစ်ရယ်သံ ...တိုးထွက်လာသည်။

"ဟုတ်တယ်လေ ... အဘက ခြိမ်းခြောက်တာကိုး ... "

"သွားမှာပဲ ... အဘကလည်း ကျွန်တော့်ကို အရင်လို မချစ်တော့ဘူး မဟုတ်လား ... နောက်မိန်းမယူချင်လည်းယူ ... ကျွန်တော့်ကို အတင်းအိမ်ထောင်မချပေးပါနဲ့ ... အသက်ငယ်သေးတယ်ဗျ"

"အဘယူရင် အဲဒီဒေါ်အေးကြည်ကိုတော့ မယူပါနဲ့ ... ဒီမိန်းမကြီးက သိပ်လည်တာ ... ပြီးတော့ သူ့သားနဲ့ ကျွန်တော်နဲ့ မဖြစ်ဘူး၊ ကြည့်မရဘူး ... "

"အဘလည်း လုပ်ချင်တာလုပ် ... ကျွန်တော်လည်း ဇွတ်လုပ်ပဲနော် ... နောက်မှ အဆိုးမဆိုနဲ့ ... ဘာပဲဖြစ်ဖြစ် ... "

"မသိဘူး ... မသိဘူး ... ဒါပဲ ... "

ဗွက်ခနဲ ဖုန်းချကာ ထိုင်ခုံမှာပင် ပေစောင်းစောင်း ဆက်ထိုင်နေသဖြင့် ချောက ဇော့်လက်ကို သွားဆွဲခေါ်လိုက်ပါ၏။

"ကဲလာ ... မုန့်ဟင်းခါးသွားစားကြမယ် ... "

ဇော်က လက်ကိုပြန်ရုတ်ရင်း ချောလက်ကလေးကို ဖယ်လိုက်ပါ၏။

"သွားစားနှင့်ပါလား ... "

"ဇော်က ချက်ထားပြီး မစားဘူးလား ... "

"ကျွန်တော် ကားမောင်းသင်ရတော့မှာ ... အချိန်မရှိတော့ဘူး ... "

"ဇော်နော် ... ဘယ်လိုဖြစ်ရတာလဲ ... ဇော်နဲ့စကားများတာ ချောမှမဟုတ်တာ ... မရမ်းနဲ့ ... "

ချောက ပြောပြောဆိုဆို ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး တရှုံ့ရှုံ့ငိုလေတော့၏။

"ဟာ ... မငိုနဲ့လေ ... "

ဇော်က ထိုင်ခုံမှထရပ်၍ ခေါင်းကို ကုတ်လိုက်၏။ သူနှင့် ဇ မင်းက အသာလေးပေးကြည့်နေလေသည်။

"ဘာမှန်းလည်း မသိဘူး ... သူ့ဟာသူ ကိုမာန်နဲ့ စကားများပြီး ဘာမဆိုင် ညာမဆိုင် သူများကိုပါ ထည့်ရမ်းတယ် ... "

"ဟာ ... ဘယ်မှာရမ်းလို့လဲ ... "

"အဲဒါ ရမ်းတာပေါ့ ... သူ့ရည်းစားလွမ်းလို့ ပြန်ချင်ရင် ဝန်မခံ





... ဒီကလူတွေကို အပြစ်ရှာနေ ... "

"အာ ... ဘာရည်းစားလဲကွ ... "

"မချစ်စုလေ ... ဇော့်အသည်းနှလုံး ကျောက်ကပ် ကလီစာချစ်စုကိုပြောနေတာ ... တကတည်း လွမ်းလွန်းလို့သေတော့မယ်"

"ကဲ ... လာပါ ဖိုးဇော်ရယ် ... အချိန်ကုန်တယ် ... မုန့်စားမှာလာစား ... ငါလည်း မဝသေးဘူး ... လာ ... ချောစုလည်းလာ"

ချောက ဇော်နှင့်အတူရပ်လိုက်ရင်း အောက်ကို ဆင်းလာခဲ့သည်။ ထမင်းစားခန်းထဲပြန်ဝင်လာတော့ ငါးကြောက်သည့်သူ့အတွက် ဘဲဥတော်သုပ်ကို အရသာရှိရှိ ဖိုးဇော်သုပ်ပေးသဖြင့် သူ ဘာမှမပြောဖြစ်တော့ဘဲ စားလိုက်မိလေ၏။

♥

"အရှိန်လျှော့ ... ဂီယာချိန်း ... ဘယ်ဘက်ကိုယူညှ် ... မှာ
သွားပြီ ... နည်းနည်းပဲ၊ အေး ... ဟုတ်ပြီ၊ ဆက်မောင်း ... "

ဇင်မင်း ပြောသည့်အတိုင်း ခပ်ဖြည်းဖြည်းဝင်ခဲ့ရင်း ဖွင့်ထား
သည့်ခြံတံခါးမှ အသာကွေ့ဝင်လိုက်သည်။

"ဘရိတ် ... ဘရိတ်ဖမ်းလေ ... ဟာ ... တိုက်တော့မှာပဲ"

"ကျွီ ... "

"အား ... "

တိုက်ရှေ့မှာ ရပ်နေသည့် သူ့ရှေ့တည့်တည့် ဝင်တိုးမိမလိုဖြ
သွားသဖြင့် ဇော် လန့်အော်လိုက်မိ၏။ ဘရိတ်ကို ဇင်မင်း လှမ်းနင်
လိုက်၍ ဂျပန်ဖိနပ်စီးထားသည့် ဇော့်ခြေထောက် တော်တော်နာသွာ
သည်။





"တစ်ခါတည်း ပွဲချင်းပြီးအောင် တိုက်လိုက်ပါလား ... "

"ဟာ ... ထူးမဆန်းရာ ... သင်ကာစလူကို လျှောက်ပြောမနေ
နဲ့ ... ကောင်လေး တော်တော်လန့်သွားတဲ့ဟာကို ... "

"မသိပါဘူး ... တမင်များ တည့်တည့်ကြီး မောင်းလာတာလား
လို့ ... "

ဇော် တုန်တုန်ရင်ရင်နှင့် ကားရှေ့ခန်းမှ ဆင်းလိုက်ပြီး အိမ်ထဲ
ဝင်ပြေးကာ ... သောက်ရေတစ်ခွက်ကို အရင်သောက်လိုက်ရ၏။
အမလေး ... သူ့မျက်နှာမာမာကြီး မြင်လိုက်ရသည်နှင့် ကျက်ထား
မှတ်ထားသမျှတွေ အကုန် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပါ
လေရော။ သက်ပြင်းတစ်ချက်ကိုသာ ခပ်လေးလေးချလိုက်ရ၏။

"ကဲ ... ရေချိုးတော့ ... ပြီးရင် အိမ်ရှေ့အိမ်ကို လိုက်လာခဲ့၊
ကြားလား ... ခြံတံခါးကိုလည်း စေ့ခဲ့ဦး ... "

"အိမ်ရှေ့ခြံ ဘာသွားလုပ်ရမှာလဲ ... "

"ဒီနေ့ ချောစု မွေးနေ့ဖိတ်ထားတာလေ ... "

"ဟာ ... သွားပါပြီ ... ကျွန်တော် ဘာမှ ဝယ်မထားဘူး"

"ငါ့မှာပါတာပဲဟာ၊ လိုက်သာလိုက်ခဲ့ ... ဇင်မင်းလည်း အပေါ်
ထပ် ငါ့အခန်းမှာပဲ ရေချိုး ... ပြီးရင် အဝတ်တစ်စုံလဲပြီး ဖိုးဇော်နဲ့အတူ
လိုက်ခဲ့ ... ငါ့ကို ပြောစရာရှိတယ်ဆိုလို့ သွားနှင့်မယ် ... ပွဲက ညရှစ်
နာရီမှ စမှာ ... "

"အေး အေး ... "

အပေါ်ထပ်တက်၍ ရေချိုးအဝတ်အစားလဲပြီး ထွက်လာတော့

လှေကားထိပ်မှာ နှစ်ယောက်သား ဆုံပြီး သွက်သွက်ဆင်းလာခဲ့ေ
ဇော်က ... ဆင်စွယ်ရောင်တီရှပ်ပေါ်မှ ရှပ်အပြာလေးဝတ်ကာ ဂျ
ဘောင်းဘီနက်ပြာနှင့် တွဲဝတ်ထားသည်။ ဇင်မင်းက ရှေ့မှ လျှောက်
နေသည့် ဇော့်ခေါင်းကို လှမ်းထုရင်း တီးတိုးပြောလိုက်၏။

"အဲဒါကြောင့် ငါနဲ့အတူ မနေချင်တာကိုး ... အခုမှပဲ ငါ
သိတော့တယ် ... "

"ဟာ ... ရှူး တိုးတိုးဗျ ... ကိုမင်းကလည်း လူတွေသိကုန်
တော့မှာပဲ ... "

"ဒါ လျှို့ဝှက်ထားစရာကိစ္စလားကွ ... "

"ဟာဗျာ ... ပြောနေတဲ့ကြားက"

"ဒီကိ ရှိန်မောင် သိလား ... "

"သိတာပေ့ါ ... ဒီကောက် လက်ပွန်းတတီးနေရတာ မသိဘဲ
ဘယ်နေမှာလဲ ... ကိုညိုကြီးတောင် နှုတ်လုံတာ ... ကိုမင်းက ပိုလုံ
ပေ့ါ ... "

"ထူးမာန် ခုထိ မရိပ်မိဘူးလား ... "

"ကိုမင်းနော် ... ဗွေမဖောက်နဲ့၊ ကျွန်တော့်ကို ရှာပြန်ပြေး
အောင် မလုပ်ပါနဲ့ဗျ။ သူ့ဟာသူ အချောတွေစုတဲ့ ချောစုဆီကို အာရုံ
ရောက်နေတာကို ... "

"ဟင်း ဟင်း ... ငါကောင်ကတော့ ဘယ်နေ့သိမလဲ ကြည့်ကြ
သေးတာပေ့ါ ... "

"မလုပ်ပါနဲ့ဗျာ ... တော်ကြာ ဒီအိမ်မှာ လက်မခံလို့ ကျွန်တော်





...ပြောင်းပြေးနေရပါဦးမယ် ... "

ဇော်က ရှူးဖိနပ်အဖြူကိုဝတ်၍ အိမ်တံခါးကိုသော့ခတ်ကာ
...င်မင်းနှင့်အတူ ထွက်လာခဲ့ပြီး ခြံတံခါးကိုလည်း သော့ခတ်လိုက်ပါ
... အရှေ့ခြံတံခါးက ဟင်းလင်းပွင့်နေပြီး မီးတွေလင်းထိန်နေလေ
...ည်။ တဖွဲဖွဲရောက်လာကြသည့် ဧည့်သည်များကြားမှာ မျှော်လင့်နေ
...ည့် အရိပ်လေးကို မြင်လိုက်ရသဖြင့် ကိုကိုက ချောကို လှမ်းပြလိုက်
... ချောက ဝမ်းသာအားရဖြင့် ဇော့်ဆီကို အပြေးလာခဲ့လေသည်။

"ဟယ် ... ချောကြိုက်တဲ့ အရောင်လေး ဝတ်လာတာကိုး ...
...ာခဲ့ ... ကိုကိုထိုင်တဲ့ဝိုင်းမှာပဲ ထိုင်နော် ... "

"ဟာ ... ချောသူငယ်ချင်းတွေနဲ့ မိတ်မဆက်ပေးဘူးလား"

"ဘာကိစ္စ မိတ်ဆက်ပေးရမှာလဲ ... မရဘူး ... ကိုကို့အနားမှာ
...ထိုင် ... ကိုဇင်မင်းက ကိုမာန်နဲ့ တွဲထိုင်နော်"

"ငါ့ကိုတော့ နင့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ် မဟုတ်
လား ... "

"အင်း ... "

"ဟာ ... ကြည့်စမ်း၊ အတော်မျက်နှာလိုက်တာပဲ"

"မရှည်ပါနဲ့ ... အဲဒါ ဒဏ်ခတ်ထားတာ၊ လာ ... ဒီမှာထိုင်၊
ကိုကို ဇော့်ကို စောင့်ခံထားနော် ... ချော ကိုဇင်မင်းကို ကိုမာန့်ဆီ
ခေါ်သွားဦးမယ် ... "

ကိုကိုက ခပ်ပြုံးပြုံးဖြင့် ဇော့်ကို စိုက်ကြည့်နေ၍ ဇော် အကြည့်
လွှဲလိုက်၏။ ခဏအကြာ အအေးဘူးနှင့် ခေါက်ဆွဲကြော် ရောက်လာ

လေသည်။

"စားလေ ဇော် ... "

"ချောကို စောင့်ဦးမလားလို့ ... "

"မစောင့်နဲ့ ... သူက သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ခွံ့တာစားပြီး ဗိုက်ပြည့်နေပြီ ... "

ကိုကိုက လိုက်ပွဲပန်းကန်ထဲမှ အသားနှင့် ဘဲဥဖတ်တွေကို တူဖြင့် ညှပ်ယူ၍ ဇော့်ကို ထည့်ပေးနေ၏။ ဇော်က ခပ်လှမ်းလှမ်းစားပွဲမှ ချောကို ကြည့်လိုက်တော့ ကောင်မလေးတစ်ယောက် ခွံ့ကျွေးသည်ကို စားနေတာ တွေ့ရလေသည်။

"သူ့ကျတော့ ကောင်မလေးတွေနားမှာ ကပ်နေပြီးတော့"

"ကောင်မလေးတွေက ဇော့်လောက် ချောလို့လားကွ"

"ဟာ ... ကိုကို့စကားကြီးက ဘာလဲ ... "

"မှန်တာပြောနေတာလေ ... အဲဒီကောင်မလေးတွေက ဇော့်လောက်မှ မလှတာကို ... "

ဇော့်မျက်နှာ ဖြန်းခနဲ ရဲတွတ်သွား၏။ ကိုကို့မျက်နှာကို မကြည့်ရဲတော့ဘဲ ခေါက်ဆွဲပန်းကန်ကိုသာ ငုံ့ကြည့်နေမိသည်။ ကိုကိုက အသံခပ်တိုးတိုးဖြင့် ရယ်လိုက်သဖြင့် ဇော် ... ကိုကို့ကို မှန်ကုတ်ကုတ်ဖြင့် ကြည့်လိုက်မိသည်။

"ကိုကိုကလည်း ... "

"ဟုတ်တယ်လေ ... ကိုကို့မျက်စိထဲမှာတော့ ဘယ်ကောင်မလေးမှ ဇော့်လောက် ကြည့်မကောင်းတာအမှန်ပဲ ... "





"ရှူး ... တိုးတိုးလေ ... "

"ဟင်း ဟင်း ... ထူးမာန်သိမှာ ကြောက်လို့လား ... "

"အင်းပေါ့ ... "

"အခုတောင် ဖေဖေတို့က ထူးမာန်ကို ပြောနေတာ"

"ဟင် ... ဘာပြောတာလဲ ... "

"ဇော့်ကို ဒီအိမ်ပြောင်းထားပေးဖို့ပေါ့ ... ဒီအိမ်မှာက ချောရှိတယ်လေ ... "

"အာ ... အစ်ကိုတော့ သိတော့မှာပဲ"

"မသိပါဘူး ... ကိုယ်တို့မိသားစုပဲ သိထားတာ ... ဘာလဲ၊ နေချင်ဘူးလား"

"ဟင့်အင်း ... မဖြစ်ပါဘူး၊ အစ်ကိုက နဂိုကတည်းက ချောနဲ့ …န်တော့်ကို အမြဲမကြည့်နေတဲ့ဟာ ... "

"နောက်တော့ သူ သိသွားမှာပါ"

"မသိစေချင်ပါဘူးဗျာ ... မျက်နှာပူစရာကြီး၊ ဦးကျော်ကလည်း ဘာလို့ ဟိုမှာ ကြာနေတာလဲ မသိပါဘူး"

"ဇော် ... ငယ်ငယ်ကတည်းက ဒီလိုပဲ နေလာတာသား"

"အင်း ... "

"ဟင်း ဟင်း ... မသိတဲ့လူကတော့ ... ဇော့်ကို ဟကယ့် ယောကျ်ားလေးလို့ပဲ ထင်နေမှာ ... "

"ဘယ်သူတွေ ဘယ်လိုပဲသိသိပါ ... အစ်ကိုမသိရင်ပြီးရော"

"ဘာဖြစ်လို့လဲ ... "

"ကျွတ် ... အဲဒါ ကိုကိုမသိပါဘူးဗျာ"

ကိုကိုက ဇော့်ခေါင်းကို တစ်ချက်ထုလိုက်ပါ၏။ ချောက ဇော် တို့စားပွဲနားကို ရောက်လာလေသည်။

"ဇော် ... ချောကို ကြက်သားဖတ်ခွံ့ကျွေး"

"ခုထိ မဝသေးဘူးလား ... "

"ဇော် ကျွေးတာမှ မစားရသေးတဲ့ဟာ ... ခွံ့ပါဆို"

ဇော်က ပန်းကန်ထဲမှ ကြက်သားဖတ်ကို ခွံ့ကျွေးလိုက်ပါသည် ချောက နောက်ထပ် ဘဲဥကြော်ဖတ်ကို လက်ညှိုးထိုးပြန်သဖြင့် ထပ် ခွံ့ရပြန်၏။

ခပ်လှမ်းလှမ်းစားပွဲမှ သူ လှမ်းကြည့်နေသည်။ အစ်ကို့ရှေ့မှာ မရှောင် ကောင်မလေးကို ခွံ့ကျွေးနေပုံက လက်သီးစာကျွေးပစ်ချင် စရာ။ စားလက်စခေါက်ဆွဲကြော်ဇွန်းကို ချလိုက်မိသည်။

"ဟာ ... ဘာဖြစ်တာလဲ၊ ဝပြီလား ... "

"ဟိုမှာကြည့်ပါလား ... ကိုယ့်ညီမကို ခွံ့ကျွေးနေတာ အစ်ကို ကလည်း တော်တော်ကြည်ဖြူနေပုံပဲ ... တောသားတော့ ငါ လုပ် တော့မယ် ... "

"ထူးမာန်ရာ ... မင်းကလည်း သူတို့ရှိုးသားပါတယ်ကွ"

"မထင်ပါဘူး ... အခု အန်ကယ်နဲ့အန်တီက ဒီကောင့်ကို ဒီအိမ် မှာ ခေါ်ထားချင်တယ်လို့ ပြောလိုက်လို့ ငါ တင်းနေတာ ... "

"သူကလည်း နေချင်ဦးမှပါကွ ... "

"အေး ... သူ နေမယ်ဆို လက်ထပ်စာချုပ်ပါ တစ်ခါတည်း





သားလိုက်ရုံပဲ၊ အဲဒါမှ ပြီးရော ... "

ဇင်မင်းတစ်ယောက်တည်း ကြိတ်ရယ်နေသဖြင့် သူ ဇင်မင်း ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ဘာရယ်တာလဲကွ ... "

"သဘောကျလို့ပါ ... "

"ငါ ဒေါပွနေတာကို သဘောကျစရာလားကွ ... "

"ထူးမာန်ရာ ... ဒီအရွယ်နဲ့ဒီအရွယ် ရင်းနှီးနေရုံနဲ့ ကြိုက်စရာ သားကွ ... ငါတော့ မြင်ယောင်ပါတယ်ကွာ ... နောက်မှ ချောကနေ ချော်ထွက်သွားမှာကို ... "

"သူ ကျောင်းမပြီးသေးလို့ ငါ ငြိမ်နေတာ ... လေးလေး ပြန် လာရင် ဖွင့်ပြောမှ ဖြစ်တော့မယ်"

"ဘာကိုလဲ ... "

"သူ့ကိုတောင်းဖို့ ... "

"မင်းကို သူက ပြန်ကြိုက်ဦးမှကိုး ... "

"လူကြီးချင်း Peace ဖြစ်ရင်ပြီးတာပဲ ... "

"ဘိုးတော်ဘုရားခေတ် မဟုတ်ဘူး၊ မကြောင်နဲ့ ... မင်းဆီမှာ သူတို့ လာပြန်တောင်းမှ ဟုတ်ပေမှာဖြစ်နေမှာ ... "

"ဘာကိုလဲ ... "

"Sorry ... ငါ စကားမှားသွားတယ်၊ ဘာမှမဟုတ်ဘူး"

ချောက ဇော် ခွံ့ကျွေးတာကို စားအပြီး ဇော့်ရှေ့မှာ လက်ဝါး ဖြန့်လိုက်လေ၏။

"ဟင် … ဘာတောင်းပြန်တာလဲ"

"မွေးနေ့လက်ဆောင်လေ … "

"ဟာ … ကျွန်တော်က ခုနလေးမှ သိရတာမို့ ဝယ်မထားမိဘူး ချောရဲ့၊ နောက်နေ့မှ ယူနော် … "

"မရပါဘူး … မုန့်တော့ လာစားပြီး လက်ဆောင်မပါလို့ မလား ဇော်ရဲ့"

"ကျွန်တော် တောင်းပန်ပါတယ် ချောရယ် … မနက်ဖြန် ဆက် ဆက်ဝယ်ပေးမယ်လေနော် … "

"မရဘူး … "

"ဒါဆို … ဘယ်လိုလုပ်ပေးရမှာလဲ၊ ဒီအချိန် စတိုးဆိုင်တွေ လည်း ပိတ်ကုန်ပြီလေ၊ ဒုက္ခပါပဲ … "

"ပေးလို့ရတာ အရင်ပေးနှင့်ပေါ့ … "

"ဘာကိုလဲ … "

ချောက သူမပါးလေးကို လက်ညှိုးလေးထောက်ပြလိုက်တော့ ကိုကိုက သဘောတကျ အော်ရယ်လိုက်တော့သည်။ ဇော်က မျက်လုံး ပြူး၍ ချောကို ကြည့်လိုက်၏။

"ဟာ … ဘယ်ဖြစ်မှာလဲ၊ ဒီလောက် လူတွေအများကြီးရှေ့မှာ"

"မရဘူး … အဲဒါမှမပေးရင် ဇော့်ကို ကမ္ဘာမကျေပဲ … "

"အား … ခက်တော့နေပါပြီ ချောရယ်"

"ဘာဖြစ်လဲ ဇော်ရယ် … သူငယ်ချင်းအချင်းချင်းပဲ ပေးလိုက်"

"ဟော … ကိုကိုကလည်း စွတ်မြှောက်နေပြန်ပြီ … ကိုကို့ညီမ အကြောင်းလည်း သိသားနဲ့ … "

"ကဲ … ပေးမှာလား မပေးဘူးလား ပြော … "



"ပေးပြီ ပေးပြီ … "

ဇော်က မတ်တတ်ရပ်၍ ချောပါးလေးတစ်ဖက်ကို ဖျတ်ခနဲ မွှေးလိုက်ပါ၏။

"ဒီးဂက် … "

"ဟာ … တစ်ခါပဲလေ … "

"မရဘူး … "

ဇော် သက်ပြင်းတစ်ချက်ကို ခိုးရှိုက်ရင်း ချော၏တစ်ဖက်ပါး လေးကိုပါ မွှေးလိုက်ရလေသည်။

"ပြီးရင်လေ … မနက်ဖြန် မွေးနေ့လက်ဆောင် ဝယ်မပေးပါနဲ့၊ အခု ဇော် ဝတ်ထားတဲ့ T-Shirt လေးပဲပေး … "

"အဟောင်းကြီးကို … "

"ဘာဖြစ်ဖြစ် ပေးဆိုပေးပေါ့ … "

"လျှော်ပြီးမှယူလေ … "

"မရဘူး … အခုပြန်ရင် ချွတ်ပြီး မနက်ဖြန်ပေး … မလျှော်နဲ့"

"ဟာ … ချော်ရာ"

ဇော်တို့အဖြစ်အပျက်ကို အစအဆုံး စိုက်ကြည့်နေသည့် သူက အောင့်နိုင်တော့ဘဲ တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်မိ တော့သည်။

"တောက် … အိမ်ရောက်မှ ငါ့အကြောင်း သိစေရမယ်"

♥

## ၁၀

"ဟော့ကောင် ထူးမာန် ... မလုပ်ပါနဲ့"

"ဇင်မင်း ဖယ်ကွာ ... ငါ့အကြောင်း သိစေရမယ်"

အိမ်ကိုပြန်ရောက်သည်နှင့် ဒေါသတကြီး ပြေးလာသည့် သူ့ကို ဇော် ကြောင်ကြည့်နေ၏။ ဇင်မင်းက ထူးမာန်ကို အတင်းဆွဲထားလေသည်။

"ဟော့ကောင် ဖိုးဇော် ... နေဦး၊ အိမ်ပေါ်မတက်နဲ့ဦး ... မင်းနဲ့ငါ ဒီည စာရင်းရှင်းမယ်"

"ဟာ ... ဘာကိုလဲ အစ်ကိုရ ... "

"အောင်မာ ... အခုမှ မခုတ်တတ်တဲ့ကြောင်လို ကုတ်မနေနဲ့ မင်း မွေးနေ့ပွဲမှာ ချောစုကို ဘာလုပ်ခဲ့သလဲ ... မင်းအသိဆုံး မဟုတ်





ကွ ... "

"ဟို ... အဲဒါ ... အဲဒါက ... "

"အေးလေ ... ကာယကံရှင် ခွင့်ပြုလို့ သူ လုပ်တာပဲ ထူးမာန် ... မင်းကလည်း"

"လုပ်စရာလားကွ ... အရှက်မရှိ ... လူပုံအလယ် ပေးသမျှ အရေးကို အရယူတာပဲ၊ ကလိမ်ကကျစ်ကောင် ... မင်းကို ငါ ပြောထားလဲ ... အဲဒီကောင်မလေးကို ငါ ကြိုက်နေတာကွ ... မထိရက် မတို့ရက် အလှကြည့်ထားတာကိုမှ မင်း မင်း"

"ဟာဗျာ ... အစ်ကိုကလည်း ကျွန်တော် ချောအပေါ် ရိုးသား ယ်ဗျ ... အစ်ကို့ကောင်မလေးကို ကျွန်တော် မကြိုက်ပါဘူး"

"မင်း မကြိုက်ဘူးဆိုလည်း ဒီလိုလုပ်စရာလားကွ ... ငါ့အသည်း ဆူးနဲ့ဆွပိုက်သလိုပဲ ... အခံရခက်တယ်၊ ဖယ် ... လွှတ်စမ်းပါ င်းရာ ... ဒီကောင့်ကို မှတ်လောက်အောင် ဆုံးမပြီးမှ ငါ ကျေနပ် ယ် ... ဖယ်ဆို"

"ကဲပါ ကိုမင်းရာ ... လွှတ်သာပေးလိုက် ... ကျွန်တော့်အပြစ် တော် ခံမယ်"

"မဟုတ်သေးပါဘူး ဖိုးဇော်ရယ် ... "

"ကျွတ် ... လွှတ်သာလွှတ်လိုက်ဗျာ"

ဇင်မင်းက မလွှတ်ချင် ယွှတ်ချင်နှင့် လွှတ်ပေးလိုက်သည်နှင့် ိုးဇော်ဆီ ပြေးလာပြီး လက်သီးဖြင့် ထိုးချလိုက်၏။

"ခွပ် ... "

မျက်နှာ တစ်ဖက်လည်သွားစဉ် နောက်ထပ် လက်သီးတစ်လုံး
က ထပ်ဝင်လာသည်။

"ခွပ် ... "

"အေး ... အဲဒါပဲ၊ မနောက်တစ်ခါ မင်း ချောစုကို ကိုယ်ထိလက်
ရောက် စော်ကားဖို့မပြောနဲ့ ... စိတ်နဲ့တောင် ပြစ်မှားဖို့ မကြံနဲ့ ...
စေ့စေ့ကြည့်တာတောင် ငါ လက်မခံဘူး ... မင်းကို ငါ ခေါ်ထားရတာ
မြွေပွေးကို ခါးပိုက် ပိုက်ထားရသလိုပဲ ... ငါ့ကို ပြန်သတ်မဲ့သတ္တဝါ
မှ ငါ့အနီးကို ခေါ်ထားရတာ ... "

"ထူးမာန် ... တော်ပါတော့ကွာ"

"မတော်နိုင်ဘူး ... ဟိုမိသားစုကလည်း သူ့ကို ဘာများ မျက်
ကျလည်းမသိ အိမ်ခေါ်ထားပါရစေ တောင်းပန်နေတာ ... ငါ ဘယ်
လောက်ခံပြင်းလာရသလဲ မင်း မသိဘူး ဇင်မင်းရ ... ဒီကောင် တော်
တော် လူပါးဝလွန်းနေပြီ ... "

"ကဲ ... မင်းဆီမှာ မနေစေချင်ရင် ငါ သူ့ကို ခေါ်သွားပါ့မယ်
ကွာ ... "

"ဟင့်အင်း ... မလိုက်ဘူး ... ကျွန်တော် ဒီအိမ်က ထွက်သွား
တာနဲ့ အဘက နောက်မိန်းမ ယူမှာဗျ။ ကျွန်တော် မလိုက်ဘူးနော်
ကိုမင်း ... "

"ကျွတ် ... မင်းကလည်း တစ်မှောင့် ဖိုးဇော်ရာ ... ကြားထဲမှာ
ငါ မျက်နှာပူတယ်ကွ"

"ပူမနေနဲ့ ... လာ ... မိုးချုပ်နေပြီ၊ ငါ့အိမ်မှာပဲ မင်း အိပ်တော့





ဇင်မင်း ... မနက်ဖြန်မှ အလုပ်အတူသွားကြမယ် တက်စို့ ... "

ဖင်ထိုင်လျက် လဲနေသည့် ဇော့်နံဘေးမှ သူနှင့် ဇင်မင်း ဖြတ်
ထွက်လာခဲ့သည်။ ပါးစပ်မှ ငံကျိကျိ သွေးတို့ကို ရေချိုးခန်းထဲ ပြေးဝင်
ထွေးလိုက်စဉ် အင်္ကျီရင်ဘတ်မှ သွေးစတို့ ပေနေသည်ကို မြင်လိုက်
ရ၏ ကမန်းကတန်း အပေါ်ရုပ်အင်္ကျီကြယ်သီးကို ဖြုတ်ကြည့်လိုက်
သည့် T-Shirt ရင်ဘတ်အလယ်တည့်တည့်မှာ ပေနေသည့် သွေးကွက်က

"ဟာ ... သွားပါပြီ ... "

ချောရေ ... ချောလိုချင်တဲ့ အင်္ကျီလေးကို ကျွန်တော် ပေးလို့မရ
တော့တာ ခွင့်လွှတ်ပါနော်။ အပေါ်ထပ်သို့ ခြေသံဖွတက်လာရင်း ...
အခန်းထဲ အသာဝင်ခဲ့၏။ အင်း ... မနက် အလုပ်ဆင်းရမှာမို့ အိပ်ပျော်
အောင် အိပ်ရမှာပဲ။ ပြင်စရာကားတွေက တစ်ပုံကြီးမဟုတ်လား။

ညဘက် အိပ်မက်ထဲမှာ ဇော် ဒီက ထွက်ပြေးတော့ အဘက
ဒေါ်အေးကြည်နှင့် မင်္ဂလာဆောင်ပါလေရော။ ဒေါ်အေးကြည်သား
တောက်က ဇော့်ကို မထီတရီ ပြုံးပြလို့လေ ... ။ ဇော် မျက်ဝန်းမှ
မျက်ရည်တွေ စီးကျသွားရာမှ လန့်နိုးသွားသည်။ ဗုဒ္ဓေါ ... မနက်(၈)
နာရီတောင် ထိုးနေပါရောလား။ အိပ်ရာထဲမှ လူးလဲထစဉ် အခန်း
အပြင်မှ သူ့အသံကို ကြားလိုက်ရသည်။

"မောင်စိုး ... သူချက်တဲ့ ထမင်းဟင်းတွေ ငါ မစားဘူးနော်၊
တော်ကြာ ငါ့ကို အဆိပ်ခပ်သတ်နေလိမ့်မယ် ... "

"ဟာ ... ထူးမာန်ရာ ... မောင်စိုးရေ့ သူ နိုးလာရင် တစ်ရက်

လောက်နားလို့ ပြောလိုက်"

"ဟုတ်ကဲ့ ..."

သူတို့ အိမ်ပေါ်မှ ဆင်းလာစဉ် ခြံထဲသို့ ချောစု ဝင်လာလေ

"ဟော ... မွေးနေ့ရှင်က စောစောစီးစီး ဘာလာလုပ်တာ

"လက်ဆောင်လာတောင်းတာပေါ့ ကိုမင်းရဲ့ ... ဇော်ရေ

"အိပ်တုန်း ..."

"ဟင် ... ဒီနေ့ အလုပ်မဆင်းဘူးလား ... ချောက သူ

အမိလာဖမ်းတာ"

"အေး ... သူ့ကို တစ်ရက်နားခိုင်းထားတယ်"

"အခန်းထဲမှာပဲပေါ့ ..."

"အေး ..."

သူ ကားပေါ်တက်၍ စက်နှိုးစဉ်မှာ ချောစုက အိမ်ထဲသို့

သွားချေပြီ။ ကားကို အရှိန်ဖြင့် မောင်းထွက်လာခဲ့၏။

ရေချိုးခန်းထဲဝင်၍ သွားတိုက်စဉ် နှုတ်ခမ်းက တော်တေ

ယောင်နေတာ မြင်ရသည်။ အားပါး ... မေးရိုးပါ ညိုနေပါရောလား

ကိုထူးမာန်ရေ ... ကျွန်တော့်အလွန်မို့ သည်းခံလိုက်တယ်မှတ်ပါ။

အုတ်ခဲငါးလုံးဆင့်ခွဲလာတဲ့ ကျွန်တော့်လက်ချက်နဲ့ ခင်ဗျား နှစ်ရ

လောက် သတိလစ်သွားမှာ အမှန်ပဲ။

"ဒေါက် ... ဒေါက် ..."

ကျွတ် ... ကိုမောင်စိုးလား ... ဇော် ရေချိုးခန်းထဲမှထွက်

တံခါးဆီအလာ အပြင်မှ သူမအသံကို ကြားလိုက်ရသည်။





"ဇော် ... မထသေးဘူးလား"

"ဟာ ... ကျိုင်ပဲ"

ဇော် တီးတိုးရေရွတ်လျက် Towel ကို မျက်နှာအောက်ပိုင်းမှာ

ကွယ်လိုက်သည်။ ပြီးမှ တံခါးကို ဖွင့်လိုက်၏။

"ပေး ..."

"ဘာကိုလဲ ..."

"အကျီလေ ..."

"မရှိတော့ဘူး ..."

"ဟင် ... မရှိတော့ဘူးဆိုတော့ ဘယ်ကိုရောက်သွားလို့လဲ"

"ဆွဲဖြဲပစ်လိုက်ပြီ ..."

"ဟင် ... ချော တောင်းထားတာ သိရဲ့သားနဲ့ ... ဒါ ဇော်

တမင်သက်သက် လုပ်တာမဟုတ်လားဟင် ..."

"မဟုတ်ပါဘူး မတော်တဆ ..."

"ချော သိတယ် ... ချော သိတယ်၊ တမင် မပေးချင်လို့ လုပ်

လိုက်တာ ... သူများက သူ ပိုက်ဆံကုန်မှာစိုးလို့ ဝတ်နေကျအကျီကိုပဲ

တောင်းတာကို သိရဲ့သားနဲ့ လုပ်ရက်တယ် ..."

"ဟာ ... မဟုတ်ပါဘူး ချောရာ၊ စွန်းသွားလို့ပါ ... ကျွန်တော်

နောက်တော့မှ အသစ်ဝယ်ပေးပါ့မယ် ..."

"မလိုချင်ပါဘူး ... အသစ်များ ဒါဇင်လိုက် ဝယ်လို့ရတယ် ...

တော်ပြီ တော်ပြီ ... ဇော့်ကို မခေါ်တော့ဘူး ... အရမ်းရက်စက်တာ

ပဲ ... ချော ခင်သလို နည်းနည်းလေးတောင် ပြန်မခင်ချင်တာ ... ဒီ

လောက်ဆို သဘောပေါက်ပါပြီ … နောက်ကို လမ်းတွေ့ရင်တော
နှုတ်မဆက်နဲ့ … ဒါပဲ … ”

“ချော … ချော … ”

လှေကားမှ တဒုန်းဒုန်း ပြေးဆင်းသွားသည့် ချောကို လိုက်ခေါ် ပါသော်လည်း ချောက လှည့်မကြည့်တော့ပေ။ သက်ပြင်းကိုသာ ခေ လေးလေး ချလိုက်၏။ ဩော် … ဒုက္ခ … ဒုက္ခ … ဒီမှာ မနေချင်ပေမဲ့ လည်း မနေရင်မဖြစ်တဲ့အခြေအနေပါလား။ အဘရေ … ကျွန်တော့်ကို ဘယ်အထိတောင် ဒဏ်ခတ်နေဦးမှာလဲ။ အဘပြောတော့ အမေ ကျွန်တော့်ကို ထပ်တူထပ်မျှ ချစ်တာပါဆို။ အမ မရှိတော့တဲ့နောက် ကျွန်တော့်ကို အပုံကြီးချစ်ခဲ့ရတာပါဆို။ အခုတော့ … တစ်ယောက် တည်းရှိတော့တဲ့ ကျွန်တော့်ကို ခေတနာမထားနိုင်တဲ့အိမ်မှာ အတင်း လာနေခိုင်းပါရောလား။ စိတ်ညစ်ညစ်ဖြင့် ရေချိုးအဝတ်အစားလဲ၍ အပြင်ထွက်ရန် အောက်ထပ်ကို ဆင်းခဲ့တော့ မောင်စိုးက ဇော့်ကို မြင်သွား၏။

“အစ်ကိုလေး … ဒီနေ့ အလုပ်မဆင်းနဲ့လို့ အစ်ကိုဇင်မင်း မှာ ခဲ့တယ် … ”

“အင်း … ကျွန်တော် ကြားပါတယ် ကိုမောင်စိုးရဲ့ ကျွန်တော် အပြင်သွားဦးမယ်၊ မှောင်မှ ပြန်လာမယ်နော် … စိတ်ပူမနေနဲ့ဦး … သွားပြီ … ”

“ဟုတ်ကဲ့ … ”

ဇော် မြို့ထဲဘက် လိုင်းကားစီး၍ ထွက်ခဲ့၏။ ဂိတ်မှ လမ်း





လျှောက်၍ ဖြည်းဖြည်းလျှောက်လာစဉ် လမ်းဘေးမှာ ရပ်ထားသည့် ကားနံဘေးမှ မမလှလှလေးတစ်ယောက် ဇော့်လက်ကို လှမ်းဆွဲလိုက် လေသည်။

“မောင်လေး … မမကို တစ်ခုလောက် ကူညီပေးနိုင်မလား ဟင် … ”

“ဘာကိုလဲ ခင်ဗျ … ပြောပါ … ”

“မမ့ကားလေ ဆေးခန်းမရောက်ခင် ရပ်သွားလို့ … အဲဒါ”

“ဩော် … ဟုတ်ကဲ့၊ နည်းနည်းပါးပါးတော့ ကျွန်တော် ပြင် တတ်ပါတယ်၊ စက်ဖုံးသော့ပေးပါ မမ … ”

ဇော် ကားစက်ဖုံးဖွင့်၍ နည်းနည်းပါးပါး စစ်ကြည့်ကလိကြည့် လိုက်သည်။

“မမ … Spanner ပါလား … ”

“ပါတယ် ထင်တယ် … နောက်ဖုံးထဲ တစ်ချက်လောက်ဖွင့် ကြည့်လိုက်ပါနော် … ”

“ဟုတ်ကဲ့ … ”

ချောင်နေသည့် နပ်တွေကို ကျပ်အပြီးမှာ ဘက္ထရီကိုပါ စစ် ကြည့်လိုက်၏။

“မမ … စက်နှိုးကြည့်ပါဦး”

ကားစက်သံလေးက ညက်ညက်လေး ပေါ်လာ၏။ ဇော် … အဝတ်စတစ်ခုဖြင့် စက်ဆီတွေ ပေနေသည့်လက်ကို သုတ်၍ ကားစက် ဖုံးကို ပိတ်လိုက်သည်။

"ကျေးဇူးပဲနော် ... ဘယ်သွားမှာလဲ ... မမနဲ့ လမ်းကြ
ခဲ့ပါလား ... "

"ဟင့်အင်း ... နေပါစေ ... ရပါတယ်"

"ဒါဖြင့် သွားဦးမယ်နော်၊ Duty ချိန် နီးနေလို့ပါ ... အကူအ
လိုရင် မေတ္တာမွန်ဆေးခန်းကြီးက ဒေါက်တာမေမီလင်း ဆိုပြီး လာသ
လာခဲ့ ... "

"ဟုတ်ကဲ့ ... "

ကားလေးမောင်းထွက်သွားတော့ ဇော် ပခုံးတွန့်လိုက်မိ
မမဒေါက်တာရေ ... ခင်ဗျား ကူညီမယ်ဆိုရင်တော့ ခွဲစိတ်ခန်းက
တွေ ချုပ်အပ်ကွေးကွေးလေးတွေနဲ့ ဆေးထိုးအပ်တွေပဲ ရမှာပေ
အသည်းတုန်စရာကြီးပါလားနော်။

"တီ ... တီ ... "

နံဘေးနားကပ်၍ ဟွန်းတီးလိုက်သည့် ကားကို ငုံ့ကြည့်လို
မိတော့ ကိုကို့ကား ဖြစ်နေလေ၏။

"ဟာ ... ကိုကို ... "

"ငါ့ဘ ... တက် ... "

"ဟို ... ကျွန်တော်"

"ကဲ ... တက်ပါ၊ ပြောစရာရှိတယ် ... "

ဇော် ... ကိုကို့ကားပေါ်သို့ တက်လိုက်စဉ် ကိုကိုက ကား
မောင်းထွက်ခဲ့ပြီး မေတ္တာမွန်ဆေးခန်းကြီးဘေးရှိ ကားပါကင်မှာ
ရပ်လိုက်သည်။ ဟိုက် ... စောစောကပဲ မမဒေါက်တာ ပြောသွားသ





ဆေးခန်းကြီး ဖြစ်နေပါလား။

"လာ ... ဆင်း ... "

"ကိုကို ... ဟိုလေ ... "

"မျက်နှာ ဒီလောက်ဖူးယောင်နေတာ ဆေးလေးဘာလေး ထည့်ရမှာပေါ့ ... လာ ... "

"ဒါ ... ကိုကို့ဆေးခန်းလား"

"အင်း ... "

ကိုကိုက ဇော့်ကို ကိုယ်ပိုင်ရုံးခန်းထဲသို့ ခေါ်ခဲ့ပြီး ထိုင်ခုံမှာ ထိုင်နိုင်းလိုက်၏။ အလူမီနီယံ ဗီရိုထဲမှ အထုပ်တစ်ခုကို ဖောက်၍ ကပ်ခွာကိုဆွဲခွာလိုက်ပြီး ဆေးပလာစတာဖြင့် ဇော့် မေးရိုးနေရာကို အသာ ဖိကပ်ပေးလေသည်။

"ကျွတ် ... ထူးမာန် လက်ချက်လား"

"အင်း ... "

အိမ်မှာလည်း မိချော စိတ်ကောက်ပြီး ငိုကျန်ခဲ့လေရဲ့ ... ဇော့်ကို မခေါ်တော့ဘူးဆိုပြီး အော်နေတာပဲ"

"မခေါ်တာဘဲ ကောင်းပါတယ် ကိုကိုရာ ... နို့မို့ အစ်ကို့ရဲ့ ဘောက်ဆင်လေ့ကျင့်တဲ့ သဲထုပ်ဘဝကို ကျွန်တော် ရောက်နေမှာ"

ကိုကို လှစ်ခနဲပြုံးလိုက်မိသည်။ အယောင်ကျသွားမှ ပလာစတာကပ်ခြင်းကို ရပ်ပြီး ပေါက်သွားသည့် နှုတ်ခမ်းလေးကို ဆေးအသာလူးပေးလိုက်၏။ ကြည့်စမ်းပါဦး ... ဒီလောက် လှပလွန်းသည့် နှုတ်ခမ်းလေးကိုမှ ထူးမာန်က မညှာမတာ ထိုးရက်တယ်ဂို့။

"ဘာလဲ ... ညီမလေးကြောင့် အထိုးခံရတာလား ..."

"ဒါပဲရှိတာပေါ့ ကိုကိုရ ... ကိုကို့ညီမကို သူ ကြိုက်တယ်လည်း ပြောသေးတယ် ... ဖွင့်တော့ မပြောဘဲနဲ့ ရမှာကျနေတာပဲ ..."

"ညီမလေးက သူ့ကို ပြန်ကြိုက်ဦးမှကိုး ဇော်ရဲ့ ..."

"နည်းနည်းပါးပါး ဘေးတီးပေးလိုက်ပါ ကိုကိုရာ၊ ကြာရင် သူ့လက်ချက်နဲ့ ကျွန်တော် သေမှာ ..."

"ဟေ့ ... ကြည့်ပြောဦးလေ၊ ချောက ကိုယ့်ညီမနော် ... စကားမျိုး အစ်ကိုက ညီမကို ပြောစရာလား ..."

"ဟုတ်သားပဲ ... Sorry ... Sorry ..."

"ဟင်း ဟင်း ... ကိုယ့်ညီမကို သူ့တောင်းရင် ကိုယ်ကလည်း သူ့ဆီက ပြန်တောင်းစရာရှိတာပေါ့ ..."

"ဟင် ... ဘာတောင်းမလို့လဲ ကိုကိုရဲ့ ..."

"ပြောရမှာလား ..."

"အင်းပေါ့ ..."

ကိုကိုက ပစ္စည်းတွေကို သေချာပြန်ထည့်၍ ဘေစင်မှာ လက် ဆေးလျက် ခပ်ဟက်ဟက်ရယ်ချလိုက်လေသည်။ ပြီးနောက် လက် သုတ်ပဝါဖြင့် လက်သုတ်ရင်း ဇော့်အနီး ပြန်လျှောက်လာ၏။

"ကိုယ် ဘာတောင်းမလဲဆိုတာ ဇော် သိပြီးသား မဟုတ်လား"

"ဟင် ... ဘာလဲ ... သိမှမသိတာ ..."

"ကိုယ် တောင်းမှာ ဇော့်ကိုလေ ..."

"ဟာဗျာ ... ကိုကိုကလည်း ..."

"ဟုတ်တယ် ... တကယ်ပြောတာ ... ဒါ နောက်စရာကိစ္စ မဟုတ်ဘဲ ..."





"အာ ... ဘာကြီးလဲဗျာ ... ကျွန်တော် ပြန်တော့မယ်"

ဇော် မတ်တတ်ထရပ်လိုက်တော့ ကိုကိုက ဇော့်လက်ကို ဖျတ် ခနဲ လှမ်းဆွဲထားလိုက်လေ၏။

"ဟာ ... ကိုကိုနော် ... အဲဒီလို မလုပ်ပါနဲ့ဗျ ..."

"ကိုယ့်စကား မဆုံးသေးလို့ပါ ဇော်ရဲ့ ..."

"မသိဘူးကွာ ... ပြန်ချင်ပြီ၊ လွှတ်ဗျ ..."

"ဒါဆို ကိုယ်ပြောတဲ့ကိစ္စကို ဇော် စဉ်းစားပေးမယ်လို့ ကတိ ပေးရင် လွှတ်ပေးမယ် ... ဘယ်လိုလဲ ..."

ဇော် နားရွက်တွေ ထူပူသည်ထက် ပူလာနေပြီ။ ရှက်အမ်းအမ်း မျက်နှာဖြင့် လက်ကို ကိုကို့လက်ထဲမှ အတင်းရုန်းနေ၏။

"ပြောလေ ..."

"မသိဘူးဗျာ ..."

"မသိရင် တကယ်လွှတ်မပေးဘူးနော် ... ဒါ ကိုကို့ပိုင် ရုံးခန်း သိထား ..."

"အာ ... လွှတ်ဗျာ"

"ကတိပေးလေ ..."

"အင်းဗျာ ... ကဲ ... လွှတ်တော့"

ဇော် လက်လွှတ်သည်နှင့် အခန်းထဲမှ ပြေးထွက်ရန် တံခါးကို ဆွဲအဖွင့် အခန်းဝမှာ ရပ်နေသည့် မမဒေါက်တာနှင့် တန်းတိုးဟော့ သည်။

"ဟယ် ... ချာတိတ်"

"မမ ..."

"လာ ... အတော်ပဲ၊ ကားပြင်ပေးလို့ ဘာမှ မကျွေးလိုက်ရဘူး

ကျော်ရေ ... မနက်စောစောဖို့ ထမင်းကြော်သုံးပွဲ မှာပေးပါ ... ပြီး တော့ Teamix ပါနော် ... လာ ... ဒီမှာထိုင်"

ဇော်လက်ကို ဆွဲခေါ်ခဲ့သဖြင့် ယက်ကန်ယက်ကန်ဖြင့် ပါလာခဲ့ရပြန်သည်။ ခက်လိုက်တာနော် ... ဒီမျက်နှာကို ဘယ်လို ထားရမှန်း မသိပါဘူးဆိုမှ ဒီဆရာဝန်မက တစ်မျိုး။ ကိုကိုက ဖုန်းဖြင့် နံဘေးရှိ စားသောက်ဆိုင်ကို လှမ်းမှာ၍ ထိုင်ခုံမှာ ထိုင်ချလိုက်သည်။

"နာမည်ဘယ်လိုခေါ်လဲ ... "

"ဇော် ... "

"ကျော်နဲ့သိတာ ကြာပြီလား ... "

"ဟုတ် ... "

"She is my courting girl, May Mi"

[သူမဟာ ကိုယ်ပိုးပန်းနေတဲ့ မိန်းကလေးပါ မေမီ ... ]

"ဟယ် ... အဟုတ် ... "

"ဟာ ... ကိုကိုနော်"

ဇော် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်တော့ ကိုကိုနှင့် မမဒေါက်တာထံမှ ရယ်သံတွေ အကျယ်ကြီး ထွက်လာတော့သည်။ သေသာ သေလိုက်ချင်တော့တာပါပဲနော် ... ။

♥





၁၁

"ဒါဖြင့် မနက်ကတည်းက ဘာမှမစားဘဲ ထွက်သွားတာပေါ့"

"ဟုတ်ကဲ့ ... "

"ဘယ်သွားမလဲလို့ မင်း မမေးလိုက်ဘူးလား ... "

"ဟင့်အင်း ... မှောင်မှပြန်ခဲ့မယ်လို့ ပြောသွားတာပဲ"

"အခု မမှောင်လို့ ဘယ်အချိန်ရှိနေပြီလဲ ... (၇)နာရီပဲ ကျော်ပြီ ... ဒါ လျှောက်လည်ရမဲ့အချိန်လား ... သွား ... အိမ်ရှေ့အိမ်ကို ...နဲ့ မေးကြည့်စမ်း ... "

မောင်စိုးက ဖုန်းနံပါတ်များနှိပ်၍ ခေါ်လိုက်ပါ၏။ တစ်ခွန်းနှင့် ...ပြောအပြီး ဖုန်းကို ပြန်ချလိုက်လေသည်။

"မလာဘူးတဲ့ အစ်ကိုမာန် ... မချောစုနဲ့ စိတ်ကောက်ထား

တယ်လို့ ပြောတယ် ... "

"လာပြန်ပြီ၊ တစ်ရက်တောင် မနေနိုင်တဲ့သူကများ ... တောက် အခုနေ နယ်ကဖုန်းလာရင် ဘယ်လိုဖြေရမလဲ ... ငါ့ကို တော်တော် ဒုက္ခပေးတဲ့အကောင် ... ဒီလောက် ဆုံးမနေတာတောင် မမှတ်သေး ဘူး ... နေနှင့်ဦး ... "

သူ ပွစိပွစိ ရေရွတ်ပြီး ညော်ခန်းမှာပဲ ဟိုဒီလျှောက်နေမိ ညော်သည်ကို ကိုယ်ထိလက်ရောက် စော်ကားဖို့မသင့်မှန်း သိထားသေ လည်း သူ့စိတ်ကို ဘယ်လိုမှ ထိန်းမရ၍ လွှတ်ပေးလိုက်မိလို့ အခု တွေ ဖြစ်ကုန်တာ။ လေးလေးကလည်း ဘာကြောင့် နယ်မှာ ပျော်နေ သည်မသိ။ သူ့မှာ ဒီကောင်လေးနှင့် ပြဿနာတွေ တစ်ခုပြီးတစ် တက်နေရတာသာ မရိုးနိုင်တော့။ ဟင်း ... ဘယ်လို ထောင့်မကျိုး ကောင်မျိုးနဲ့ လာတွေ့နေရတာပါလိမ့်။

စိတ်ထဲ ကသိကအောင့်ဖြစ်လာတာမို့ မောင်စိုးကို ခြံတံခါး ဖွင့်ခိုင်း၍ ကားမောင်းထွက်လာခဲ့သည်။ ညက နီယွန်မီးရောင်တို့ဖြ လှပနေ၏။ ဘယ်ကိုထွက်သွားမှန်း မသိသည့်လူကို ရှာရတာလော မရေရာတာ ဘာမှမရှိတော့။ ဆူးလေဘုရားကို ပတ်ပြီး အိမ်သို့သ ပြန်လာခဲ့သည်။ လမ်းထဲသို့ ချိုးကွေ့လိုက်စဉ် ကားမီးရောင်ကြော ဘေးကပ်လိုက်သည့် လူရိပ်ကို ကားရှေ့ bumper ဖြင့် ချိတ်မိတော့

"ဟာ ... "

ကားကိုရပ်၍ တံခါးဖွင့်ဆင်းလိုက်တော့ လမ်းဘေးမှာ ထို လျက်သား ဖြစ်နေသည့်ချာတိတ်ကို တွေ့လိုက်ရသည်။ အင်း ... မြေ





တွေ့တော့လည်း ပြဿနာက ထပ်ဖြစ်နေရပြန်ပြီ။

"အား ... ကျွတ် ... ကျွတ်"

"ဘာဖြစ်သွားလဲ ... ထ,လို့ရရဲ့လား၊ မင်းကွာ ... ညမိုးချုပ် ထိ လျှောက်လည်စရာလားကွ"

သူက ပြောပြောဆိုဆို ဖော့လက်မောင်းနှစ်ဖက်ကို ဆွဲထူလိုက် ဖြင့် ဖော့မျက်နှာ ဖြန်းခနဲ ရဲတက်သွားပြီး သူ့လက်ထဲမှ ရုန်းထွက် လိုက်၏။

"ဒါက ဘာဖြစ်ပြန်တာလဲ ... အကောင်းနဲ့လည်း ထူပေးရသေး တယ် ... ကဲ ... ကားပေါ်တက်"

"ရပါတယ် ... ကျွန်တော့်ဟာကျွန်တော် လျှောက်လာခဲ့မယ်"

"ဖိုးဖော် ... မင်းတော့ ငါ့လက်သီးစာ ထပ်လိုချင်ပြန်ပြီထင် တယ် ... အခုပ ရှစ်နာရီကျော်နေပြီ ... ငါ မင်းကို မြို့ပတ်ပြီး ရှာနေရ တာ ဘယ်လောက်အလုပ်ရှုပ်ရတယ်ထင်လဲ ... ဝပ်ရှော့မှာ အလုပ်တွေ က ပုံနေရတဲ့ကြားထဲ မင်းကတစ်ကောင်"

"ကျွန်တော် မနက်ဖြန် အလုပ်ဆင်းမှာပါဗျ ... "

"အေး ... အလုပ်ဆင်းမဲ့လူက အခုလို ညဘက် အလေလိုက်နေ ရောလား ... တက်ဆိုတက် ... မှောင်နေပြီ"

သူ ဖွင့်ပေးသည့် ရှေ့ခန်းတံခါးပေါက်မှပင် ကားပေါ်တက်ထိုင် လိုက်ရ၏။ ခြံထဲကိုဝင်တော့ မောင်စိုးက ခြံတံခါးကို အပြေးဖွင့်ပေး သည်။

"မောင်စိုး ... ချောစုအစ်ကိုကို အားရင် အိမ်ကို ခေါ်ကြွခဲ့ပါဦး

လို့ သွားခေါ်ချေ"

"ဟုတ်ကဲ့ ..."

"ဟာ ... ဘာလုပ်ဦးမလို့လဲ"

"မင်းကို ဆေးကုဖို့လေ ..."

"အာ ... ဘာမှမဖြစ်တဲ့ဟာ၊ နေပါစေ ... ကိုမောင်စိုး သွာ
မခေါ်နဲ့ ..."

"ရှည်ပြန်ပြီ ... မင်းဟာလေ ... ငါ့ကို နည်းနည်းလေးမှ က
လန့်မလုပ်ရရင် မနေနိုင်တဲ့ကောင် ... မောင်စိုး သွားဆိုသွား ... မြ
မြန် ... ဆေးသေတ္တာဝိုင်းကူဆွဲလာခဲ့"

"ဟုတ်ကဲ့ ... အစ်ကိုမှာန်"

"အား ... ခက်တာပဲ"

"ဘာခက်တာလဲ ... ဘာမှခက်မနေနဲ့ ... ငါက ဒါဆိုဒါလု
ထပ်မရှည်နဲ့ ..."

"မဟုတ်ဘူး အစ်ကိုရ ... ကိုကိုနဲ့ ကျွန်တော် စကားမပြေ
ဘူးဗျ ..."

"လုပ်ချလိုက်ပြန်ပြီ ... မင်းမလည်း တစ်နေ့တစ်နေ့ ဒီမောင်
နှစ်ယောက်နဲ့ ပြဿနာမဖြစ် စိတ်မကောက်ရရင် မနေနိုင်ဘူးလာ
ဟုတ်လား ..."

"အစ်ကိုပဲ ချောနဲ့ မပတ်သက်နဲ့ဆို ..."

"မင်းက မပတ်သက်ဘဲ နေနိုင်လို့လား ... ကဲ ပြောစမ်းပါဦ

"ကျွန်တော့် နေတာပဲဟာ ... အစ်ကို့ကောင်မလေးကမှ မ





ဘဲ လာလာခေါ်နေတာ ကြည့်ပြောထားပေါ့ ..."

"အောင်မာ ... ဟိုက ခင်ခင်မင်မင် ရင်းရင်းနှီးနှီးလေးရှိတာနဲ့
င်း ရောင့်တက်တာတော့ ထည့်မပြောဘူး ... မင်းနော်"

"ဒါဆိုလည်း ... အစ်ကို မြန်မြန်ဖွင့်ပြောလိုက်ပေါ့ဗျ ... ဒါဆို
သူ ကျွန်တော်နဲ့ ဝေးဝေးနေမှာပေါ့ ..."

"သူမှ ကျောင်းမပြီးသေးတာကို ... ငါ သွားပြောလို့ဖြစ်မလား
ကွ ..."

"ဟာ ... ဖွင့်ပြောတာပဲ ... လက်ထပ်ခွင့်တောင်းခိုင်းတာမှ
ဟုတ်ဘဲ၊ အဆင့်တွေ ကျော်မတွေးနဲ့လေ ..."

"တွေ့လား ... လူကမှ လက်တောင့်လောက်ရှိသေးတယ် ...
ငါ့ကို မိကျောင်းမင်း ရေခင်းပြချင်နေပြီ ... ငါ သိတယ် ... ငါ တတ်
တယ် ... မင်းထက် ငါ ခြောက်နှစ် ထ=ာင်းအရင်စားလာတာကွ"

ဇော်က ဆက်တီပေါ်ထိုင်နေလျက်မှ သူ့ကိုကြည့်၍ ကြိတ်ပြုံး
လိုက်၏။ ဒေါသအိုးကြီး တရှူးရှူးဖြစ်နေပုံ အိမ်ရှေ့တံခါးပေါက်မှ ကိုကို
နှင့် မောင်စိုး ဝင်လာ၍ ဇော် နှာခေါင်းရှုံ့သွားရလေသည်။

"ဘာဖြစ်လို့လဲ ထူးမာန် ..."

"ဒီမှာလေ ... အချိန်မတော် လျှောက်သဝေထိုးနေပြီး ...
ကျွန်တော့်ကားနဲ့ ချိတ်မိတာ ဘယ်နားနာသွားမှန်းမသိလို့ အစ်ကို့ကို
...ပြောလွှတ်လိုက်ရတာ ..."

"လျှောက်သွားနေတာ အခုမှ ပြန်လာတယ် ... ဟုတ်လား"

"ဟုတ်တယ် ... အဲဒါ ဆုံးမနေတာကိုလည်း နာခံလိုက်သမှ

တစ်ခွန်းမှ မခံဘူး”

“ဟုတ်လား ဇော် ... ”

ဇော်က မျက်မှောင်ကြုတ်နေရာမှ သူ့ကို မျက်စောင်းခဲလိုက် ၏။ ချွန်တွန်းကြီး ... နေနှင့်ဦး။ ဒီလောက်တောင်ဖြစ်တာ ချော ပိုပြီးရွဲ့ဦးမင့်။

“ကဲ ... ဘယ်နား ဘာဖြစ်သွားလဲ ပြ ... ”

“အား ... ဘာမှမဖြစ်ဘူး”

“မဖြစ်ဘဲ မင်း ထော့နဲ့ထော့နဲ့ ဖြစ်မလား ... ဆရာဝန်က ဆို ပြပေါ့ ... လျှာရှည်တယ် ... အဲဒါတွေကြောင့် မင်းနဲ့ငါ မတည့်

ကိုကိုက ဇော့်ကို မျက်ဇာပစ်ပြလိုက်ပြီး ရယ်လိုက်သဖြင့် ဇော် ကိုကို့ကို ဒေါသတွေ ကြိတ်ထွက်နေမိသည်။

“ခြေဖျားမှာ သွေးစတွေ တွေ့တယ် ... အထဲမှာ ပွန်းသွား ပေါ့ ... ကဲ ... ဘောင်းဘီကို ဒူးခေါင်းထိ လှန်တင်”

“ဟာဗျာ ... ခက်တာပဲ”

“တွေ့လား၊ ဒါ ရှက်စရာလား ... ဒီအိမ်မှာ ဘယ်မိန်းကလေး မရှိဘူး ... မဟုတ်တာကျ လိုက်ရှက်၊ တကယ်ရှက်စရာကျ အရှက် ကမ်းကုန် ... မင်း မလှန်ရင် ငါ အတင်းဆွဲလှန်မှာနော် ... ”

“ဟာ ... မလုပ်ပါနဲ့ ... ကျွန်တော် တင်ပါ့မယ်ဗျ”

ကိုကိုက သေတ္တာထဲမှ အရက်ပျံပုလင်းနှင့် ဂွမ်းထုပ်ကို ထု ၍ စားပွဲပေါ်တင်လိုက်၏။ ဇော် ဘောင်းဘီရှည်ကို ခေါက်တင်လိုက် တော့ ခြေသလုံးမှာ ပွန်းရာအစင်းကြီးဖြစ်ပြီး သွေးထွက်နေတာ





ရသည်။

“ကျွတ် ... တော်တော်များတာပဲ ... ဘာလဲ ... bumber နဲ့ ာလား ... ”

“ဟုတ်တယ် ... ဒါတောင် သူ အရှောင်မြန်လို့ ... ကျွန်တော် အရှိန်နဲ့ ကွေ့ချလိုက်တာဗျ”

“ဖြစ်ရမယ် ... နေဦး ခြေထောက်ကို ခုံပေါ်အရင်တင်”

ကိုကို့စကားမဆုံးခင် သူက ဆိတ်သားရေဖုံးထားသည့် ခုံပု ကို လှမ်းယူပေးလိုက်၏။ ကိုကိုက ဇော့်ခြေထောက်ကို မ၍ ခုံ တင်လိုက်သဖြင့် ဇော် မျက်နှာပူသွားရသည်။ ဂွမ်းကို အရက်ပျံ ဆွတ်၍ ခြေထောက်အနာကို ပွတ်သုတ်လိုက်တော့ ဇော် စပ်ဖျင်း ခံစားချက်နှင့် ကျုံးအော်လိုက်မိ၏။

“အား ... စပ်တယ် ... စပ်တယ်”

“ယောကျ်ားပဲ ... တောင့်ခံပေါ့ကွ၊ ဒါလေးတောင် ခံနိုင်ရည် ဘူးလား ... မိန်းမကျတော့ ပိုးတတ်တယ် ... ”

“ဟုတ်လား ... ဘယ်သူ့ကို ပိုးလို့လဲ ထူးမာန်”

“အစ်ပဲ အစ်ကိုရေ... လှတပတ ဘာမှမချန်ဘူး ... ရွာမှာလည်း ဆိုလား ရည်းစားက ကျန်နေခဲ့သေးတယ် ... ”

“ဟုတ်လား ... ဒါဆို ဇော်က တော်တော်ဆိုးတာပဲကိုး”

“ကိုကိုနော် ... ကျွန်တော့်ကို နှစ်ယောက်ပေါင်းပြီး ဝိုင်းမနှိပ် ကြပါနဲ့ ... အား ... စပ်တယ်ဆိုမှပဲ”

“ပြီးပါပြီ ... ဆေးလိမ်းပေးမယ်၊ ဒူးကိုပါ လှန်ပြ”

"အာ ... မဖြစ်ဘူးလေ"

"ဒူးပါ မျက်သွားတယ်မဟုတ်လား ... ခြေသလုံး ပွန်းရုံနဲ့ ထော
နဲ့ထောနဲ့ မဖြစ်ဘူး ... သေချာစမ်းပြီးမှ ဆေးလူးလို့ရမှာပေါ့"

ဇော် ဒူးခေါင်းကို ကိုင်၍ ခေါင်းကို ခါနေတော့ ကိုကိုက ဇော့်
ခေါင်းကို ဝိတ်ထုလိုက်လေသည်။

"ကဲ ... မြော ... ကိုယ်က ဘာလဲ ... ဒီကို ဘာလုပ်ဖို့ ရောက်
နေတာလဲ"

"ဒေါက်တာ ... ဆေးကုဖို့ ... အင်း ... ဒါပေမဲ့"

"ကဲ ... ဒါပေမမဲ့နဲ့ ထူးမာန်ရေ ... ကိုယ့်ကို အအေးတစ်ခွက်
လောက် ဖျော်တိုက်ပါလား ... အာခေါင်တွေ ခြောက်နေလို့"

"ရပါတယ် အစ်ကို ... ခဏနော်"

သူ ထွက်သွားတော့ ကိုကိုက ဇော့် ဂျင်းဘောင်းဘီကို ဒူးခေါ
ပေါ်သည်အထိ လှန်တင်၍ ဆေးသေချာလူးပေးတော့သည်။ ဟ
ခက်လိုက်တာနော် ... ဒီဆရာဝန်လုပ်တာနဲ့ ဖုံးကွယ်ထားသမျှ အကု
ပေါ်တော့မှာပဲ။

"ကဲ ... ရပြီ၊ နှစ်ရက်လောက် နားလိုက်ဦး"

"မဖြစ်ဘူးဗျ ... ကျွန်တော် မနက်အလုပ်ဆင်းမှာ"

"ဒူး ဒီလောက်ယောင်နေတာ အလုပ်ဆင်းစရာလား ... ဇော်
ပင်ပန်းလေ့အလုပ်တွေ မလုပ်သင့်ဘူး ..."

သူက စားပွဲပေါ် အအေးခွက်တင်၍ ကိုကို ပြောနေသည်
စကားတို့ကို ကြားလိုက်၏။





"ကျွန်တော် သူ့ကို မြို့ထဲက ပစ္စည်းဆိုင်မှာပဲ အလုပ်သွင်းပေး
ပါ အစ်ကို ..."

"ကောင်းတယ် ... ကဲ ... ကိုယ် လက်ဆေးဦးမယ် ထူးမာန်"

"ဟုတ်ကဲ့ ... မောင်စိုးရေ ... အစ်ကို့ကို ရေချိုးခန်းထဲ ခေါ်
သွား ... ဆပ်ပြာကို အသစ်ထုတ်ပေးလိုက်နော်"

"ဟုတ်ကဲ့ ..."

ကိုကို အိမ်နောက်ဖေးဘက်ဝင်သွားတော့ သူက ဇော့်ရှေ့မှာ
ထောက်ရပ်ရင်း ပြောလိုက်သည်။

"ကဲ ... နောက်ကို မပြောမဆိုနဲ့ ညည လျှောက်သွားနေရင်
ဘတ် ပိုဆိုးပြီမှတ် ..."

"အဲဒါတွေကြောင့် အစ်ကို့ကို ချော မကြည်တာနေမှာ"

"ဘာကွ ..."

"ဟုတ်တယ်လေ ... ထစ်ခနဲရှိ စိတ်တို ... ဒေါသထွက် ...
ဆင့်အော် ... ဒါကို ဘယ်မိန်းကလေးက ကြည်မှာလဲ ... စဉ်းစား
..."

"ဟေ့ကောင် ... တိုးတိုးပြော ... အထဲမှာ သူ့အစ်ကို ရှိသေး
ယ် ..."

"တမင်ပြောတာပဲဟာ ... ဒါမှ သူညီမနဲ့အစ်ကို့ကို သဘောတူ
မြန်မြန်ပေးစား ..."

"ဟေ့ကောင် ..."

ကိုကိုထွက်လာတော့ ဇော့်ကို ပါးစပ်လှမ်းပိတ်ရန် ရွယ်နေ

သည့် သူ့လက်တို့ လေထဲမှာပင် ရပ်သွားလေ၏။ ဟင်း … တော်ပါ သေးရဲ့ … ဇော်ကတော့ ကြိတ်ရယ်နေဆဲ။

"သူ့ကို နှစ်ရက်လောက် ပေးနားလိုက်ဦး ထူးမာန် … ပြီးတော့ ညီမလေးနဲ့ စိတ်ကောက်နေတာကို ဖျန်ဖြေပေးဦး … သူတို့ အငေ သင်တွေ အနီးကပ်တက်ရတော့မှာ … ဇော် ရန်ကုန်ကိုပြောင်းပြီးပြီ မဟုတ်လား …"

"အင်း …"

"နှစ်ယောက် အတူတူသွားတော့ အဖော်ရတာပေါ့"

"မသွားချင်ပါဘူး …"

"ပြောပြန်ပြီ ဟော့ကောင် … မင်းတော့ ဒီမှာ ဘာလဲ"

သူ လက်သီး ထောင်ပြလိုက်သဖြင့် ကိုကို မျက်လုံးပြူးသွား တော့ ဇော်က ရယ်၍ ထ,ရပ်လိုက်၏။

"အစ်ကိုပဲ မကြိုက်ဘူးဆို … ခုတစ်မျိုး တော်ကြာတစ်မျိုး သူပဲ ချောကို …"

"ဟော့ကောင် …"

သူ ကျုံးအော်လိုက်သဖြင့် ဇော်က စကားကို ရှေ့မဆက်ဘဲ ရပ်လိုက်၏။ ကိုကိုက ဇော့်ကို တစ်ချက်ပြုံးပြလိုက်ပြီး အိမ်ထဲမှ ထွက် သွားတော့သည်။ သူကတော့ ဒေါသတွေ ဆူဝေနေဆဲ။

♥





## ၁၂

"ဒီမှာ ဆိုင်ထိုင်ခိုင်းတာ မြို့ထဲကို သဝေထိုးဖို့ မဟုတ်ဘူးနော် …ော် … ငပ်ရှော့ကနေ လိုတာလှမ်းမှာရင် မင်း လာဂို့ … ပြီးတော့ …ဆိုင်က ကောင်မလေးတွေနဲ့ မရှုပ်နဲ့ … ပြောတာ ကြားလား"

"အာ … ဆိုင်ထဲထိုင်နေရမှာ ပျင်းစရာကြီး …"

"တွေ့လား … မင်းဆီက ဒီလေသံထွက်လာမယ်ဆိုတာ ငါ …သယ် … နောက်တစ်ပတ် လေးလေး ပြန်လာတော့၊ မင်းအကြောင်း … အကုန်တိုင်မှာ … လူကဖြင့် ငါးဖောင်ရိုး၊ လုပ်ချင်တာက heavy …တော့လား"

သူ ဆိုင်ထဲမှာ ဇော့်ကို ထားခဲ့ပြီး ဝပ်ရှော့ကို ထွက်သွားတော့ …ည်။ ဆိုင်ထဲမှ အရောင်းစာရေးမလေးနှစ်ယောက်နှင့် ကောင်လေး

နှစ်ယောက်က ဇော့်ကို ပြုံးကြည့်နေ၏။

"ဟာ ... ဘာလဲဗျ၊ လူကို မျောက်ပွဲမှတ်လို့လား"

"ဟင် ... ဟုတ်ပါဘူး"

ကောင်မလေးထံမှ အသံတိုးတိုးထွက်လာတော့ ဇော် ပြုံးလိုက်ပါ၏။

"မင်းနာမည် ဘယ်လိုခေါ်လဲ ... "

"ပြည့်ပြည့် ... "

"သူကရော ... "

"ပပ ... "

"ဟွန်း ... နာမည်တွေကတော့ လပြည့်နေ့တွေပါလား ... ရုပ်ကလည်း ဆင်တူဆိုတော့ အမြွှာလား ... "

"ဟုတ်တယ် ... "

"အေး ... ဒါဆို မင်းတို့ကို လေးမွှန်ထွေးမွှန်လို့ပဲ ခေါ်မယ်"

"အံမာ ... ဒါဆို ရှင်က လေးလေးဇော်ဖြစ်သွားမှာပေါ့"

"အေးလေ ... သူ့ပုံစံက ပိန်ပိန်ရှည်ရှည်နဲ့ မောင်မောင်ဇာနဲ့ပဲ တူတယ် ... "

ဇော် ရယ်ချလိုက်တော့ ကောင်မလေးတွေပါ လိုက်ရယ်လိုက်ကြသည်။ ကောင်မလေးနှစ်ယောက်ထံမှ မျက်စောင်းတွေ ဒိုင်းခနဲ ရောက်လာ၏။

"ကဲ ... တူမတို့ရေ ... လေးလေးတော့ ငါ့ဝမ်းပူဆာမနေသာလို့ ဆန္ဒတွေ ပြနေပြီ ... ဒီကနေ့ ဘာဟင်းချက်လာကြသလဲ"





"ဟင် ... အလုပ်က မလုပ်သေးဘူး ... စားဖို့က အရင်စဉ်းစားနေပြီ ... မောင်မောင်ဇာအစစ်ပဲ"

"အခု အရမ်းဆာနေလို့ပါဟ ... နေ့လယ်ကျ ခေါက်ဆွဲသုပ်စားကြတာပေါ့ ... နော် ... ကဲ ... ငါတော့ စားပြီ"

"လေးလေးက ဘာချက်လာလို့လဲ ... "

"မိဝိုတေးနဲ့ ကိုကိုပေါ့ကို နပန်းသတ်ခိုင်းပြီး ကိုကိုချဉ်ကိုတော့ ကြက်သွန်ပန်းကန်ထဲ ရေချိုးခိုင်းထားတယ်ကွယ် ... "

"ဟင် ... အာလူးနဲ့ဝက်သားဆီပြန် ... ငါးချဉ်သုပ်ကို ကဗျာဆန်ဆန် ပြောနေပြန်ပြီ ... ဒီလူကြီးတော့လား"

"(၁၀)နာရီပဲ ရှိသေးတာကို ... ပြည့်ပြည့်ရေ ... ငါတော့ စားယ်ဟာ ... သူ့ငါးချဉ်သုပ်က မွှေးနေတာပဲ"

"မကျွေးပါဘူးနော် ... ကိုကိုဇော်လို့ခေါ်မှ ကျွေးမှာ"

"ဟင် ... အကျောကြီးနဲ့ ... ခေါ်နိုင်ပေါင်၊ အဲဒါကြောင့် ဦးမာန် ပြောသွားတာ၊ ဘေးဆိုင်က ကောင်မလေးတွေနဲ့ မရှုပ်နဲ့တဲ့ ... မုတော့ ယ့်ဆိုင်ထဲမှာပဲ ပတ်ရှုပ်ချင်နေပြီ ... လူလည်ကြီး"

"အံမာ ... နင်တို့ ဘာသိလို့လဲ၊ နင်တို့ဘကြီးက ငါ့ကို မနာလို နေတာ ... သူ ကြိုက်နေတဲ့ ကောင်မလေးက ပါ့ကို ကြိုက်ကြိုက် ... ပြဿနာ ... "

"ဘာဖြစ်လို့လဲ ... "

ဆိုင်ရှေ့မှ ဖြတ်သွားသည့် ချောက ဖြူတီပါလာထဲ မဝင်မီ ထဲမှာ မားမားကြီးရပ်နေသည့် ဇော့်ကို မြင်သွားလေသည်။

"ခော် ... "

"ဟာ ... သွားပါပြီ"

"ကြည့်စမ်း ... မြို့ထဲဆိုင် ပြောင်းလုပ်တယ်ပြောလို့ လိုက်ရှာနေတာ ... လူကိုတွေ့ရဲ့သားနဲ့ မခေါ်ဘူးပေါ့ ... ကဲ"

"အား ... နာတယ်လေကွာ၊ မလုပ်နဲ့"

"အကြွေးရှိတယ်နော် ... မေ့မနေနဲ့ ... ပြော"

"ဘာကိုလဲ ... "

"ကဲ ... တွေ့လား၊ ချောဆို ဘယ်တော့မှ အလေးအနက်မထားဘူး ... မွေးနေ့လက်ဆောင်လေ ... ချွတ် အင်္ကျီ ... "

"ဟာ ... လူလည်ခေါင် ချွတ်ခိုင်းရလား၊ ဒါ အသားရောင်မှ မဟုတ်ဘဲ ... "

"မရဘူး ... ပေး"

"ချောကလည်းကွာ ... မရစ်ပါနဲ့ ... ထမင်းစားမလို့ဟာကို"

"ဆိုင် ဘယ်အချိန်ပိတ်လဲ"

"ဘယ်သိမှာလဲ ... သူတို့ကို မေးကြည့်"

"ငါးနာရီပါ မမ"

"ငါးနာရီ ချော လာခေါ်မယ် ... လိုင်ဝယ်ပေး၊ အဂ္ဂ ဟိုဘက်ဆိုင်မှာ ဆံပင်ပေါင်းတင်မလို့ လိုက်စောင့်ပေး ... "

"မအားဘူးလေ ... ဆိုင်တာဝန်ခံပါဆိုမှ လျှောက်သွားလို့ ဘယ်ရမှာလဲ ... "

"တွေ့လား ... ကိုကိုနဲ့ ပြန်တိုင်မှာ၊ နော် ... ချောကို အလို





မလိုက်ဘူးလို့"

"ဟာ ... ဘာဆိုင်လို့လဲ"

"ကိုကိုက ချောကို အကုန်ပြောထားပြီးသား ... ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့နော် ... "

"ကိုကို ... ဘာပြောလို့လဲ ချောရ ... ကျိုင်ပဲ"

"ဘာရှိမှာလဲ ... ကိုမာန်နဲ့ချောကို အတင်းဖြစ်စေချင်ရင် ကိုကို့ကို ... "

"ရှူး တိုးတိုး ... ဟာ ချောရာ ... ဒါ အင်္ဂလိပ်ဗိုလ်လေ"

"ဒါဆို နောက်ကို မစနဲ့ပေါ့ ... "

"ပြီးရော ... ကဲ ... ညည်းတို့လည်း စားမှာလား"

"စားမှာပေါ့ ... "

ထမင်းချိုင့်တွေဖွင့်၍ ထိုင်လိုက်တော့ ချောက ဓော့်ကို မျက်စောင်းထိုးလိုက်ပြီး ဘေးမှာ ဝင်ထိုင်လိုက်၏။

"ထမင်းစားပြီးရင် လိုက်စောင့်ပေးနော် ... "

"ဘယ်နှနာရီကြာမှာလဲ ... "

"နာရီဝက် ... လေးဆယ့်ငါးမိနစ်ပေါ့ ... "

"ပြီးရော ... "

"ချောကို ခွံ့ကျွေးဦး ... "

"ဝတ်ပြန်ပြီ ... "

"မကျွေးချင်ဘူးလား ... "

"ကျွေးပါ့မယ် ... ပါးစပ်ဟ"

ကောင်မလေးနှစ်ယောက်ထံမှ ကြိတ်ရယ်သံ ထွက်လာတော့ ချောက ကြည့်လိုက်လေ၏။

"လေးလေးဇော ... ဒါ လေးလွေး ပြောတဲ့သူလား"

"အေး ... "

"ဟိဟိ ... "

"ဟယ် ... ဘာကိုရယ်တာတုန်း၊ ဇော့်ကိုလည်း လေးလေးဇ တဲ့ ... ဘာတွေလဲဟယ်"

"သမီးတို့ကို လေးမွန်ထွေးမွန် ခေါ်လို့ သူ့ကို လေးလေးဇေ ခေါ်တာပါ မမရဲ့ ... "

"ဟွန်း ... အသက်က အလွန်ဆုံးကွာလှ တစ်နှစ်လောက် ရှိတာကို လူကြီးတော်တော်လုပ်ချင်နေ ... ဇော်နော် ... "

"အား ... ပေါင်မလိမ်နဲ့လေ၊ သိပ်အနိုင်ကျင့်တာပဲ"

"မကျေနပ်ရင် ကိုကို့ကို ပြန်တိုင်ပေါ့ ... "

"အေးပါ ... နိုင်ရာလူ လွဲသာချ သိလား"

ထမင်းစားပြီးတော့ ပပက ချိုင့်တွေကို နောက်ဖေးဘက် သွားဆေးပြီး ပြည့်ပြည့်က ဇော့်ကို သတိပေးပါ၏။

"လေးလေးနော် ... နေ့လယ် ခေါက်ဆွဲသုပ်စားမှာ မမေ့နဲ့

"အေးပါ ... မမေ့ပါဘူး ... ကဲ ... ညည်းတို့ ဒေါ်လေးနဲ့ မြ ပါလာ ခဏလိုက်သွားဦးမယ် ... ဟိုလူကြီး ဖုန်းဆက်ရင် လာခေါ် နော် ... "

"ဟုတ်ကဲ့ ... "





"လူကိုများ ဘာဒေါ်လေးလဲ ... "

"ဟုတ်တယ်လေ ... ပပတို့က အစ်ကို့ကို ဦးမာန်လို့ ခေါ်တော့ ချောက ဒေါ်လေးအဆင့် ရောက်သွားရောပေါ့ ... "

"ဇော်နော် ... "

ချောက ဇော့်လက်မောင်းကို တဘုန်းဘုန်း ထုရိုက်ရင်း ဆိုင် ပြင်ဘက် ထွက်ခဲ့သည်။ တစ်ဘက်ဆိုင်ထဲ ဝင်ခဲ့တော့ ဆိုင်ရှင်အန်တီက ဇော့်ကို လှမ်းပြုံးပြလိုက်၏။

"ပေါင်းတင်မလို့လား ... "

"ဟင် ... မတင်ပါဘူး၊ ကျွန်တော်က ချောနဲ့ အဖော်လိုက်လာ တာပါ"

"ချော ... ဘာတော်လဲ သမီး ... "

"ယောက်မ ... "

"ဟဲ့ ... "

"ဟုတ်တယ် အန်တီဂရေ့စ်ရဲ့ ... အဲဒါ ကိုကို့ကောင်မလေး"

"ဟာ ... ချော အစုတ်ပလုတ်"

"ဟောတော် ... ဟင်း ဟင်း ဟင်း ... အန်တီက ကောင်လေး င်နေတာ ... တော်တော်ချောလှချည်လားလို့ ... ပြောပါဦး ... ားကျော်နဲ့ ဘယ်မှာဆုံတာလဲ ... "

"သူ လျှောက်ပြောနေတာပါ အန်တီ ... ဘာမှမဟုတ်ဘူး"

"ဟုတ်တယ် အန်တီဂရေ့စ်ရဲ့ ... ကိုကို့ဘက်က ရှာရန်ရှာနှန်း ည့် ... သူက လက်ပြန်မကမ်းသေးတာ"

"ဟုတ်လား ... နာမည်ကရော"

"ဇော်တဲ့ ... "

ဇော် ချောကို လက်သီးထောင်ပြလိုက်တော့ ချောက ဆံ... ပေါင်းတင်နေရာမှ ရယ်မောလိုက်လေ၏။

"သားကျော်နဲ့ အသက်ကွာမှာပေါ့ ... ချောနဲ့တောင် (၁၀)... ကွာတာ ... ဇော်နဲ့ချော ဘယ်လောက်ကွာသလဲ"

"အတူတူပဲ ... "

"ဒါဆို (၁၀)နှစ်ပေါ့ ... ကောင်းတယ် ... သားကျော်က ... ရှည်တယ် ဇော်ရဲ့ ... အန်တီတို့တူက ဘာမှ အပြစ်ပြောစရာမရှိဘူး ... သူ့ကို ပိုင်ချင်တဲ့သူတွေ ဒုနဲ့ဒေး ... တစ်ခါမှ အသံထွက်မလာ... ဇော်နဲ့မှပဲ သူ အသံထွက်လာတာ အံ့ဩစရာကြီး ... လက်သာ လ... လိုက် ... "

"အာ ... ကျွန်တော် မနေတတ်တော့ဘူးဗျ ... ဘာတွေ... နေမှန်းမသိဘူး၊ ချောရေ လစ်ပြီဗျို့ ... "

"ဟယ် ... နေဦးလေ"

ဇော် တစ်ဘက်ဆိုင်ထဲ ပြန်ဝင်လာစဉ် ဆိုင်ထဲမှာ ကိုညို... ရောက်နေလေ၏။

"ချာတိတ် ... "

"ဟာ ... ဆရာသမားပါလား ... ဘာကိစ္စလဲဗျ"

"မင်းဆီမှာ ငါ အကူအညီ လာတောင်းတာပေါ့ ... ငါ... မီးမဖွားနိုင်လို့ ခွဲမွေးရမယ်တဲ့ ... အဲဒါ အရေးတကြီး ငွေလို... ...ညီပါဦးကွာ ... "

"အဲဒါမှ ဒုက္ခ ... ကျွန်တော့်ဘာ ငွေတော့ ဘယ်ရှိမှာလဲ ကိုညို ...ရဲ့ ... ရော့... ဒီမှာ လက်စွပ်နှစ်ကွင်းယူပြီး ရောင်းလိုက်ရမလား..."

"ဟာ ... ပစ္စည်းဆိုတော့ အားနာစရာကြီးကွာ ... ငွေယူပေး ...မရဘူးလား၊ ငါ အလုပ်ကလည်း ငွေကြိုထုတ်ပြီးသား ဖြစ်နေလို့ ...မထုတ်ရဲဘူးကွ ... "

"ကျားမြီးတော့ မဆွဲနိုင်းပါနဲ့ ဆရာရယ် ... အားနာ...နေနဲ့ ... ...တော်ပြောသလိုသာလုပ်လိုက် ... ကိစ္စမရှိဘူး"

"ငါ ပေါင်ပြီးပြန်ရွေး ... "

"ဟာ ... ပေါင်ရုံနဲ့ ဘာမှရမှာမဟုတ်ဘူး ... ရောင်းလိုက် ... ...ယ် ... ဘာမှမဖြစ်ပါဘူး ... သွားတော့ အရေးကြီးနေတာကို"

"အေး ... ဒါဖြင့် ဒါ ရောင်းပြီး ငါ ဆေးရုံလိုက်သွားတော့မယ် ... ငါ ဒီနေ့ ခွင့်ယူထားတာကွ ... ကျေးဇူးပါပဲကွာ ... "

"မလိုပါဘူးဗျာ ... အဆင်ပြေသလိုသာ လုပ်လိုက်"

ညနေရောက်တော့ ချောကို အကြိုလိုက်ဝယ်ပေးပြီး အိမ်ကို ...သည်။ ရေချိုး ထမင်းစားသောက်အပြီး အိပ်ရာထဲ သုံ့နေစဉ် ...ခေါက်သံပေါ်လာ၍ ဖွင့်လိုက်တော့ အပြင်မှာ သူ ဖြစ်နေလေ

"ဘာလဲ အစ်ကို ... "

"ဖုန်းလာနေတယ် ... "

"ဟာ ... အဘဆီက ထင်တယ်"

"မင်းအဘ မဟုတ်ဘူးဟေ့ ... အစ်မ အစ်မ ... ညနေ အ
ပြန်လာတာတောင် အလွမ်းက သယ်လို့မပြီးနိုင်တော့ဘူး ... တ
တည်းမှ ..."

ဇော် ဇက်ပုစ္ဆ သူ့ရှေ့မှ ခပ်ကုပ်ကုပ် ထွက်ခဲ့မိ၏။ ဖုန်းကို ကို
လိုက်စဉ် တစ်ပက်မှ ခပ်သြသြအသံ ထွက်လာသည်။

"ချာတိတ်လား ... ကိုယ်ပါ"

"ဟင် ... ဒါနဲ့ အစ်ကိုပြောတော့ ချော ဆက်တာဆို"

"ဟုတ်တယ် ... ကိုယ် ခေါ်ခိုင်းလိုက်တာ"

"ဘာကိစ္စရှိလို့လဲ ..."

"ကိစ္စရှိမှ ဆက်ရမှာလား ... ကလေးဆီမှာ ကိုယ်တောင်းထ
တာ ရှိတယ်လေ ... အဲဒါ ဘယ်တော့ပေးမှာလဲ ... ပြောပါဦး"

"အာ ..."

သူ ဇော့် ခပ်လှမ်းလှမ်းရှိ ခုံမှာထိုင်၍ သတင်းစာ လာဖတ်
သဖြင့် အသံကို သိပ်မထွက်ရဲတော့။ ပြဿနာပါပဲ ... အဲဒီ ကို
ကလည်း တစ်မျောင့်။

"ကိုယ်ပြောတာကို အလေးအနက် စဉ်းစားပါ ချာတိတ်ရ
ဘဝအတွက် ရည်ရွယ်ပြီး ပြောတာကို ပေါ့ပျက်ပျက် မတွေးလိုက်ပ
ကလေးဘက်က မီးစိမ်းပြတာနဲ့ ကိုယ် ကလေးမိဘတွေဆီမှာ လ
တောင်းမှာပါ ..."

"ဟာ ... ဘာတွေလဲ"

"အဖြေတောင်းနေတာလေ ... အချိန်သိပ်မဆွဲဖို့ ပြောနေတ





အသက်ကြီးပြီကွ"

ဇော် ခေါင်းကုတ်၍ ချွေးတွေတောင်ထွက်လာ၏။ ခက်ပါလား
ရာ ...။

"ဒါပဲ မဟုတ်လား ... ကျွန်တော် ဖုန်းချလိုက်တော့မယ်"

"နေဦး ... ညီမလေး ပြောဦးမယ်တဲ့"

"ဇော် ... ကိုကိုပြောတာ ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး ... မချော ပြဿနာ မရှာနဲ့ကွာ"

"ကိုကို့ကို ဇော် လက်မခံရင် ချော မခေါ်တော့ဘူးနော် ... ဒီ
တကယ်ပြောတာ ..."

"အဲဒီလို အကျပ်မကိုင်နဲ့လေ ..."

"ဒါဆို ခေါင်းညိတ်လိုက်ပေါ့ ..."

"ဟာ ... ဘယ်ဖြစ်မှာလဲ"

"ဒါဖြင့်လည်း ပြီးရော ..."

ဝှက်ခနဲ ဖုန်းချသွားသဖြင့် ဇော် နား‌တွေအူသွားရသည်။ ဖုန်းကို
ချလိုက်တော့ သူ့ထံမှ ကြေည်ကြည့်တစ်ချက်ကို ရလိုက်၏။
န်းထဲ ပြန်ဝင်၍ သက်ပြင်းကိုသာ ကြိတ်ချလိုက်မိသည်။ ခက်ကို
နေတာပါ ကိုကိုရာ ...။

♥

## ၁၃

ဒီနေ့ ပိတ်ရက်မို့ သရက်သီးသုပ်စားရန်အတွက် ခုံခုံ၍ တံ
ဖြင့် သရက်သီးခူးနေ၏။ မြေကြီးက မညီသဖြင့် ခုံက လှုပ်စိလှု
ဖြစ်နေသည်မို့ သတိထားနေရသည်။

"ဟိတ် ... ဘာလုပ်နေတာလဲ"

ဇော် တင်ပါးကို ဖျောင်းခနဲ ရိုက်လိုက်သည့်ချောကြောင့်
က ယိုင်သွားသဖြင့် ထိန်းလိုက်ရ၏။

"ဟာ ... အရမ်းမလုပ်နဲ့လေ ... ဒီမှာ သရက်သီးခူးနေတဲ့
ကို ... "

"ဘာလုပ်ဖို့လဲ ... "

"သုပ်စားမလို့ ... "





"ချောလည်း စားမယ် ... "

"မကျွေးပါဘူး ... ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ မျောက်စိတ်
... "

"ကြည့်စမ်း ... စိတ်ပုပ်က မွေးပြန်ပြီ ... ကဲ"

ချောက ပြောပြောဆိုဆို လက်မြှောက်ထားသည့် ဇော့်ဗိုက်နှင့်
ကို ကလိထိုးလေ၏။

"ဟာ ... မလုပ်နဲ့၊ ယားတယ်ကွ ... အာ ... ဟား ဟား"

ဇော့်အသံကျယ်ကျယ်ကြောင့် သူ အိမ်ထဲမှ ထွက်ခဲ့၏။ ကောင်
လေးက ကလိထိုးသည်ကို တွန့်လိမ်နေရင်း ခုံရောလူပါ လဲကျတော့
သည်။ ဝါးလုံးကလည်း မြေပေါ်သို့ ဖြောင်းခနဲအလဲ လူကလည်း ချော
အပေါ် အပိ ဖြစ်လေတော့၏။ သူ တအံ့တသြ ကြည့်နေစဉ် မထင်မှတ်
သည့် အဖြစ်အပျက်ကို မြင်လိုက်ရလေသည်။

"ကဲ ... ဒီလောက်တောင် ဖြစ်လှတာ ... ရွှတ် ... ရွှတ်"

ဟိုဘက်ဒီဘက် ပါးနှစ်ဖက်ကို နမ်းလိုက်သဖြင့် ချောထံမှ အိ
ညှောင့်ညှောင်အသံလေး စူးခနဲ ထွက်လာပြီး ဇော့်ကိုတွန်း၍ ရိုက်
တော့၏။

"ဇော် ... နှာဘူး ... နှာဘူး ... သွား ... မကောင်းဘူး"

"အဲဒါမှ မှတ်ပြီလား ... "

"ဇော် အခုတ်ပလုတ် ... "

သူ ဒေါသတွေ ထောင်းခနဲထွက်လာပြီး ခြေလှမ်းတို့က မရည်
ဆပါဘဲ ဇော်တို့ ရပ်နေရာဆီ အလိုလို ရောက်သွားလေ၏။

"ဖိုးဇော် ..."

"ဗျာ ..."

"ကဲ ... အဲဒါ စော်ကားချင်ဦး"

"ခွပ် ..."

"အ ..."

"ဟင် ... ကိုမာန် ... မလုပ်ပါနဲ့ မလုပ်ပါနဲ့"

"မင်းကို ငါ ဘာပြောထားသလဲ ... ဟင် ... မင်း တမင်သ

သက် လုပ်တာ ငါ သိတယ် ... သူများသမီးပျိုနုနုထွတ်ထွတ်လေး

မင်းမို့ နမချင်းမစာမနာ"

"ခွပ် ..."

"အား ... မလုပ်ပါနဲ့ ကိုမာန်ရဲ့ ... ဇော် ... ဇော်ရေ"

အင်္ကျီရင်ဘတ်ကို ဆွဲလိုက်သဖြင့် ရုပ်ကြယ်သီးတစ်လုံး

၍ ဆွဲကြိုးပါ ပြုတ်သွားတော့သည်။

"ကြည့်စမ်း ... ဒါ ချောစုဆွဲကြိုး မဟုတ်လား ... မင်း နိုး

တာပေါ့လေ"

"မဟုတ် ... မဟုတ်ပါဘူး အစ်ကိုရဲ့ ..."

"ဘာငြင်းဦးမှာလဲ ... ဒီလောက် လက်တွေ့ မြင်နေရ

တောင်မှ ဘူးခံချင်သေးတယ်၊ မင်းတော့ သေဖို့သာပြင်"

ထိုင်လျက်လဲကျသွားသည့် ဇော့်ပေါ်သို့ ချောက အုပ်က

ထားတော့ သူ့ရင်ထဲ တော်တော်အောင့်သွားရသည်။ ကြည့်စမ်းပါ

ဒီလောက် သူ့ တားနေတဲ့ကြားက ဒီနှစ်ယောက်က ဒီအဆင့်တော





ဆက်နေပါရောလား။

"မလုပ်ပါနဲ့ ကိုမာန်ရယ် ... ချော တောင်းပန်ပါတယ် ... အဲဒါ

ချော့ဆွဲကြိုး မဟုတ်ပါဘူး၊ မေမေ ပေးထားတာပါ ... ချောဆွဲကြိုးက

ဒီမှာ ရှိပါတယ် ... ဇော့်မှာ အပြစ်မရှိပါဘူး ..."

"တောက် ... မင်းမျက်နှာ ငါ မမြင်ချင်တော့ဘူး ... မင်း ငါ့

ရှေ့က ထွက်သွားတော့"

"အစ်ကို ... ကျွန်တော်"

"ငါ ပြောနေတယ် ... ငါ့ရှေ့က ထွက်သွားတော့လို့ဆို"

ဇော် ထရပ်လိုက်တော့ ချောက ဇော့်လက်ကို ဆွဲခေါ်လိုက်

သဖြင့် ဆောင့်ရုန်းလိုက်၏။

"ဇော် ... ချောတို့အိမ် လိုက်ခဲ့ပါ"

"မလိုက်ဘူး ..."

"ချော တောင်းပန်ပါတယ် ဇော်ရယ် ... အိမ်ကိုပဲ လိုက်ခဲ့ပါ

နော် ..."

သူ ဆတ်ခနဲ ကျောခိုင်း၍ အိမ်ထဲဝင်သွားသဖြင့် ဇော် နှုတ်ခမ်း

မှ သွေးတို့ကို သုတ်ပစ်လိုက်၏။ ရက်စက်လိုက်တာ အစ်ကိုရာ ...

ကျွန်တော့်ကို ထိုးတာ နှစ်ကြိမ်တောင် ဖြစ်နေပြီ။ ကျွန်တော့်အပေါ်

မှာ ဘယ်လိုအငြိုးအတေးတွေများ ရှိနေပါသေးလဲ။

ချော အတင်းဆွဲခေါ်ရာဆီ မလိုက်ချင်ဖြင့် လိုက်ခဲ့ရ၏။ အိမ်

ထဲ ဝင်လိုက်စဉ်မှာ အန်တီသက်က ရင်ဘတ်ဖိရင်း ဘုရားတလိုက်လေ

သည်။

"ဘုရား ဘုရား ... ဘယ်လိုဖြစ်လာတာလဲ ကလေးရယ်"

"ကိုမာန်လေ ... အဲဒီကိုမာန်ပေါ့ ... ဇော့်ကို လက်သီးနဲ့ နှ ချက်တောင်မှ ထိုးလိုက်တာ သိပ်မုန်းဖို့ကောင်းတာပဲ"

"အဲဒီလိုတော့ မပြောပါနဲ့ ချောရဲ့ ... ကျွန်တော့်ဘက်က လွ သွားလို့ပဲဟာ ... "

"အဲဒါ ပါးစပ်နဲ့ပြောလည်း ရတာပဲ ... လက်ပါစရာလား ဇော် ရဲ့ ... နည်းနည်းပါးပါး ဆင်ခြင်ပြီးလုပ်မှပေါ့"

ဆူညံဆူညံအသံတွေကြောင့် အပေါ်ထပ်မှ ကိုကို ဆင်းလာ သဖြင့် ဇော် မျက်လုံးပြူးသွားရသည်။

"ဟာ ... ကိုကို ဆေးခန်းမသွားရဘူးလား"

"ဒီနေ့ Night duty ပါ ဇော်ရဲ့ ... ဘာတွေဖြစ်လာပြန်ပြီလဲ"

"ဒီမှာလေ သားရယ် ... ထူးမာန် ထိုးလွှတ်လိုက်တာ မျက်နှာ ကို ဖူးယောင်နေတာပဲ ... ဆေးထည့်ပေးပါဦး"

"ညီမလေး ရေနွေးနည်းနည်းထည့်လာခဲ့ ... လက်ကိုင်ပဝါ တစ်ထည်ပါ ယူလာ ... "

"ဟင့်အင်း ... နေပါစေ ကိုကို"

"ဘာနေပါစေလဲ ... အဲဒါကြောင့် ကိုယ်ပြောတာပေါ့ ... ကိုယ် တို့အိမ် ပြောင်းနေပါဆို"

"ဘယ်ဖြစ်မှာလဲ ... "

"ဘာ မဖြစ်စရာရှိလို့လဲ ... "

"ကျွန်တော် သူ့အိမ်က ပြောင်းတာနဲ့ အဘက နောက်မိန်းမ





လိုက်မှာဗျ ... အဲဒါမှ ကျွန်တော် ဒုက္ခရောက်မှာ"

"ယူပါစေပေါ့ ... ဘာဖြစ်လဲ ... ဒါကြောင့် ထူးမာန် အနိုင်ကျင့် တာကို ငြိမ်ခံနေတာပေါ့ ဟုတ်လား"

ဇော် ... ဘာမှမပြောဘဲ ပါးစပ်ပိတ်လိုက်၏။ ကိုကိုက ဇော့် မျက်နှာမှ ဒဏ်ရာဟွေကို ဆေးကြော၍ ဆေးထည့်ပေးလေသည်။

"ဇော် ... ထမင်းစားကြမယ်နော် ... မေမေ ထမင်းပွဲပြင်တာ သွားကူလိုက်ဦးမယ် သိလား ... "

ချောက ပြုံးစိစိနှင့် ပြောပြီး အတွင်းခန်းထဲ အပြေးဝင်သွား ဖြင့် ဧည့်ခန်းမှာ ဇော်နှင့် ကိုကိုသာ ကျန်ခဲ့၏။ ကိုကို ဆေးထည့် တာကို မျက်လွှာအသာချ၍ ငြိမ်ခံနေရင်း မျက်ရည်တို့က အလိုလို ထွက်လာသည်။ ဒီလိုဒဏ်ရာတွေကို ဘယ်အချိန်ထိ ခံယူနေရဦးမှာ ... ။ ကျွန်တော့်ကို ဘယ်လောက်အထိ နှိပ်စက်အနိုင်ကျင့်နေဦးမှာ ကိုထူးမာန်ရယ်။

"ဇော် ... "

မျက်ရည်က ပေါက်ခနဲ ကျသွားသဖြင့် ဇော် အမြန်သုတ်လိုက် ကိုကို့လက်အစုံက ဇော့်ကို သိမ်းကျုံးပွေ့ဖက်လိုက်လေ၏။

"အာ ... ကိုကို ... ဘာလုပ်တာလဲ၊ လွှတ်ပါ"

"ဟင့်အင်း ... ကိုယ် ကလေးကို မခွဲနိုင်တော့ဘူးကွာ ... ဒီလို ဒဏ်ရာတွေ ထပ်ထပ်ရနေဟာ ကိုယ့်ရင်ထဲ ဘယ်လောက်ခံစား ရသလဲဆိုတာ ကလေး ပင်ကြည့်စေချင်တယ် ... ဘာဖြစ်လို့ ခေါင်း နေရတာလဲ ပြောစမ်းပါ ... ဒီအိမ်မှာလာနေလို့ ကလေးအတွက်

ဘာမှ နစ်နာစရာမရှိပါဘူး၊ ကိုယ် ကလေးကျောင်းပြီးမှ လ...
ပါ … ကိုယ် စောင့်နိုင်ပါတယ်"

"ဟာ … ပြောချင်ရာတွေ စွတ်ပြောမနေနဲ့ … သူများ
မြင်ကုန်တော့မှာပဲ၊ လွှတ်ပါ ကိုကိုရ … ကျွန်တော် မနေတတ်ဘူ

"ဒါဆို ချစ်တယ်လို့ပြော … "

"အာ … မဖြစ်ဘူး"

"ဒါဖြင့် ခေါင်းညိတ်ပြ … "

"ဟင့်အင်း … လွှတ်ပါဗျာ"

"ဒါဆို မလွှတ်ဘူး … ဒါမှ အားလုံးမြင်သွားတော့ သက်သေ
လုံပြီးသားဖြစ်မှာ … "

"ဟင် … မဖြစ်ပါဘူး … ကျွန်တော် တောင်းပန်ပါတယ် ကို
ရာ … ရှိကြီးခိုးပါရဲ့ လွှတ်ပါဗျာ"

ကိုကို ဇော့်အပြောကြောင့် သနားသဖြင့် ပြန်လွှတ်ပေးလို
၏။ စိတ်ထဲမှာတော့ နည်းနည်းလေးမှ မကောင်း။ လက်အစုံကို
ခပ်တင်းတင်း ဆုပ်ကိုင်ထားမိသည်။ ဇော်ကတော့ အတင်းရုန်းနေ

"အဟမ်း … ထမင်းပွဲ အဆင်သင့်ဖြစ်ပြီ ကိုကိုရေ … "

"ခွေးမလေး … အရေးကောင်း ဒိန်းခေါင်းဖျက်"

"ဟ်ဟိ … "

ချောက လိုက်ကာကို ပြန်ချ၍ အထဲပြန်ဝင်သွားတော့ ကို
က ဇော့်လက်ကိုဆွဲကာ ထရပ်လိုက်သည်။

"ကျွန်တော် မစားတော့ဘူး ကိုဂိ … ရှာပဲ ပြန်တော့မ





"ကောင်းပြီလေ … ရှာပြန်မယ်ဆိုရင်တော့ ကိုယ် မင်းကို အခု
တတည်းက အခန်းထဲ သော့ခတ်ထည့်ထားလိုက်မယ် ဟုတ်ပြီလား"

ဇော် ဘာမှ မပြောရဲတော့ပေ။ ခပ်တည်တည်ကြီး စိုက်ကြည့်
နေသည့် ကိုကို့မျက်လုံးတွေကို ရင်မဆိုင်ရဲတော့ဘဲ အကြည့်လွှဲလိုက်
ရင်း ထမင်းစားခန်းထဲ ရောက်ခဲ့တော့သည်။

"ဟုတ်လား ဇော် … ဇော် ချက်ကျွေးတဲ့ ဟင်းတွေကို အန်တီ
သက်တို့ စားရတော့မယ်ဆို"

"အာ … အန်တီကလည်း"

"ဟင်း ဟင်း … ဒါ ရှက်စရာလား … ဘယ်သူက သဘောမတူ
ဘူး ပြောနေလို့လဲ"

"သိပ်မစ,နဲ့ ညီမလေးရေ … အခုတောင် ရှာပြန်မယ်ပြောနေ
လို့ … "

"ဟယ် … ပြန်စရာလား ဇော်ရယ် … သမီးနဲ့ အတူတူနေချင်
နေ … ဒါမှမဟုတ် တစ်ခန်းသပ်သပ်နေလည်း ဖြစ်ကာပဲ … ဒီမှာပဲ
နေ ဟုတ်လား … "

ဇော့်မျက်နှာလေး ရှဲ့သွားရင်း ကိုကို့ကို ဖျတ်ခနဲ မိုးကြည့်လိုက်
တော့ ခပ်ပြုံးပြုံးအကြည့်နှင့် တန်းတိုးလေတော့၏။

"အစ်ကိုလေး … အစ်ကိုလေး … "

"ဟော … ကိုမောင်စုံးအသံပဲ"

"နေ နေ … ချော သွားမေးပေးမယ် .

ချော အိမ်ရှေ့ထွက်သွားပြီး ခဏအကြာမှာ ပြန်ဝင်လာခဲ့လေ

သည်။

"ဘာလဲဟင် ချော ... "

"လေးလေးကျော် ပြန်ရောက်လာပြီတဲ့ ... မဇော့်ကို ပြန်လာခဲ့ဖို့ ပြောတာ ... ချောက ထမင်းစားပြီးမှ ပြန်လာမယ်လို့ ပြောလိုက်တယ် ... ပြီးအောင် ဆက်စား ... စိတ်အေးအေးသာထားတော့ ... ကိုမာန့်ကိုနိုင်တဲ့သူ ပေါ်လာပြီ၊ အိမ်ကျရင် အကုန်ပြန်တိုင် သိလား"

"မလုပ်ပါနဲ့ ချောရယ် ... ကျွန်တော်က သူတို့အရိပ်ကို ခိုနေရတာ ... မကောင်းပါဘူး"

"မရဘူး ... ဇော် မတိုင်ရင် ချော လိုက်တိုင်မှာပဲ"

"ဟာ ... ချောရာ"

"သည်းခံနေ သိလား ... ဘယ်ဘဝက ဝဋ်တွေ လာခံနေမှန်းကို မသိဘူး ... ဒီလောက် တိုက်ကွမ်ဒိုတွေ တတ်ထားတာ ဘာဖြစ်လို့ မသုံးဘဲ ငြိမ်နေသလဲ ... အသည်းတွေ ယားနေပြီနော်"

"ဩော် ... သူက ကျွန်တော့်ထက် (၆)နှစ်တောင် ကြီးတာပြီးတော့ အိမ်ရှင်လေ"

"ဒါဆို ကိုကိုက (၁၀)နှစ်တောင်ကြီးတော့ ဇော် ပိုသည်းခံမှာပေါ့ ... ဒီလိုလား"

"အာ ... လာပြန်ပြီ"

ထမင်းဝိုင်းလေးမှာ ရယ်သံတွေ ဝေစီသွား၏။ အန်တီက ထမင်းစားပြီးတော့ ပင်မှည့်ဖျော်ရည်တိုက်ပြီးမှ ဇော့်ကို ပြန်စေသည်။ အိမ်ကို ပြန်ရောက်တော့ လေးလေးကျော်က မတ်တတ်ရပ်နေပြီး





သူက ဆက်တီပေါ်မှာ ခေါင်းငိုက်စိုက်ဖြင့် ထိုင်နေလေ၏။

"ဒီလောက်လေးတောင်မှ သည်းမခံနိုင်ရင် မင်းကို ဘယ်မိန်းကလေးက အားကိုးတကြီး လက်သင့်ခံမှာလဲ ... ကလေးက နုနုနယ်နယ်လေးကို ... "

"လေးလေးကောင် လွန်တာကျသော့ ထည့်မပြောဘူး"

"ဟ ... လူငယ်ပဲ၊ သူ့စိတ်နဲ့သူ့ကိုယ်ပေါ့ ... တားလို့ရမလား မြင့်ဇော်သာသိရင် သူ့လက်ချက်နဲ့ မင်း တစ်ချီတည်း အသက်ထွက်သွားမယ် ... ကိုယ်လုံပညာ ဒီလောက် တတ်တာတောင်မှ မင်းအပေါ်မှာလို သည်းခံနိုင်တာ နည်းတဲ့အရည်အချင်းလား"

ဇော် အထဲဝင်ရမလို အပြင်ပဲ လှည့်ပြန်ရမလို ချီတုံချတုံ ဖြစ်နေစဉ် ဦးကျော်က အဝင်ဝဘက် လှည့်ကြည့်ရင်း ဇော့်ကို မြင်သွားလေ၏။

"ဇော် ... ဝင်ခဲ့လေ"

"ဦးကျော် ... အဘရော နေကောင်းရဲ့လား"

ဦးကျော်က ဇော်မေးတာကို မဖြေသေးဘဲ ဇော့်မျက်နှာကို ဆက်ဖြင့် အသာမ,၍ သေချာကြည့်လိုက်၏။

"ကြည့်ပါဦး ... မညာမတာ ထိုးထားတာ ... ဒါ ဒုတိယအကြိမ်ဆို ဟုတ်လား ဇော်"

ဇော် ... သူ့ကို စိုးကြည့်လိုက်တော့ သူ့ထံမှ မကြည်ကြည့်တစ်ချက်ကို ခပ်စူးစူးရလိုက်၏။

"အဘ ဘာမှာလိုက်သေးလဲဟင် ဦးကျော် ... "

"နေကောင်းတယ် ... လိမ်လိမ်မာမာနေတဲ့၊ သူ့စိုက်ခင်းဖော်

ပြီးရင် ဒီမှာ ဘုရားစုံဖူးဖို့ လာခဲ့လိမ့်မယ် ... ကျောင်းတက်ရတော့မယ်ဆို ... "

"ဟုတ်ကဲ့ ... နောက်တစ်ပတ်ပါ ဦးကျော်"

"ဦးကျော်တူကို နည်းနည်းလေးတောင်မှ ပညာပြန် ပေးဘူးလား ... ဒီအတိုင်း ငြိမ်ခံနေတာပဲလား ဇော် ... "

"ဇော် ပြန်ပြောမိတာတောင်မှ လွန်နေပါပြီ ဦးကျော်ရယ်"

ဦးကျော်က စိတ်မကောင်းဖြစ်သွားပြီး ဇော့်ကို အသာပွေ့ဖက်၍ ဆံပင်တို့ကို သပ်တင်ပေးလိုက်သည်။ ဒီလို လိမ္မာရေးခြားရှိသည့် ကလေးကို တူဖြစ်သူနှင့် နီးစပ်စေချင်လို့ လွှတ်လိုက်ကာမှ မုတော့ စုတ်ရာတခြား ရှုရာတလွဲ ဖြစ်တော့မှာပါလား။

"အလုပ်ဆင်းတာ ရပ်လိုက်တော့ ... ကျောင်းတက်ဖို့ ပြင်ဆင်မိချောနဲ့ မေရှာတူတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... "

"အတူတူသွား ... နေရာတကာ စိတ်မြန်လက်မြန် လျှောက်မလုပ်နဲ့ ... ကိုယ့်အန္တရာယ် ကိုယ်ကြည့်ဦး ... ကြားလား ဇော်"

"ဟုတ် ... "

"ကဲ ... သွားနားတော့၊ အပေါ်ထပ်စားပွဲပေါ်မှာ ဇော့်သူငယ်ချင်းတွေ ပေးလိုက်တဲ့စာတွေနဲ့ မုန့်တွေ လက်ဆောင်တွေ ပါလာတယ် ... "

"ဟေး ... အတော်ပဲ ... ဒါဖြင့် ဇော် သွားပြီနော် ဦးကျော်"

"အေး ... "





ဇော် အပေါ်ထပ်သို့ အပြေးတက်ခဲ့လေ၏။ ကဲ ... ကိုထူးမာန ... ရှေ့လျှောက် ခင်ဗျားကို ကျွန်တော် နိုင်ပါပြီဗျာ။ အဲဒါ အသေ ... ပါပဲ။

♥

## ၁၄

မနက်စောစော အိပ်ရာထ ကိုယ်လက်သန့်စင်အပြီး အောက် ထပ်ဆင်းလာတော့ ထမင်းစားခန်းမှာ ဦးကျော်က ရောက်နေလေ ပြီ။

"နိုးပြီလား ဖော် ... လာ ... ဒီမှာ ပဲပြုတ်နဲ့နံပြား စား ... ပြီး ရင် ဦးကျော့်နဲ့ ဈေးသွားကြစို့"

"ဦးကျော် အစောကြီး နိုးနေပြီကိုး ... "

"အေး ... လမ်းလျှောက်ရင်း ဈေးဝယ်ကြတာပေါ့"

ခဏအကြာ သူပါ ထမင်းစားခန်းထဲ ရောက်လာ၏။ ဖော့်ကို ဘာမှမပြော ကြည့်လည်းမကြည့်ဘဲ နံမှာ ဝင်ထိုင်တော့ ဦးကျော်က သူ့ကို မျက်စောင်းခဲ၍ ကြည့်လိုက်သည်။





"ဘယ်လိုလဲဟေ့ ထွေး ... အခုချိန်ထိ ကလေးကို တစ်ခွန်း ဘောင်းပန်ဘူး ... ဒီလို ခပ်တင်းကင်းပဲလား"

"ဟာ ... ဦးကျော်ကလည်း အစ်ကို့ကို မပြောပါနဲ့ ... ဖော်က ယ်ပဲ ... ဘာမှမဖြစ်ပါဘူး"

"အငယ်ကပဲ အမြဲ အလျှော့ ပးနေရတာတော့ မဟုတ်တော့ ... မင်းတော့ ဒီတစ်သက် မိန်းမရဖို့ လမ်းမမြင်ဘူးဟေ့ကောင်"

"လေးလေးကလည်း ... ကျွန်တော့်ဟာကျွန်တော် ေ အေး ဆေး သီးသန့်နေတဲ့ဟာကို ... ကိုယ့်တူဘက်ကတော့ မနေဘဲ"

"ဩော် ... ဘာလဲ ... သူစိမ်းဘက်ကနေတယ်ဆိုပြီး ငါ့ကို ကာ ခံပြောချင်နေတယ်ပေါ့၊ ပြောပါဦး ... ငါ မင်းနဲ့ ဘာတော်လဲ"

"ကျွန်တော့်ဦးလေးပါ ... "

"ဒါ ဘယ်သူ့အိမ်လဲ ... "

"လေးလေးအိမ် ... "

"ဦးကျော် ... "

"အသာနေစမ်း ဖော် ... မင်းကို ဒီအရွယ်ထိ ဘယ်သူကျွေးမွေး ပေးခဲ့တာလဲ ... "

သူ့ထံမှ အသံထပ်ထွက်မလာတော့ပေ။ မှုန်ကုပ်ကုပ် မျက်နှာ ကော်ဖီကိုသာ ငုံ့သောက်နေတော့သည်။

"အေး ... မင်း မငယ်တော့ဘူးနော် ထွေးမာန် ... ခုဟာက ကာ အသက်ကြီးပြီး ကလေးဆိုးကြီးလို ဖြစ်နေတာ၊ အရာရာ မင်း တိုင်းမကျ ဖြစ်ရတာချည်းပဲ ... ကလေးတုန်းက အရိုးစူးဖူးတာနဲ့

ငါ့မှာ ကြက်သားနဲ့ချည်း နှစ်ပါးသွားနေရတာ ရှုံတောင်ရှုံချင်လာ
အနံ့တောင် မခံချင်တော့ဘူး … တော်ပြီ … ဒီနေ့ကစပြီး ငါ စား
တဲ့ဟင်းပဲ ချက်စားမယ် … မင်းလည်း ဒါပဲ စားရမယ် … မောင်စိုး
ကြားလား … ”

“ဟုတ်ကဲ့ပါ လေးလေး … ”

“လေးလေး အဲဒီလို ပညာပြတာတော့ ဘယ်တရားမလဲ
ကျွန်တော်မှ ငါးညှီနံ့ မခံနိုင်တဲ့ဟာကို”

“ဟ … ညှီနံ့ပျောက်အောင် ချက်မှာပဲဟာ”

“မစားဘူး … ဒီလိုတော့ အနိုပ်စက်မခံနိုင်ဘူး”

“ဒါတောင် မင်းကို ပါးစပ်နဲ့ပဲ ပြောသေးတာ … ကိုယ်ထိလ
ရောက် မစော်ကားသေးဘူး … ဒါလေးပြောတာနဲ့ မင်း မခံနိုင်
နေရင် ဟိုမှာ ကာယကံရှင်စိတ်ထဲ ဘယ်လိုရှိမလဲ စဉ်းစားပေါ့”

“သူနဲ့ ကျွန်တော့်ကြားက အဖုအထစ်တွေက အဲဒီ ငါးနဲ့ စ
ခဲ့တာ … မစားဘူးဆို လုံးဝပဲ … ”

“အောင်မာ … မင်း တော်တော် ဂြိုဟ်ကြွလှချည်လား
အေး … မင်းပိုးနေတဲ့ မိချောလည်း ငါးပဲကြိုက်တာ … ငါ စောင့်ကြ
ဦးမယ် … မင်းကြိုက်တဲ့ ကောင်မလေးက ကိုကိုရေ ငါးလေးစားပ
ဆိုပြီး ခွံ့ကျွေးရင် ဘယ့်နှယ်လုပ်မလဲ … ”

“ဟာဗျာ … လေးလေး မရစ်ပါနဲ့ဗျ … ကျွန်တော် အလ
သွားတော့မယ်”

“ထမင်းချိုင့် ယူမသွားဘူးလား … ”





“နေပါစေ … ရတယ်”

“အေး … ငါ လာပို့မယ် … ဒါမှ အလုပ်က အခြေအနေပါ
သိရမှာ”

သူ စိတ်မကြည်လင်စွာနှင့် ဝပ်ရှော့သို့ ထွက်လာခဲ့၏။ ဇင်မင်း
နှင့် နှစ်ယောက်သား အလုပ်များ နစဉ် ဇင်မင်းက သူ့ကို တီးတိုးပြော
ဆိုက်သည်။

“လေးကျော် ပြန်လာပြီဆို … ငါတို့အလုပ်ထဲမှာ ပန္နည်းပျောက်
ခြံပြီ ထူးမာန် … ပြဿနာတော့ ထပ်တက်ဦးမယ် … တရားခံ
လည်း ခုထိ ရှာမတွေ့သေးဘူး … ဇော်ကို ဒီမှာပဲထားတာ ပိုကောင်း
ယ် ထင်တာပဲ … သူက အလုပ်သမားတွေနဲ့လည်း ပိုရင်းနှီးတော့
မိချင်ရိပ်မိမှာ”

“ကျွတ် … ရှုပ်ကရှုပ်နဲ့ကွာ … ငါမမြင်ချင်ဘူး သူ့မျက်နှာ
… ”

“ဟာ မင်းကလည်း အသား·လွှတ်ကြီး ချာတိတ်ကို အမြင်
ာင်းမနေနဲ့လေ … သူ့မှာ ဘာမှအပြစ်မရှိဘဲနဲ့”

“မရှိဘဲနေမလား။ အခုပဲ လေးလေးပြန်လာတာနဲ့ ဘဝ်ကူရပြီး
ကို ပညာပြတော့မယ်”

“ဘာကိုလဲ … ”

“ငါ မကြိုက်တာတွေပဲ လေးလေးက ချက်ခိုင်းပြီလေ”

“ဟား ဟား ဟား … ကောင်းတယ်ဟေ့ … သူ ချက်ကျွေးတဲ့
သလောက်ဟင်းလေး စားရချည်သေးရဲ့”

သူ ဇင်မင်းလက်မောင်းကို ဖတ်ခနဲ ထိုးလိုက်ပြီး တစ်လ
Income amount ကို စစ်၏။ ဒီညနေ လစာပေးရမှာမို့ အလုပ်သမာ
တွေ အလုပ်တက်ရက်နှင့် ပျက်ရက်ကို ဇင်မင်းက စစ်ပြီး သူ့ထံ လှမ်
ပေးလိုက်သည်။

"ညိုမောင် … ငွေယူထားတာတွေ များနေပြီ … ဒီကော
ဘာတွေလုပ်လဲမသိဘူး၊ လစာထဲက ဖြတ်ရင်တော့ ကုန်တော့မှာပဲ

"ဘယ်လောက်ယူထားတာလဲ … "

"ခြောက်သောင်း … "

"များလှချည်လား … "

"အေး … အရေးကြီးလို့ဆိုပြီး လာထုတ်တော့ ငါလည်း လွယ
လွယ်နဲ့ပဲ ထုတ်ပေးလိုက်မိတာ သုံးလလောက် ဖြတ်ရမှာပဲ"

ဝရန်းသုန်းကားအသံကြားရပြီး အလုပ်ခန်းရှိရာသို့ မောင်တိ
ပြေးဝင်လာ၏။

"ဆရာ … ဆရာ … ကိုညိုကြီးနဲ့ မိုက်ခဲတို့ ချကုန်ပြီ လုပ်ပါဦး"

"ဟေ … "

သူနှင့် ဇင်မင်း အပြေးအလွှား ထွက်သွားတော့ ညိုမောင်က
ပက်လက်လန်နေသည့် မိုက်ခဲကိုယ်ပေါ် ခွထားပြီး လက်သီးဖြင့် ထိ
နေလေသည်။

"ညိုမောင် … တော်တော့၊ ဟေ့ကောင် တော်တော့လို့ဆို"

"ဆရာ … ဒီကောင် ဒီမှာ ပစ္စည်းတွေခိုးထုတ်နေတာ ကြာပြီ
ထင်တယ် … အခုမှ ကျုပ် လက်ပူးလက်ကျပ်မိတာ"





"ကျုပ် မခိုးဘူးဗျ … ခင်ဗျားသာ ခိုးတာ … ခင်ဗျားမှာ ဘယ်
န်းက ရွှေရှိဖူးလို့လဲ … အခု ရွှေလက်စွပ်တွေ ဘာတွေနဲ့"

"ကဲ ကဲ … ရုံးခန်းထဲ နှစ်ယောက်စလုံး လိုက်လာခဲ့ … ဒုက္ခ
… လေးလေး ပြန်ရောက်နေပြီဆိုမှ ပြဿနာက တစ်မှောင့်"

ရုံးခန်းထဲရှိ စားပွဲရှေ့ထိုင်ခုံမှာ နှစ်ယောက်စလုံး ထိုင်ခိုင်းပြီး
ဆေးရတော့သည်။

"ကဲ ပြော … ဘယ်က စဖြစ်တာလဲ"

"ဒီကောင် ဆရာ … နောက်ဖေးရေမြောင်းပေါက်ထဲကနေ
ည်းတစ်ခု ဝှက်ပြီးပေးလိုက်တော့ ဟိုအပြင်ကနေ လူတစ်ယောက်
ယူသွားတာ ကျုပ် မြင်လို့ပြောရင်း ရန်ဖြစ်တာပဲ"

"မဟုတ်ဘူး ဆရာ … သူသာ ခိုးတာပါ … မယုံရင် သူ့လက်
မှာ ရွှေလက်စွပ်ရှိတယ် … အဲဒါ ခိုးရောင်းပြီး လုပ်ထားတာပေါ့။
လေးတွေ ဒီလောက် အများကြီးနဲ့လူက လက်စွပ်လုပ်နိုင်ပါ့မလား
စားကြည့်ပါ … "

"ကဲ … ညိုမောင် … မင်းလက်စွပ်ချွတ်စမ်း"

"ဒါ ကျုပ်လက်စွပ် မဟုတ်ပါဘူး ဆရာ … သူများလက်စွပ်
… ကျုပ် ပြန်ပေးမလို့ ပျောက်မှာစိုးလို့ လက်မှာပဲ စွပ်ထားတာပါ"

"ချွတ်မှာသာ ချွတ်ပါကွာ … "

ညိုမောင်က အင်တင်တင်နှင့် လက်စွပ်ကို ချွတ်ပေးလေ၏။
င်းက လက်စွပ်ကို ယူကြည့်၍ မျက်လုံးအစုံ ပြူးကျယ်သွားရတော့
ည်။

"ဟာ ... ဒါ ချာတိတ်လက်စွပ်ပဲ ... မင်း ဘယ်ကရလာတာ
လဲ ... "

"ဟုတ်ပါတယ် ဆရာ ... ကျွန်ခဲ့တဲ့တစ်ပတ်က ကျွန်တော့်မိန်း
မီးမဖွားနိုင်လို့ ခွဲရမယ်ဆိုပြီး ငွေလိုလို့ အကူအညီတောင်းတော့
လက်စွပ်နှစ်ကွင်း ပေးလိုက်တာပါ ... တစ်ကွင်းကိုတော့ ငွေလို
ရောင်းလိုက်ပါပြီ ... ဒီတစ်ကွင်းကို ပြန်ပေးမလို့ သိမ်းထားတာ
ဒီကောင်က ကျုပ်ကို သူခိုးပြန်စွပ်စွဲတာပဲ ... "

"မဟုတ်ဘူး ဆရာ ... ဒီလူ ခိုးတာပဲနေမှာ ... ဖဲရိုက်လို့
လိုပြီး ဆရာ့ဆီမှာ ငွေတောင်မှ ကြိုထုတ်နေတာပဲ"

"ဟေ့ကောင် မိုက်ခဲ ... မင်း မဟုတ်တာမပြောနဲ့နော်
ငါ့မှာ ဒီလိုအကျင့်မရှိဘူး ... ငါ ဒီမှာလုပ်လာတာ ဦးလေးကျော်လ
ထက်ကတည်းကကွ"

ဝင်းထဲသို့ ကားတစ်စီး ဝင်လာ၏။ ကားပေါ်မှ လေးလေး
ဇော် ဆင်းလာသဖြင့် သူ့ခေါင်းတစ်ခုလုံး ခဲသွားရသည်။ ဘယ့်နှ
ဒီအရှုပ်ထုပ်ထဲမှာ ချာတိတ်က ပါလာပြန်တာလဲ။ စိတ်ညစ်လိုက်တ
နော်။

"ဘာဖြစ်နေတာလဲဟေ့ ... အင်း ... ပြဿနာက တော်တော
ကြီးကျယ်ပုံပဲ၊ နှစ်ကောင်သား လုံးထွေးသတ်ပုတ်ထားတာ ပေ
နေပါလား ... ကဲ ... ပြောစမ်းဟေ့ ညိုကြီး"

"ဒီကောင် ပစ္စည်းခိုးတာကို ကျုပ်မြင်လို့ ပြောတာပါ ဦးေ
ကျော် ... ဒါပေမဲ့ ဒီကောင်က ကျွန်တော့်ကို ပြန်ချောက်ချနေ





... "

"မဟုတ်ဘူး ဦးလေး ... သူ"

"နေဦး ... ဇင်မင်းလက်ထဲက ဘာလဲ"

"ဇော့်လက်စွပ် ... "

"ဟိုက် ... "

ဇော့်ထံမှ အာမေဋိတ်သံတစ်ချက် ထွက်သွား၏။ ဦးကျော်က
ဇော့်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"ဟုတ်လား ဇော် ... ဘယ့်နှယ် ဒီကို လက်စွပ်က ရောက်နေ
တာလဲ ... "

"ဟုတ်တယ် ဦးကျော် ... ဇော် ကိုညိုကြီးမိန်းမ ခွဲစိတ်ဖို့ ငွေလို
တယ်ဆိုလို့ နှစ်ကွင်းပေးလိုက်တာပါ"

"ကဲ ... မိုက်ခဲ ... ဘာပြောဦးမလဲ"

"ဟာ ... ခင်ဗျားကို ကျွန်တော် မှတ်မိပြီ၊ ကိုမင်းရေ ... ဒီ
ကောင် ဒီလမ်းထဲက စိန်ကုလားဆိုတဲ့ ကောင်လေးကတစ်ဆင့် ဈေး
ထဲက ( ) ဆိုင်မှာ ပစ္စည်းခိုးသွင်းနေတာ ကျွန်တော် တွေ့ဖူးတယ်၊
ဒီကောင်အချောပဲ ... "

"မင်း ... မင်း ... "

"ဘာလဲ ... မသိဘူး ထင်လို့လား ... ကျွန်တော်က ဝပ်ရှော့မှာ
နေတာပေမဲ့ အလုပ်ရုံကို အဆက်အသွယ်မပြတ်ပါဘူးဗျ ... နောက်
ဆုံး သွင်းလိုက်တာ ကျွန်ခဲ့တဲ့လ (၁၆)ရက်ပဲ၊ ဟုတ်တယ်မှတ်လား"

မိုက်ခဲက ထိုင်ထားသည့် သစ်သားခုံဖြင့် ဇော့်ကို ဖြတ်ရိုက်ချ

လိုက်သဖြင့် အားလုံး ကြောင်သွားစဉ် ဇော်က ဆတ်ခနဲ အပေါ်
ခုန်တက်လိုက်သည်။ ခုံက နံရံကို ဖြောင်းခနဲထိရင်း ကျိုးသွားလေ
ဇော် အောက်ကို ပြန်အကျမှာ ခုံခြေထောက်အကျိုးဖြင့် ထပ်ရိုက်
သည်။ ဇော်က နောက်လှမ်းရှောင်လိုက်ပြီး ခြေဖြင့် တုတ်ကိုင်လ
ကို ကန်ထုတ်လိုက်၏။ လက်ထဲမှတုတ် လွင့်ကျသွားမှ ခြေအစုံ
မိုက်ခဲ ခြေနှစ်ချောင်းကိုဝိုက်၍ ခတ်ပေးလိုက်သဖြင့် မိုက်ခဲ ဖင်ထို
လျက် ကျသွားသည်။ မိုက်ခဲက ကျုံးထပြီး ဇော့်ကို လက်သီးဖြင့်အထ
လက်ကိုဖမ်း၍ ပခုံးဖြင့်ထမ်းကာ ကိုင်ပေါက်ထည့်လိုက်၏။

"ဝုန်း ... "

"အား ... "

"ကဲ ... တော်တော့ ဒဇော် ... နာကုန်မယ်၊ မိုက်ခဲ မင်း
နောက်မှလည်း ဝင်လာသေးတယ်၊ လူဟောင်းကိုပါ ပြဿနာရှာသ
အခုလို ရန်လုပ်တာတော့ မကောင်းဘူးပေါ့ ... မင်းကို အချုပ်
ထဲ ထည့်ရင် ဖြစ်တယ် ... ဒါပေမဲ့ ငါ အလုပ်ရှုပ်လို့မလုပ်ချင်ဘူး
ဒီတော့ မင်းသွားတော့၊ နောက်နောင် ငါ့အလုပ်နဲ့ မပတ်သက်မိပါ
နဲ့ ... "

မိုက်ခဲက နာသွားသည့်ဂါးကို ကိုင်၍ စောင်းငမ်းစောင်းငမ်း
ထွက်သွားတော့သည်။ ညိုမောင်က ဖင်မင်းထံမှ လက်စွပ်ကို တော
၍ ဇော့်ကို ပေးလိုက်ပါ၏။

"ရော့ ... ချာတိတ်၊ မင်းကို ငါ ကျေးဇူးအများကြီးတင်ပါတ
ကွာ ... လက်စွပ်တစ်ကွင်း ရောင်းလိုက်ရတာကို ငါ ပြန်လုပ်ပေး





ယ်၊ မင်းကျေးဇူးကို ငါ ဘယ်တော့မှ မမေ့ပါဘူး ... "

"ရပါတယ်ဗျာ ... အချင်းချင်းတွေပဲ ကိုညိုကြီးရဲ့ ... အဆင်ပြေမှသာ ပြန်ပေးပါ၊ မပြေလည်ရင်လည်း နေပါစေတော့၊ ခေါင်းထဲထည့်ပါနဲ့ ... "

"ညိုမောင် ... မင်းကလည်း ငါတို့ကို ပွင့်ပွင့်လင်းလင်းမပြောထားတော့ ပြဿနာတက်တာပေါ့ ... မင်း ကြိုယူထားတဲ့ငွေကို ပြန်ဆပ်ဖို့ မလိုတော့ဘူး ... ဟုတ်ပြီလား ... လုပ်စရာရှိတာ သွားလုပ်တော့ ... "

"ဟာ ... မဟုတ်ပါဘူး သူဌေးရယ် ... "

"ကျွန်တော်တို့ဘက်က ဒီလောက်တော့ ကူညီရမှာပေါ့ဗျာ၊ ခင်ဗျား သွားလို့ရပါပြီ ... အလုပ်တွေ ရှိသေးတယ်"

ဇော်က စားပွဲပေါ်မှ စာအုပ်ထပ်ကို ရှင်းလိုက်ပြီး ပလက်စတစ်စားပွဲခင်းလေး ခင်းကာ ထမင်းပွဲပြင်ဆင်လိုက်၏။

"ဟာ ... ကြက်သားကာလသားချက်ပါလား ... ပွတာပဲဟေ့၊ ဒါက အာလူးကတ်တလိတ် ... ဒါက ဘုံလုံသီးအစာသွပ် ... ကြာရိုးဟင်းခါး၊ သရက်ချဉ်သုပ် ... ငရုတ်သီးငါးပိချက် ... ရှယ်ပဲဟေ့ ... တို့စရာကလည်း အစုံ ... ငါ မင်းလက်ရာမစားရတာကြာပြီဖိုးဇော်ရာ ... လွမ်းလိုက်တာမှ လွန်ရော ... "

"အေး အချိုပွဲအတွက် သတ်သတ်ချိုင့်နဲ့ထည့်လာပေးတယ်၊ အဝသာစားဟေ့ .. "

"ဘာထည့်လာပေးကာလဲ လေးကျော် ... "

"အုန်းနို့ကျောက်ကျောနဲ့ ငှက်ပျောသီးပေါင်း ... "

"ဟား ... ဗွတ်ရှယ်ပဲ ... တုတ်ပြီပေါ့ ... "

ဇင်မင်းက သူ့ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးတော့ ဇော်က မျက်လုံးပြူးဖြင့်တားရန်ပြင်စဉ် ဦးကျော်က လက်ကာပြလိုက်သဖြင့် ငြိမ်နေလိုက်ရ၏။ သူ အာလူးကတ်တလိတ်ကိုစားတော့ အထဲမှာ အသားသွတ်ထားသည်ကို သိလိုက်၏။ ဝါးလက်စမို့ ဆက်ဝါးနေရင်း စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွား၍ ဇော့်ထံ ဖျတ်ခနဲကြည့်လိုက်တော့ သူ့ကို အကြောင်သားငေးကြည့်နေသည်ကို တွေ့လိုက်ရသည်။ သူနှင့် အကြည့်ဆုံသွားတော့ ဇော်က မျက်နှာလွှဲ၍ အပြင်ဘက်ထွက်သွား၏။ ဘယ်လိုလေးမှန်းကိုမသိတော့ပါဘူး။ ထမင်းစားသောက်ပြီးတော့ လေးလေးနှင့်ဇော်ပြန်သွား၏။ သူနှင့်ဇင်မင်း အလုပ်တွေရှုပ်နေစဉ် ဇင်မင်းက သူ့ကို လှမ်းပြောလိုက်ပါသည်။

"ထူးမာန် ... စားကောင်းတယ်မဟုတ်လား"

"အင်း ... "

"မင်းမိန်းမရရင် ဖိုးဇော်လောက် အချက်အပြုတ်ကောင်းပါ့ မလား ... "

သူ ဖိုင်တွဲလှန်နေရာမှ ဇင်မင်းကိုလှည့်ကြည့်လိုက်မိ၏။ ဇင်မင်းက ရေသောက်ပြီး ရေဘူးကို အဖုံးပိတ်လိုက်သည်။

"ဘာအဓိပ္ပာယ်လဲဇင်မင်း ... ငါနားမလည်ဘူး"

"ဩော် ... ကစ်ခါတလေ အချစ်က မျက်စိမှောက်တတ်တာကို ငါတွေးမိလို့ပါ ... "





"ဘာကြီးလဲကွာ ... "

"ထားပါ ... မင်း အာလူးကတ်တလိတ်စားတာကောင်းလား"

"မဆိုးပါဘူး ... "

"ဘာသားသွတ်ထားတယ်ထင်လဲ ... "

သူ ဇင်မင်းကို တအံ့တသြကြည့်လိုက်၏။ ဒီကောင် ဘာဖြစ်နေ ထဲ မသိပါဘူး။ ဇင်မင်းက သူ့ကိုကြည့်၍ မပွင့်တပွင့်ပြုံးလိုက်သည်။

"အဲဒါ ငါးသွတ်ထားတာ ... "

"ထင်တော့ ထင်သားပဲ ... ငါ့စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားတာ တော့ အမှန်ပဲ ... "

"ချာတိတ်က တားပါတယ် ... လေးကျော်က လက်ကာပြ လိုက်လို့ သူ ငြိမ်သွားတာ ... "

သူ ... ပြတင်းဝဘက်ကိုငေးရင်း ရင်ထဲမှာ တစ်မျိုးလေးဖြစ် သွားမိသည်။ သူ့ကို ငေးကြည့်နေသည့် မျက်ဝန်းတစ်စုံ၏အကြည့်က အခုထိ ရင်ထဲမှာ နွေးနေတုန်း။ ဘာလိုလိုကြီးပါလား။ မင်း ငါ့ကို ဘာပြောချင်တာလဲ ချာတိတ်ရာ ...

"ငါ့စိတ်ထဲအမှန်ပြောရရင် ငါ သူ့ကို ညီအရင်းလေးလို မွေးစား ချင်တယ် ... ချာတိတ်က စိတ်ကသာဆတ်တာ ... ခိတ်ထားလေး အရမ်းဖြူစင်တယ်ကွ ... ပြီးတော့ မင်းတို့အကျိုးစီးပွားကို တစ်ဖက် တစ်လမ်းက သူ ကူညီပေးတာပဲကြည့် ... ယုတ်စွအဆုံး ညီကြီး ပြဿနာကိုတောင် မဆီမဆိုင်ဝင်ရှင်းပေးတာ ... တော်ရုံလူလုပ်ရဲမှာ မဟုတ်ဘူး ... သူ့မှာ ကိုယ်လုံပညာတတ်ပြီးသားတောင်မှ မင်းထိုး

သမျှကို ငြိမ်ခံပေးတာ ... နည်းတဲ့သတ္တိလား ... ဒီလိုကလေ ရှားတယ်ထူးမာန် ... "

"ငါ့စိတ်ထဲမှာ သိနေပါတယ်ကွာ ... နဂိုက ပြဿနာအဖုအထ တွေကြောင့် သူ့အပေါ် ငါ အမြင်မကြည်လင်တာပါ ... စိတ်ထဲ ဘာ မထားပါဘူး ... အဲဒါ အမှန်ပဲဇင်မင်း ... "

"အေးပေါ့လေ ... မင်း သူ့အပေါ်မှာ ကိုယ်ထိလက်ရော အကြိမ်ကြိမ်စော်ကားခဲ့ပြီးပြီ ... ဒါပေမဲ့ တစ်ချိန်ချိန်မှာ သူ ခွင့်မလွှ နိုင်တဲ့ အမှားမျိုး အခြေအနေမျိုးဖြစ်မလာအောင် မင်းဆင်ခြင်တတ် ပဲ ငါသတိပေးချင်တယ် ... မင်းနောင်တရမှာကို ငါမလိုလားဘူ ထူးမာန် ... "

"ပဟေဠိဆန်လှချည်လားဇင်မင်း ... မင်းပြောကာတွေက အရမ်းမြင့်လွန်းနေတာလား ... ငါကပဲ ဉာဏ်မမီတာလား ... သိပ်မနီး စပ်သလိုပဲ ... "

"အချိန်တန်တော့ ငါပြောတာကို မင်းသဘောပေါက်လာမှာ ပါ ... "

သူ သက်ပြင်းကိုသာချလိုက်၏။ ညနေ လစာထုတ်ပေးတော့ ညိုမောင့်ကို နောက်ဆုံးမှ လစာပေးဖြစ်သည်။

"လစာမှာ အကြွေးမဖြတ်တာကို ကျန်တဲ့အလုပ်သမားတွေ မသိစေနဲ့နော် ညိုမောင် ... "

"ဟုတ်ကဲ့ပါဆရာ ... ကျေးဇူးတင်လှပါပြီ ... "

"နေဦးညိုမောင်၊ ဖော့လက်စွပ်ကရော ချိန်ဘယ်လောက်ရှိသလဲ"





"ငါးမူးနဲ့သုံးရွေးပါသူဌေး ... "

"ဩော် ... အင်း ... ရပြီ ... သွားတော့"

"ဟုတ်ကဲ့ ... "

"ဘာလုပ်ဖို့မေးတာလဲ ထူးမာန် ... "

"ငါ သူ့ကို ပြန်ဝယ်ပေးမလို့ပါ ... "

"အတိုင်းသိလို့လား ... "

"မင်းသိရင်ပြီးတာပဲ ... "

"ဟ ... ငါပါလိုက်ရမှာလား ... "

"ဒါပေါ့ ... ညနေ အိမ်မှာပဲ ထမင်းလိုက်စားမှာမဟုတ်လား"

"အေး ... "

အလုပ်သိမ်းတော့ အစောင့်မောင်တိုးကို သေချာမှာပြီး သူနှင့် င်မင်း မြို့ထဲဘက်ထွက်ခဲ့သည်။ ရွှေဆိုင်ထဲမှာ အတော်ကြာအောင် လိုက်ကြည့်နေမိ၏။

"သူဝတ်တာ မောင်းကွင်းပဲ ... အပြင်မှာ ZAW လို့ ထိုးထား ကွ ... အော်ဒါမှာမှရမှာပေါ့ ... "

"အဲဒါ လေးလေးပြန်လုပ်ပေးလိမ့်မယ် ... ငါက သက်သတ် ယ်ပေးမှာ"

"ဗုဒ္ဓေါ ... စေတနာတွေထားလို့ပါလား ... "

"အေး ... ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်တဲ့အနေနဲ့တော့ ပေးသင့် ာပဲမဟုတ်လား ... "

ဇင်မင်း ဘာမှမပြောဘဲ သူ့ဘေးမှ အသာလိုက်လာ၏။ မှန်ပုံး

ထဲမှာ ဘူးလေးတွေဖွင့်ထားသည့် စိန်လက်စွပ်တစ်ကွင်းကို သူ လက်
ညှိုးထိုးလိုက်သည်။

"အဲဒါ သူနဲ့မလိုက်ဘူး ... စိန်ပွင့်ကကြီးတယ် ... သူ့လက်
သွယ်သွယ်လေး ... ဒီဘက်ဘူးအနက်ကဟာကိုရွေးကွ ... "

"ဒါလေးခဏပြ ... "

"ဟုတ်ကဲ့ရှင့် ... "

ဇင်မင်းက ဘူးထဲက လက်စွပ်ကိုယူ၍ လက်သန်းမှာစွပ်ကြ
သည်။

"OK ပဲ ... "

"မိန်းကလေးဝတ်ဖို့လား အစ်ကို ... စိန်ကသေးတော့ မိန်း
လေးနဲ့ပဲလိုက်မှာမို့လို့ မေးကြည့်တာပါ ... "

"ဪ ... ချာတိတ်က ငယ်ငယ်လေးမို့ ဒါပဲရွေးလိုက်တာ
ကိစ္စမရှိပါဘူး ... ဈေးသာပြောပါ ... "

"ဟုတ်ကဲ့ ... စိန်ရောရွှေပါ အားလုံးသုံးသိန်းငါးသောင်းပါရှင်

သူ ငွေကို ရေတွက်၍ချေလိုက်ပြီး ဘူးကို Packing ထုပ်ခိုင်း
လိုက်လေ၏။ ကားပေါ်ပြန်တက်ခဲ့တော့ ဇင်မင်းထံမှ အသံထွက်လာ
ပြန်သည်။

"မင်းသူ့ကို ဘယ်လိုပြောပြီးပေးမှာလဲ ... "

"ဒီလိုပဲ ပေးမှာပေါ့ ... "

"သူ ယူမယ်လို့ ထင်လား ... "

သူ ဘာမှမပြောဘဲ သက်မချလိုက်မိ၏။ မီးပွိုင့်မှာ ခဏရပ်





ဇင်မင်းက လက်စွပ်ဘူးလေးကို ကိုင်ကြည့်နေသည်။

"ငါထင်ပါတယ် ... သူ ယူမှာမဟုတ်ဘူး ... ချာတိတ်က ရဖို့
ထက် သူများကိုပေးဖို့ကိုပဲ အမြဲကြည့်တတ်တယ် ... "

"မင်းကလည်း ... "

"မင်းမယုံဘူးလား ... လောင်းကြေးစားကြေး ... "

"ဘာကြေးလဲ ... "

"ဘီယာ အဝတိုက်ကြေး ... "

"ဟင်း ... နစ်နာနေဦးမယ် ... ဖိုးကျိုင်းတုတ် ... "

သူနှင့်ဇင်မင်း လွတ်လပ်စွာရယ်မောလိုက်၏။ မကြာခဏရန်
ဖြစ်တာမှန်ပေမယ့် သူ့ကို အမြဲပင်အလျှော့ပေးတတ်သည့် ချာတိတ်
က ဒီလက်စွပ်ကို လက်ခံပါ့မလား။ စိတ်ထဲမှာ သိပ်မရေရာ။ ခြံထဲကို
ကွေ့ဝင်လိုက်တော့ လေးလေးက အိမ်ရှေ့မှာ အသင့်ကြိုနေလေ၏။

'အတော်ပဲဟေ့ ... ဒီညနေ မင်းအကြိုက် ငါးခေါင်းချဉ်ရည်ဟင်း
ချက်ထားတယ် ဇင်မင်းရေ ... "

"ဟာ ... လေးကျော်ရာ ... ကျွန်တော်တော့ ကြာရင် over
weight ဖြစ်မှာ မြင်ယောင်သေးတယ် ... "

"စားတာလည်းစား ... exercise လည်းလုပ်တန်လုပ်ပေါ့ကွ၊
ဲ ... ရေအရင်ချိုးကြ ... မင်းတို့အတွက် ဇော်သံပရာရည်ဖျော်ထား
တာ အရင်သောက်လိုက်ဦး ... "

"ဇော်ရော ... "

"မနက်ဖြန်ကျောင်းတက်ဖို့ သွားပြင်ဆင်နေလေရဲ့ ... "

"ကျောင်းတက်ဖို့ အဝတ်အစားတွေဘာတွေရော ရှိရဲ့လား

လေးလေးရဲ့ ..."

"ပူမနေနဲ့ ... ဂျင်းပန့်နှစ်ထည်နဲ့ တီရှပ်ရောင်စုံရှိရင် သူ့အတွက်

ပြည့်စုံပြီပဲ ..."

ရေချိုးပြီး ထမင်းစားရန် သူတို့အောက်ထပ်ဆင်းလာတော့

ချာတိတ်က ထမင်းပွဲပြင်ဆင်ပြီးနေလေပြီ။

"ဟင်းကလည်း အစုံပါပဲလား ..."

"ကိုမင်းကြိုက်တယ်မဟုတ်လား ... ဒီမှာ ငါးခေါင်းချဉ်ရည်

ဟင်း ... ဒါက ငါးပတ်မွှေ ... အစိမ်းကြော် ... အစ်ကို့အတွက် ကြက်ဉ

အောမလက် ... အမဲနှပ်နဲ့ မုန်ညင်းရွက်ဟင်းချို ..."

ဇော်က လေးလေးပန်းကန်ထဲ ဟင်းအရင်ဦးဖယ်၍ သူ့ကို

ထည့်ပေး၏။ ဇင်မင်းကို ထည့်ပေးရန်ပြင်တော့ ဇင်မင်းက တားလိုက်

ပါသည်။

"နေနေဖိုးဇော် ... ငါ့ဟာငါစားပါ့မယ် ... ဇွန်းနဲ့စားတာတော့

ဟုတ်ပါပြီ ... ဒီငါးခေါင်းကို အသားဘယ်လိုနွှင်မလဲ ... လက်နဲ့စား

ဖြစ်တော့မယ်ထင်တယ် ..."

"ဇွန်းနဲ့နွှင်လည်းရပါတယ်ကိုမင်းရ ... ကျွန်တော်နွှင်ပေးပါ့မယ်

အေးအေးသာစား ... ဦးကျော်ကို အရင်လုပ်ပေးမယ်နော် ..."

ဇော်က ပန်းကန်သေးသေးနှစ်ချပ်သွားယူ၍ တစ်ချပ်ထဲမှာ ငါး

ခေါင်းတစ်လုံးကိုထည့်ကာ အသားနွှင်၏။ ပြီးတော့ လေးလေးပန်းကန်

ထဲ အရင်ထည့်ပေးလိုက်သည်။ အရိုးတွေကို နောက်ထပ်ပန်းကန်ထဲ





ပြောင်းထည့်ပြီး နောက်ထပ်တစ်ခေါင်းနွှင်ကာ ဇင်မင်းကိုထည့်ပေး

သ၏။ သူ ငေးကြည့်နေတာကိုမြင်တော့ လေးလေးက မဲ့ပြုံးဟစ်ချက်

လိုက်သဖြင့် ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားရလေသည်။

"စားလေကွာ ... ဘာဖြစ်နေတာလဲ ..."

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး လေးလေးရ ..."

သူ တို့ကနန်း ဆိတ်ကနန်းစားနေစဉ် ဇင်မင်းကတော့ စား

ကောင်းကောင်းနှင့် ဝါးနေလေပြီ။

"ငါ မင်းအတွက် Restaurant ဖွင့်ပေးရင် ဦးစီးပေးနိုင်မလား

နော် ..."

"ဟာဗျာ ... ကိုမင်းကလည်း ..."

"အေး ... ဟုတ်တယ်ကွ ... မင်းစီဘ်ကူးမဆိုးဘူး ... ဇော်က

တ်တော်အချက်အပြုတ်ကောင်းတာ ..."

"ဦးကျော်နော် ... သိပ်မမြှောက်ပါနဲ့ဗျ ... ဇော် ဦးကျော်

ကြိုက်တွေ ချက်ကျွေးမှာပါ ..."

"ငါ မင်းအဘနဲ့နေတုန်း ငါးပြေမ တောချက်လေးစားခဲ့ရတာ

သာရှိလိုက်တာကွာ ..."

"သြော် ... ရှက်းနံ့နံ့လေးအုပ်ချက်တာလား"

"ဟုတ်ပ ..."

"ဒါဆို မနက်ဖြန်ချက်ကျွေးပါ့မယ် ဦးကျော်ရဲ့"

"မင်း ကျောင်းတက်ရမှာဆို ..."

"ကိုမောင်စိုးဝယ်ပေးထားရင် ညနေဘက် ကျွန်တော်ချက်

ကျွေးမှာပေါ့ကိုမင်းရ ... "

"မင်းပင်ပန်းမှာပေါ့ ... "

"တောသားပါဗျာ ... ဒီလောက်မမှုပါဘူး ... အပျော့ပါ"

"မနက် ဖယ်ရီစီးမှာလားဗော် ... "

"ကိုဂိုလိုက်ပို့မယ်ပြောတယ် ... အပြန်မှ လိုင်းကားစီးပြန်

ဦးကျော် ... "

"ကားကြပ်မှာပေါ့ဗော်ရဲ့ ... ဦးကျော် လာကြိုပါ့မယ်"

"ဟာ ... နေပါစေ ... ဦးကျော် ပင်ပန်းပါတယ်"

"ငါလာကြိုမယ်ကွာ ... အပြန်ထမင်းဝင်စားမှာပဲဟာ"

"အေး ... အဲဒါကောင်းငေ ... "

သူ အရင်ဆုံးစားပြီးတာမို့ အပေါ်ထပ်ဧည့်ခန်းမှာထိုင်လျ

ဇော့်ကိုစောင့်နေမိသည်။ တော်တော်ကြီးကြာမှ တက်လာသည့်

ကို လှမ်းခေါ်လိုက်၏။

"ရော့ ... "

"ဟင် ... ဘာလဲအစ်ကို ... "

"မင်းဖို့ ... "

"ဘာလဲဗျ ... "

"ဖွင့်ကြည့်တော့ သိမှာပေါ့ ... "

ဇော်က တအံ့တဩဖြင့် သူ့မျက်နှာကိုမော့ကြည့်လိုက်မိသ

သူ့အကြည့်ရှုးရှုးကြောင့် မျက်လွှာအသာချလိုက်ရင်း ငြင်းဆန်လေ

"ကျွန်တော် မယူပါရစေနဲ့အစ်ကို ... တောင်းပန်ပါတယ်





"ဘာဖြစ်လို့လဲ ... ငါက စေတနာနဲ့ပေးတာပါ ... "

ဇော့်မျက်ဝန်းမှ အရိပ်အချို့ဖြတ်သွားလေ၏။ သူ အဓိပ္ပာယ်

မဖော်ခဲ့တတ်ခဲ့။

"နေပါစေအစ်ကို ... ကျေးဇူးတင်ပါတယ် ... ကျွန်တော်

အစ်ကို့ဆီက ဘာကိုမှ မမျှော်လင့်ပါဘူး ... "

"ဖိုးဇော် ... ငါပြော်တာ"

"ကျွန်တော် အစ်ကို့စေတနာကို အသိအမှတ်ပြုပါတယ် ...

ဒါပေမဲ့ ဒါကိုတော့ လက်မခံပါရစေနဲ့ ... မနက်အစောကြီးထရမှာမို့

ကျွန်တော် သွားအိပ်တော့မယ်အစ်ကို ... "

သူ ဘာမှမပြောဖြစ်တော့ဘဲ ခပ်ငိုင်ငိုင်ကျန်နေခဲ့စဉ် ဇော်က

အခန်းထဲဝင်သွားလေပြီ။

♥

## ၁၅

မနက်စောစော ချောစုတို့မောင်နှမ ကားပေါ်ပါသွားသည်
ကို လသာဆောင်ပေါ်မှ လှမ်းကြည့်ပြီး အောက်ထပ်သို့ဆင်းခဲ့သ
လေးလေးက ကော်ဖီသောက်နေရာမှ သူ့ကို လှမ်းခေါ်လိုက်၏။

"လာဟေ့ငထူး ... ဒီမှာ ကြက်ဥပူတင်းနဲ့နွားနို့သောက်"

"ကော်ဖီမဟုတ်ဘူးလား လေးလေးရဲ့ ..."

"နေ့တိုင်းသောက်နေရတာ မင်းငြီးငွေ့မှာပေါ့ ... ဒီမှာ
အတွက် ဇော် ကြက်ဥနဲ့ပေါင်မုန့်ကြော်ပေးခဲ့သေးတယ်"

သူ အဆင်သင့်ပြင်ထားပေးသော ပေါင်မုန့်ကြော်နှင့်ပူတင်
စားလိုက်ပြီး နို့ကိုပါ ငုံ့သောက်လိုက်သည်။ ဟုတ်တယ်။ ဒီကောင်
ဟာ အချက်အပြုတ်ကို တော်တော်ဝါသနာပါတာပါပဲလား။





"ညနေကို မင်းတစ်လှည့် ဇင်မင်းတစ်လှည့် သွားကြိုပါလား"

"ဇင်မင်းကြိုမယ်ဆို ပြီးတာပဲမဟုတ်လား လေးလေးရာ"

"ဘာလဲ ... မင်းကောင်မလေးနဲ့ ဇော့်ကိုမကြည်ပြန်ဘူးလား"

"မဟုတ်ပါဘူး လေးလေးရာ ..."

"ဖိုးကျော်က ပို့တဲ့တာဝန်ကိုယူရင် ကြိုတဲ့တာဝန်ကိုတော့ မင်း
သင့်တာပေါ့ထူးမာန် ... သူတို့ဘက်က တာဝန်ကျေပြီး ကိုယ့်ဘက်
မကျေ တော့ ဘယ်ကောင်းပါ့မလဲ ..."

"ကျွန်တော် ... သူတို့စာမေးပွဲဖြေတော့ ကြိုပို့တာဝန်ကို ယူပါ့
ယ် လေးလေးရဲ့ ..."

"ဒါဆိုလည်း ပြီးတာပဲ"

ကျောင်းရောက်တော့ ... ကိုကိုက ကင်တင်းမှာ မုန့်ဟင်းခါး
က်ဝယ်ကျွေး၏။ အိုးဘဲဥ၊ ပဲကြော်နှင့် ငါးဖယ်ကြော်ထည့်စားသဖြင့်
မွဲနှင့်ပဲ ဗိုက်ပြည့်သွားရသည်။

"ထပ်ယူပါဦးလားဇော် ..."

"ဝပြီကိုကိုရဲ့ ... အိမ်မှာလည်း ထမင်းစားလာသေးတယ်"

"ဟင် ... စားသလောက် အသားလည်းမဖြစ်ဘူး ... ပိန်ပိန်
ပိန့်ပိန်လေးပဲ ..."

"အမယ် ... ကိုင်ကြည့်ပါလား ... အရိုးထဲမှာ အားအပြည့်ပဲ"

"တကယ်လား ... ကိုယ် ကိုင်ကြည့်မှာနော် ..."

"အာ ... ကိုကိုကလည်း ..."

ဇော့်မျက်နှာလေး ရဲသွားသည်ကို မောင်နှမနှစ်ယောက်သား

ရယ်လိုက်ကြ၏။ ကိုကိုကပြန်တော့ ဇော်လက်ကိုဆွဲ၍ PK နှစ်ဘူးထည့်ပေးလေသည်။

"ဖြစ်နိုင်ရင် ညနေပါလာကြိုချင်တာ ... duty ရှိနေလို့"

"ကိုမင်းလာကြိုမှာပါ ကိုကိုရဲ့ ... ရပါတယ်"

"အဲဒီကောင်လေးက ဇော်အပေါ်ရိုးရဲ့လား ... "

"ဟာ ... ကိုကိုကလည်း ဘာတွေလျှောက်မေးနေတာလဲ"

"ရိုးပါတယ်ကိုကိုရဲ့ ... ချောသိတယ် ... ကိုဇင်မင်းက ဇော့်ကိုမွေးစားချင်တယ်လို့ ပြောဖူးတယ် ... "

"မပေးနိုင်ပါဘူး ... ဇော့်ကို ကိုယ်ပိုင်တယ် ... "

"ဖွတ်ကြီးပါလားကိုကိုရဲ့ ... သူများတွေကြားကုန်တော့မှာပဲ"

"ကြားပါစေပေါ့ ... ကိုဖေဖေလာရင် ကိုယ် တကယ်လာတောင်းမှာ ... မယုံ[illegible]တိတ်ရဲ့ ... "

"တော်ပြီကွာ ... ကျောင်းချိန်နီးနေပြီ"

"မနင်ပါနဲ့ ... ကိုယ်သိပါတယ် ... ချစ်မှန်းသိလို့မဆိုးပါနဲ့ကွ"

ကိုကိုက ဇော့်ဆံပင်တိုတွေကိုဖွ၍ ဆော့လိုက်ပြီးမှ လှည့်ပြန်သွားတော့သည်။ ချောကတော့ ပြုံးစိစိ ...

"ကျွတ် ... စိတ်ရှုပ်လိုက်တာနော် ... ချောကလည်း နည်းနည်းပါးပါးပြောထားပါလား ... အစက ကိုကို ဒီလိုမဟုတ်ပါဘူး ... ဣန္ဒြေအပြည့်နဲ့နေတတ်တာပါ ... "

"လူပျိုကြီးရှာန်လျှောသွားတာလေ ... အဲဒါ ဇော့်ကြောင့်ပဲဟာ ... ဘယ့်နှယ် ... ဒီလောကချစ်စရာကောင်းတဲ့ကောင်မလေးကို





[illegible]ဘဲ ဘယ်သူကနေနိုင်မှာလဲ ... ကိုကို့မှာ ကြာလေစွဲလေနဲ့ တမ်း[illegible]စွဲကိုဖြစ်လို့ ... "

"ကျွန်တော့်ဘက်က ရိုးသားပါတယ်ချောရာ ... "

"ယုံပေါင် ... ဟွန်း ... ကိုကို့ရင်ခွင်ထဲ ဇော်ရောက်နေတာကို [illegible]ဒီမျက်စိနှစ်လုံးနဲ့မြင်တာ သက်သေပဲ ... "

"ဟာ ... သွားပါပြီ ... ရှုပ်ကုန်တော့မှာပဲ ... "

"မရှုပ်စေချင်ရင် ဒီလိုခေါင်းသာညိတ်ပြလိုက် ... ပြီးရော ... [illegible] ... class တက်စို့ ... "

ချောက ဇော့်ခေါင်းကို နောက်မှရှေ့သို့ တစ်ချက်ငိုက်စေလိုက်[illegible] လက်မောင်းမှဆွဲထူလိုက်သည်။ ဇော် သက်ပြင်းတစ်ချက်ကိုသာ[illegible]ိုက်မိတော့၏။

ထမင်းချိုင့်ကို ဖွင့်လိုက်တော့ မနက်စောစောက ချက်ပေး[illegible]က်သည့် ဇော့်လက်ရာဟင်းတွေ အပြည့်ပါလား။ ဝက်သားနှင့်[illegible]ဆိုင်ဟင်း၊ သူ့အတွက် ဘဲဥဆီပြန်၊ ကုလားပဲနှပ်၊ ကြက်သားကို[illegible]၍ ကြက်သွန်နီနှင့် နီနီရဲရဲလေးကြော်ပေးထားသည့်ဟင်း၊ ကြာဆံ[illegible]း၊ ဂေါ်ရခါးသီးကို အချောင်းရှည်ရှည်လေးတွေလှီး၍ ဘဲဥနှင့်[illegible]ကြော်ထားသည့်ဟင်း၊ ငါးပိကြော်၊ ဟင်းနံ့မွှေးမွှေးကြောင့် ဗိုက်က[illegible] ဆာလောင်လာ၏။ ထမင်းကိုချိုင့်ထဲမှ ပန်းကန်တွေထဲပြောင်း[illegible]ည့်လိုက်စဉ် ဇင်မင်းက ရုံးခန်းထဲဝင်လာ၏။

"မင်း ... သူနဲ့တည့်အောင်ပေါင်းဖို့သင့်ပြီထူးမာန် ... ချာတိတ်[illegible]အစအရာရာ ဘက်စုံတော်တာ မင်းအမြင်ပဲ ... မင်းကောင်မလေး

ကို သူလုမယူမှာသေချာပါတယ် … သူတို့ရိုးသားတာ ငါအသိ …
အေး … ဒါပေမဲ့ တစ်ချိန်မှာ ချောစုတို့အိမ်က သူ့ကိုလာခေါ်သွား
ဘော့ မတတ်နိုင်ဘူး … ငါမွေးစားချင်တာက ရိုးရှင်းတယ် … ၁
ဘက်ကတော့ ထူးခြားမှာအမှန်ပဲ … ”

“ငါ့ကို ဦးနှောက်မစားခိုင်းပါနဲ့ ဇင်မင်းရာ … ချောစုကို စိ
ဝင်စားတာသက်သက်ပါပဲ … သိပ်အသည်းအသန်ကြီးမဟုတ်ပါဘူး

ဇင်မင်းက အမိပ္ပာယ်ပါပါရယ်လိုက်သဖြင့် သူနှာကစ်သွားမိ

“ငါတော့ မြင်ယောင်ပါတယ် … နောက်မှ မင်းစိတ်မကော
ဖြစ်ပြီး မျက်ရည်ကျိတ်မကျမိပါစေနဲ့ … ”

“ဘာလဲကွ … မင်းစကားက ရှေ့နောက်မညီလိုက်တာ …
ခုနကပဲ ချောစုကို သူမကြိုက်ပါဘူး … ရိုးသားပါတယ်ဆို … ”

“အေးပါ … တကယ်လို့ သူ့ရွာကိုပြန်သွားတယ်ပဲထားပါတော့
မင်းဘာလုပ်မလဲ … ”

“ဟ … သူ့ရွာသူပြန်တာ ဆန်းသလား … ငါက ဘာဖြစ်ရ
လဲ … ”

“တော်ပါပြီကွာ … မင်းက ငါ လမ်းကြောင်းပြနေပေမယ့် …
မျက်ကန်းကြီးဖြစ်နေတာကိုး … ”

“ထားပါ … မင်းကို ငါ ဒီSunday ဘီယာလိုက်တိုက်မယ်”

“ဘာလဲ … မင်းရှုံးသွားပြီလား … ”

“အေး … ”

“ငါပြောသားပဲ … ဒီSunday တော့ အမှောက်ပဲဟေ့”





ကျောင်းရှေ့သို့ ထိုးရပ်လာသည့် ဂျစ်ကားပေါ်သို့ ဇော်နှင့်ချော
အက်ထိုင်လိုက်၏။ ကိုမင်းက ကားကိုမောင်းထွက်လာခဲ့သည်။

“ရှောက်သီးသုပ် ဝယ်စားမယ်နော်ဇော် … ”

“မှောင်သွားမယ် ချောရဲ့ … အိမ်မှာ ငါးပြေမချက်ဖို့ အချိန်မီ
မှန်ရမှာ … ချောစား.ချင်ရင် Sunday ကျ ကွန်တော် သုပ်ကျွေးမယ်
လေ … ကြာဆံဟင်းခါးပူပူလေးနဲ့သောက်ပေါ့ … ”

“ငါရောမပါဘူးလားကွ … ”

“ကိုမင်းစားချင်ရင်လာခဲ့ပေါ့ … ”

“မစားတော့ပါဘူးကွာ … အဲဒီနေ့ညနေ ဘီယာဝိုင်းရှိတယ်”

“ဟာ … အစ်ကိုပါသောက်မှာလား … ”

“သောက်မှာပေါ့ … ဒီကောင်လောင်းကြေးရှုံးလို့ တိုက်ရမှာပဲ
ဘာ … ”

“ဘာကိုလောင်းတာလဲ … ”

“မင်းကို လက်ဆောင်ပေးလို့ရမရလေ … ”

“ဟာ … အဲဒီလိုကြီးပေးတာလား … အစ်ကိုကလည်း ဘာ
တွေ ထကြောင်ပြန်ပြီလဲမသိ … ”

“ဘာပေးတာလဲဟင် ကိုဇင်မင်း … ”

“စိန်လက်စွပ် … ”

“ဟင် … ဘာသဘောနဲ့ပေးတာလဲ … ဇော့်ကိုချော ယောက်မ
တော်ထားတာနော် … အဲဒီလိုဘယ်ရမလဲ … မဖြစ်ဘူး … အိမ်ရောက်
ရင် ကိုကို့ကို ပြန်ပြောမှာပဲ … ”

“ဟာ ... သူက ရိုးရိုးသားသားဝယ်ပေးတာပါချောစုရဲ့ ... ဓော့်လက်စွပ်တစ်ကွင်းကို သူ ·းရောင်းလိုက်လို့ အစားပြန်ဝယ်ပေးတဲ့သဘောပါ ... ညည်းကလည်း ထိတ်လန့်တကြားနဲ့ ... ”

“သိနိုင်ဘူးလေ ... မကြည်လက်စနဲ့ ဆက်မကြည်ဘဲ အချိန်တန် ချောတို့အိမ်ပေါ် ဓော်ရောက်ဖို့ပဲ အရေးကြီးတယ် ... ချောတို့က လွဲပြီး ဓော့်ကို ဘယ်သူဘာဝယ်ပေးပေးမကြိုက်ပါဘူး ... ”

“ချောကလည်းကွာ ... စွတ်ပြောနေပြန်ပြီ ... တော်ကြာ ကိုမင်းက အဟုတ်ထင်ပြီး ဦးကျော်ကိုပြန်တိုင်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်”

“တိုင်ချင်လည်းတိုင်ပေ့ါ ... ဓော်နော် ... ကိုကို့ကို အသည်းခွဲဖို့ မကြံစည်နဲ့ ... ဒီလောက်တောင်ဖြစ်တာ တိုင်ဖြစ်အောင်ကို တိုင်မှာပဲ ... ”

“ကျွတ် ... ခက်တာပဲ ... မလုပ်ပါနဲ့ချောရာ ... ”

“မရဘူး ... ”

ညနေ အိမ်ပြန်ရောက်တော့ ရေပင်မချိုးအားသေးဘဲ မီးဖိုထဲ တန်းဝင်ခဲ့၏။ ဟင်းချက်စရာတွေအကုန်ပြီးမှ ကိုမောင်စိုးကို ဟင်းချိုအိုးကြည့်နိုင်းထားပြီး ရေချိုးရန် အပေါ်ထပ်ကက်ခဲ့သည်။ ခဏအကြာမှာ သူကားဝင်လာသံကိုကြားလိုက်ရ၏။ လှေကားအလယ်မှာ ဓော်က အဆင်း သူက အတက်နှင့်သွားဆုံလေသည်။

“နေပါဦး ... ငါ ဘီယာသောက်မယ့်ကိစ္စကို မင်းက မကျေနပ်ဘူးဆို ... ”





“ဟာ ... အစ်ကိုကလည်း ... ဘာမဆိုင်ညာမဆိုင် ဘလိုင်း ဦး”

“ငါ့ကို ဓင်မင်းပြန်ပြောတာကိုးကွ ... ဖါ့ဟာ ငါဘာလုပ်လုပ် င်းက ငါ့အုပ်ထိန်းသူမဟုတ်ဘူး ... နေရာတကာ လိုက်မပါနဲ့ ... တ်ချ ... အဲဒီည ငါ အမွှေးကိုသောက်ပြမှာ ... ”

“အာ ... အစ်ကိုကလည်း ဘာဆိုင်လို့ ဘီယာတွေသောက်ချင် ရတာလဲ ... ကျန်းမာရေးကို ထိခိုက်စေ ... ”

“တွေ့လား ... ဒီလောက်ပြောတာနဲ့တင် မင်းစိတ်ထဲမှာ ဘာရှိ ဆိုတာ ငါသိတယ် ... ကလေးက ကလေးလိုမနေဘူး ... လူကြီး ားထဲဝင်ရှုပ်ချင်တာပဲ ... ”

သူက ပြောဆိုပြီး အိမ်ပေါ်တက်သွားတော့မှ ဓော် အောက်ကို င်းလာခဲ့ရ၏။ ခက်ပါလားနော် ... သူ့ဟာသူ ဘီယာသောက်တာပဲ ကိုမသောက်ခင်ကတည်းက ရစ်ချင်နေပါရောလား။ ထမင်းစားခန်း သူရောက်တော့ ဓင်မင်းပါ ရောက်နေလေပြီ။ လေးလေးက ဓင်မင်း လှမ်းမေးလိုက်၏။

“ဘယ်လိုလဲဟေ့ ဓင်မင်း ... Restaurant ဖွင့်ဖို့နေရာရှာတာ တွေ့ပြီလား ... ”

“(၈)မိုင်က မြေကွက်လေးတော့ တွေ့ထားတယ် ... ဒါပေမဲ့ န့်တော်က (၉)မိုင်တို့ (၁၀)မိုင်တို့လောက်မှာ ဖွင့်ချင်တာ လေး ကွက်ရဲ့ ... ”

“ဟာ ... ကိုမင်းနော် ... ကျွန်တော် ဘွဲ့ယူပြီးရင် ရွာပဲပြန်မှာ

ဒီမှာနေမှာမဟုတ်ဘူး ... ကျွန်တော့်ကို အလုပ်တွေရှာပေးမနေပါ"

"ရွာပြန်နေတော့ ဇော့်ဘဝတက်လမ်း ဘယ်လိုရှိမှာလဲဇော် ရယ် ... မြင့်ဇော်က ဇော့်ကိုအမြင်ကျယ်ပါစေတော့ဆိုပြီး ရန်ကုန်ကို လွှတ်လိုက်တာ ... ဘဝတက်လမ်းကို မြင့်မားစေချင်လို့ဆိုတာကို နား လည်မှပေါ့ ... ဇော့်အဘလည်း အသက်ကြီးပြီဆိုတော့ နားနားနေနေ နေချင်ပြီ ... ဇော့်ကိုလည်း ပင်ပင်ပန်းပန်းဘယ်လုပ်စေချင်မှာလဲ ... ဦးကျော်ပြောတာနားလည်ရဲ့လား ... "

"ဟုတ်ကဲ့ ... "

"ဒါဆို ဘာမှ ဆက်မပြောနဲ့တော့ ... ကိုယ်က ဦးစီးရုံသက် သက်ပဲ ... ဘာမှ ဝင်ချက်စရာမလိုဘူး ... ချက်ပြုတ်ဖို့ အချိုးအစားကို ဖယားခွဲပြီးပေးထား ... လိုအပ်တာကို ဝင်မြည်းရုံပဲ ... ပင်ပန်းမှာ မဟုတ်ဘူး ... "

ဇော် ဘာမှမပြောဘဲ ဦးကျော်ပန်းကန်ထဲသို့ ငါးပြေမဟင်းကို အရိုးနွှင်၍ ထည့်ပေးလိုက်၏။ ကိုမင်းကတော့ သူ့ဟာသူ နွှင်စားပါ သည်။ သူက ဇော့်ကို ဖျတ်ခနဲလှမ်းကြည့်လိုက်ပြီး ဟင်းချိုကိုလှမ်း ခပ်လိုက်၏။

"အသားမစားနဲ့ထူးမာန် ... အဲဒါ ငါးဆုပ်လုံးနော်"

ဇင်မင်း သတိပေးလိုက်သော်လည်း ငါးဆုပ်လုံးက သူ့ပါးစပ်ထဲ ရောက်နေလေပြီ။ သူ ဇော့်ကို စူးခနဲကြည့်လိုက်တော့ ဇော် ကမျာ ကယာ ဖြေရှင်းပါ၏။

"ငါးမဟုတ်ပါဘူးအစ်ကို ... အဲဒါ ပစွန်ကို အသားနှာပြီး





ထောင်းထားတာပါ ... "

သူ ဘာမှပြန်မပြောဘဲ ထမင်းကို ဆက်စားဖြစ်သည်။ ည ရောက်တော့ သူ့အလုပ်စားပွဲပေါ် နွားနို့တစ်ခွက်လာတင်၍ ဇော်က စကျက်ရန် အခန်းထဲဝင်သွားလေ၏။

♥

“အရမ်းကိုစားလို့ကောင်းတာပဲ … အချဉ်လည်းမစူးအောင် လုပ်တတ်တယ် … တော်လိုက်တာ … ”

“အန်တီကလည်း အဲဒီလိုမပြောပါနဲ့ဗျ … ကျွန်တော် မနေ တတ်ဘူး … ”

“သြော် … အကောင်းပြောနေတာကို … ရော့ … ချိုင့်”

အန်တီကမ်းပေးလိုက်သည့်ချိုင့်ကိုယူ၍ လှည့်ထွက်ခဲ့၏။ ခြံ နားရှိ ချုံအနီးရောက်စဉ် လက်တစ်ဖက်က ဇော့်လက်ကို ဖျတ်ခနဲဆွဲ ခေါ်လိုက်လေသည်။

“အာ … လန့်လိုက်တာ ကိုကိုရာ … ဘာလဲ”

“ပေးစရာရှိလို့ … ”





“ဘာပေးမလို့လဲ … ကျွန်တော် ဘာမှ မလိုချင်ပါဘူး”

ကိုကိုက ဇော့်လက်ကိုဆွဲ၍ လက်ခလယ်မှာ စိန်လက်စွပ်တစ် ကွင်းကို စွပ်ပေးလိုက်လေ၏။

“ဟာ … ကျွန်တော် မယူဘူးနော်ကိုကို … ”

“မချွတ်နဲ့နော် … ချွတ်လို့မရဘူး … ကိုယ် ဇော့်လက်နဲ့ သေချာ ထိုင်းပြီးလုပ်ထားတာ … Fit size ပဲ … ”

“အား … နာလိုက်တာ … ကိုကိုကလည်းကွာ … ဘာတွေ လျှောက်လုပ်လာတာလဲ … ”

“ထူးမာန်က ဇော့်အတွက် လက်စွပ်တစ်ကွင်းဝယ်ပေးတယ် ဆို”

“အဲဒါ ကျွန်တော်မှ မယူဘဲဟာ … ကျွတ်”

“ကိုယ်ပေးတာကိုတော့ ယူမှဖြစ်မှာပေါ့ဇော်ရဲ့ … ”

“ဟင့်အင်း … မယူချင်ပါဘူး”

ကိုကိုက ဇော့်ငြင်းဆိုသံကြားသည်နှင့် ဇော့်ကို ဘာမပြော ညာမပြော မွှေ့ဖက်လိုက်လေသည်။

“အာ … ကိုကိုနော်”

“ထူးမာန် ဖွင့်ပြောလာရင် ဘာဆိုလိုလုပ်မလဲကလေးရယ် … ကိုယ် ကလေးကို အဆုံးရှုံးမခံနိုင်ဘူး … ကိုယ့်ရင်တွေပူလာပြီကွာ”

“ဟာ … အစ်ကိုက ကျွန်တော့်အပေါ်မှာ ရိုးပါတယ်ဗျ … ရွတ်ပါဗျာ … ကျွန်တော် မကြိုက်ဘူး … ”

“နယ်က ဖုန်းနံပါတ်ပြောကွာ … ”

"အာ ... ဘာလုပ်ဖို့လဲ ... ပြဿနာမရှာပါနဲ့ကိုကိုရာ ... ကျွန်တော် အဘနဲ့ပြဿနာမဖြစ်ချင်ဘူး ... လွှတ်ဗျ ... "

"ကလေးရယ် ... ကိုယ့်ကို နည်းနည်းလေးတောင်မှ ပြန်မချစ်နိုင်ဘူးလား ... ဟင် ... "

"မသိဘူးဗျာ ... ကျွန်တော် အဲဒါတွေ နားမလည်ဘူး ... အား ... အသက်ရှူကြပ်လာပြီဗျ ... "

"ကလေးသိထားဖို့က ကလေးကို ကိုယ်ပဲ ပိုင်ဆိုင်ခွင့်ရရမယ် အဲဒါကို သေချာသိထား ... ကဲ ... ဒါပဲ ... "

ကိုကိုက ဇော့်နဖူးကို ဖျတ်ခနဲ ငုံ့မွှေးလိုက်ပြီးမှ အသာလွှတ် ပေးလိုက်လေ၏။ ဇော် ခြံထဲသို့ တစ်ချိုးထဲပြေးဝင်ခဲ့တော့သည်။ စိ ရှုပ်လိုက်တာနော် ကိုကိုလုပ်တာနဲ့ အဘတော့ နောက်မိန်းမတကယ် ထပ်ယူဖြစ်တော့မှာပဲ ...

ညနေစောင်းတော့ ဦးကျော်က ဟိုဘက်လမ်းရှိ ဘုရားကိုး ပွဲအိမ်ကို ထွက်သွားလေသည်။ ဇော်က စာမေးပွဲဖြေရန် ရက်နီးနေပြီ စာကျက်ရန် အပေါ်တက်ခဲ့၏။ (၉)နာရီထိုးတော့ ဦးကျော်ပြန်လာသံ ကို ကြားလိုက်သည်။ စာထဲမှာ စိတ်ဝင်စားနေတာမို့ အချိန်တွေ ကုန် မှန်းကိုပင် မသိတော့။ လက်နှစ်ဖက်ဆန့်၍ နာရီကိုကြည့်လိုက်တော့ (၁၁)နာရီတောင် ကျော်နေပါရောလား။ အစ်ကို ခုချိန်ထိ ပြန်မလာ သေးဘူးထင်တယ်။ ကိုမောင်စိုး အိပ်ပျော်သွားရင် သူ့ကို ဘယ်သူ တံခါးထဖွင့်ပေးမှာလဲ၊ အတွေးဖြင့် လှေကားမှ ဆင်းလာစဉ် အိမ်ရှေ့ တံခါးခေါက်သံကိုကြားလိုက်၏။





"ဒေါက် ... ဒေါက်"

ဇော် တံခါးကိုဖွင့်လိုက်တော့ အိမ်ဝမှာ မှီရပ်နေသည့် သူ့ကို တွေ့ရလေ၏။ ဘီယာနံ့ချဉ်စူးစူးကြောင့် ဇော် နှာခေါင်းရှုံ့လိုက်ပြီး သားကပ်၍ ရပ်လိုက်သည်။ သူက အနည်းငယ်ယိုင်ထိုးလျက် အထဲသို့ ဝင်လေ၏။ တော်သေးတာပေါ့။ Ta: နှင့် ပြန်လာလို့။ အိမ်ကကားနှင့် ဆို ဘယ်လမ်းဘေးထိုးရပ်နေမလဲ မသိ။ အထဲသို့ လေးငါးခြောက်လှမ်း လှမ်းပြီးစဉ် ပုံခနဲ သူ လဲကျသွားလေသည်။

"ဟာ ... ဒုက္ခပါပဲ"

ဇော် တံခါးကိုသော့ခတ်လိုက်ပြီး သူ့အနီးသို့လျှောက်လာလိုက် သည်။

"မောင်စိုး ... ငါမလျှောက်နိုင်တော့ဘူး ... ငါ့ကိုတွဲပို့စမ်းပါ"

လျှာလေးအာလေးဖြင့် ပြောသံကြောင့် ဇော်တွန့်ခနဲဖြစ်သွား သည်။ သွားပါပြီ။ အမူးသောက်မယ်ဆိုတဲ့အတိုင်း တကယ်သောက် လာတာကိုး။ ဇော် သူ့ကိုတွဲထူလိုက်၏။ လှေကားထစ်တွေကို သတိ ထား၍ တက်ခဲ့ရသည်။ အခန်းတံခါးကိုဖွင့်ပြီး ခုတင်ထက်တင်စဉ် သူ့ ကိုယ်လုံးအလေးကြီးက ဇော့်ကိုပါအိပ်ရာပေါ်ဆွဲချသွားလေ၏။

"ဝုန်း ... "

"အာ ... "

ဇော် အတင်းရုန်းတော့ သူက ဇော့်ကိုယ်ပေါ် ဖိအိပ်လိုက် ခြင်း မျက်လုံးအစုံမြူးကျယ်သွားရသည်။ ဘုရား ... ကယ်တော်မူပါ သမျှအားနှင့်တွန်းထုတ်၍ဖယ်ပြီး ထရပ်လိုက်ရသည်။ ဟင်း ခက်ကုန်

တော့မှာပဲ၊ ဦးကျော်သာသိရင် နာတော့မယ်။ ခြေထောက်နှစ်ချောင်းကို ခုတင်ထက်တင်ပေးပြီး အခန်းပြင်ထွက်လာခဲ့၏။ မနက်ကျောင်းတက်ရမှာမို့ မျက်လုံးအစုံကို ကြိုးစား၍ပိတ်ကာ အိပ်လိုက်ရသည်။

"မင်းကိုတော့ မိန်းမ မြန်မြန်ပေးစားမှ ဖြစ်မှာပဲထူးမာန် … ငါရှိနေတာတောင် ဒီလိုလုပ်နေရင် ငါကွယ်ရာမှာ မင်းဘယ်လောက်တောင် ဆိုးရွားနေမလဲ"

"ကျွန်တော် ဒီတစ်ရက်တည်းသောက်တာပါလေးလေးရ"

"သောက်တာကလည်း ကျွဲသောက်နွားသောက် သောက်ရသလား … ကြည့်စမ်း … လူကြားလို့မှမကောင်း အိပ်ရာထဲမှာ ရှေ့ပေါက်ချရတယ်လို့ … "

အိပ်ရာမှ လန့်အနိုး ဦးကျော်အသံကြောင့် ဇော်ရယ်လိုက်မိသည်။ ကောင်းတယ် … အပွမ်ခံနေရပြီမဟုတ်လား။ မှတ်ထား … နာရီကိုကြည့်လိုက်တော့ (၆)နာရီထိုးနေပြီမို့ ရေအမြန်ချိုးလိုက်ပြီး အချိန်ယေားတိုက်၍ စာအုပ်တွေကို ထည့်လိုက်သည်။ အပေါ်ထပ် ဧည့်ခန်းမှာ ဦးကျော်က သူ့ကို ဆူနေဆဲ။ ဇော်အောက်ထပ်သို့ အပြေးဆင်းခဲ့လေ၏။

"ဩော် … ကိုမောင်စိုး ချက်နေပြီကိုး … "

"ပဲပြုတ်နဲ့ထမင်းကြော်ထားပေးတယ်အစ်ကိုလေး … ထမင်းချိုင့်ထဲမှာ ဘဲဥချဉ်ရည်ဟင်းနဲ့ ငါးလေးအိုးကပ်ရယ် ကန်စွန်းရွက်ကြော်ရယ် ထည့်ပေးထားတယ် … "

"ကျေးဇူးပဲ … အစောကြီးဈေးသွားတာလား … "





"ဟုတ်ကဲ့ … "

ဇော် ထမင်းကြော်စားနေစဉ် ဦးကျော်နှင့်သူ ဆင်းလာလေ၏။

"ဇော် … ဒီနေ့ ကျောင်းနောက်ဆုံးတက်ရမှာဆို … "

"ဟုတ်တယ်ဦးကျော် … သန်ဘက်ခါ စာမေးပွဲစဖြေရပြီ"

"အေး … စာမေးပွဲပြီးရင် ပြင်ဇော် ဒီကိုလိုက်လာလိမ့်မယ် … ဦးကျော်တို့ ဘုရားစုံဖူးကြတာပေါ့ … "

"ဟုတ်ကဲ့ … "

ဇော် ဦးကျော်ကို ကော်ဖီငှဲ့ပေးတော့ လက်မှာဝတ်ထားသည့် လက်စွပ်ကို မြင်သွားလေသည်။

"ဒီလက်စွပ်က တစ်ခါမှ မတွေ့ဖူးပါဘူး … ဘယ်တုန်းက ဝယ်လိုက်တာလဲဇော် … "

"ဟို … လက်ဆောင်ရတာပါဦးကျော် … "

"ဘယ်သူပေးတာလဲ … "

"ကိုကို … "

"ဖိုးကျော်ပေးတာ … "

"ဟုတ်ကဲ့ … "

"ဘာအဓိပ္ပာယ်နဲ့ပေးတာလဲဇော် … "

"မသိပါဘူး ဦးကျော်ရာ … "

"ကြည့်စမ်း … မင်းက ဘာသဘောလဲကွ … ငါပေးတုန်းကတော့ မယူဘူးငြင်းပြီး သူများပေးတော့ ယူတာကောင်းလား … ငါကိုတော်တော်လေးမကြည်မလင်ဖြစ်နေတုန်းလား ဖိုးဇော် … ဟိုက ဘာ

အကြောင်းပြချက်နဲ့ မင်းကိုပေးလို့ လက်ခံလိုက်တာလဲ ... ”

“ဟို ... ကျွန်တော် ငြင်းပါတယ်ဗျ ... သူက အတင်းစွပ်ပေ
လိုက်လို့ပါ ... ”

“ရအောင် ပြန်ချတ်ပေါ့ကွ ... ”

ဦးကျော်က သူနှင့်ဇော့်ကို မသိမသာအကဲခတ်လိုက်ပြီး ကို
ပြုံးလိုက်လေ၏။ သူက ကော်ဖီသောက်နေရာမှ ဆတ်ခနဲ ထရပ်လိုက်
သည်။

“ငါပေးတာကို မယူရင် ... သူပေးတာကို ဘာမှ လက်ခံစရာ
မလိုဘူး ... လာခဲ့ ... ငါရအောင်ချွတ်ပေးမယ် ... ”

သူက ဆီပုလင်းထဲမှ ဆီနည်းနည်းယူ၍ ဇော့်လက်မှာဆွ
လိုက်ပြီး လက်စွပ်ကိုလှည့်ချွတ်လိုက်၏။ လက်နည်းနည်းနာသွာ
သဖြင့် ဇော်ရှန်းလိုက်မိသည်။

“ဘာလဲ ... မချွတ်ချင်ဘူးလားကွ ... ”

“မဟုတ်ပါဘူး ... နာလို့ပါဗျ ... ”

“ခဏတော့ အနာခံပေါ့ ... ငါဝယ်လာပေးတဲ့ လက်စွပ်
ဒီလောက်မသေးဘူး ... မင်းလက်နဲ့အတော်ပဲ ... ဇင်မင်းကိုယ်တို
တိုင်းဝယ်ပေးတာ ... ”

လက်စွပ်ကျွတ်သွားတော့ သူက ဆပ်ပြာနှင့်ပွတ်ဆေးပြီး ဇော်
လက်ထဲသို့ လက်စွပ်ကို ပြန်ထည့်ပေးလိုက်၏။

“ခွဲကြီးတုန်းကတော့ ချောစုကိစ္စကို ကူညီပေးလိုက်လို့လက်
တာထားလိုက် ... လူဆိုတာ ပေးတိုင်းမယူရဘူးကွ ... ရော့ ... သူ





ပြန်ပေးလိုက် ... ”

ဇော် လက်စွပ်ကို ရှပ်အင်္ကျီအိတ်ကပ်ထဲထည့်၍ ကျောပိုးအိတ်
ကိုလွယ်ပြီး ထမင်းချိုင့်ကိုဆွဲထွက်ခဲ့သည်။ ဖိနပ်စင်မှ ရှူးဖိနပ်ကိုယူ
တော့နေစဉ် နောက်နားမှာကပ်၍ ဦးကျော်က တီးတိုးပြောလိုက်လေ
၏။

“လက်စွပ်ပေးတယ်ဆိုတာ ကိုယ့်ကိုမြန်းတဲ့သဘောမျိုးသက်
ရောက်ပ.ယ်ဇော် ... ”

“ဇော်ငြင်းပါတယ် ဦးကျော် ... တကယ်ပါ ... ”

“ဦးကျော်ဆူတာမဟုတ်ပါဘူး ... မြင့်ဇော်ပြောလိုက်တဲ့စကား
ကို ဇော် မေ့နေမှာစိုးလို့ သတိပေးတာပါ ... ”

ဇော့်မျက်နှာ နီရဲသွားလေ၏။ ဖိနပ်ကြိုးကို ခေါင်းငုံ့ချည်၍ ငြိမ်
နေသဖြင့် ဦးကျော်က ဇော့်ခေါင်းကို အသာပွတ်ပေးလိုက်သည်။

“လိမ္မာပါဇော်ရယ် ... ဦးကျော်တို့သူငယ်ချင်းတွေ တစ်စိတ်
တစ်ဝမ်းတည်း ဆုံးဖြတ်ထားတဲ့ကိစ္စကို ဇော့်ကြောင့်တော့ အပျက်မခံ
ရစေနဲ့နော် ... ”

“ဇော်သွားတော့မယ် ဦးကျော် ... ”

“အေး ... စာမေးပွဲအတွင်းကို ထူးမာန်လိုက်ပို့ပေးမယ်လို့
ကျော်ကိုပြောပြလိုက်ဦး ... ”

“ဟုတ်ကဲ့ ... ”

ခြံရှေ့မှာ ရပ်ပေးလိုက်သောကားပေါ်ကို တက်လိုက်တော့
သူက ဇော့်ပါးစပ်ထဲကိုချောကလက်တစ်ပိုင်းကိုခွံ့ကျွေးလိုက်သည်။

"ဘာဖြစ်တာလဲဇော် … မျက်နှာလည်းမကောင်းပါလား"

"ဘာမှ မဖြစ်ပါဘူးချောရာ … "

"ဘာမှမဖြစ်ဘဲနဲ့ ဇော့်မျက်နှာ ဒီလိုပျက်မလား"

ဇော် သက်ပြင်းတစ်ချက်ကို တိုးတိုးချလိုက်ပြီး ပြတင်း ရှုခင်းတွေကို ငေးလျက်ပါလာ၏။ ကျောင်းနေ့ရက်တွေ ကားပေ ဆင်းစဉ် ကိုကိုက ဇော့်လက်ဖျားလေးကို အသာဖွဖွကိုင်လိုက်၏

"တစ်ခုခုစားပါဦးလားဇော် … ဘာစားချင်လဲ … ပြော"

"ဟင့်အင်း … ဘာမှမစားတော့ဘူးကိုကို … အိမ်မှာ ပဲပြုတ် ထမင်းကြော်စားလာခဲ့တယ် … "

"ဇော် … ဘာဖြစ်နေလဲ … ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြော မပေါ့ … ဇော်က အမြဲတမ်း ႂွက်လက်မြူးကြွနေတဲ့ကလေး ယောက်ပါ … အခုလိုမျိုး ငြိမ်နေတော့ ကိုယ် ဘယ်လိုစိတ်ချမ်းသာ လဲ … "

ဇော်က အိတ်ကပ်ထဲမှ လက်စွပ်လေးကိုနှိုက်၍ ကိုကို့လက် ကို အသာထည့်ပေးလိုက်ပါ၏။

"ဒါ … ဘာလုပ်တာလဲဇော် … "

"ဦးကျော် ပြန်ပေးခိုင်းလို့ပါကိုကို … ပြီးတော့ … ကိုကို့ တစ်ရက်ရက်တော့ ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောပြမှာပါ … ရှေ့ဆယ် စာမေးပွဲကို စိတ်ရှင်းရှင်းနဲ့ ဖြေပါရစေ … "

"ကောင်းပြီလေ … အဲဒီနေ့ကို ကိုယ်စောင့်နေမယ် … ဟု ပြီလား … "





"ပြီးတော့ ဦးကျော်က မှာလိုက်တယ် … စာမေးပွဲရက်တွေ မှာ အစ်ကိုကြီးပို့လုပ်ပေးမယ် … ကိုကိုနားပါတဲ့"

"ဘာသဘောလဲဇော် … "

"ကျွန်တော်သွားတော့မယ်ကိုကို … "

ကိုကို့ဘေးမှ အသာလှည့်ထွက်ခဲ့တော့ ကိုကိုက ဇော့်နောက် ကျောကို ငေးကြည့်ကျန်ခဲ့လေ၏။ စာသင်ချိန်တွေမှာ ဘာကိုမှမကြား ဘဲ လူ ငူငိုင်ငိုင်ငေးနေမိသည်။ နားထဲမှာကတော့ အဘပြော လိုက်သည့် စကားသံတို့က ပဲ့တင်ထပ်နေဆဲ …

"ထူးကျော်ရဲ့တူနဲ့ပဲ အဘသဘောတူတယ်ဇော် … သူကလွဲပြီး ဘယ်သူ့ကိုမှ ဇော် လက်ထပ်ခွင့်မရှိဘူး … သူ့ကိုတည့်အောင်ပေါင်းပါ၊ လိုက်သင့်နေပါ … ထူးမာန်ဟာ ဇော့်ရဲ့ဖူးစာရှင်ဆိုတာ အခုကတည်း က ရင်ထဲမှာစွဲအောင်မှတ်ထား … ကြားလား … "

♥

## ၁၇

"ဖုန်းလာနေတယ် ... "

အခန်းတံခါးဟ၍ ပြောလိုက်သည့် သူ့အသံကြောင့် စာကျ
နေရာမှ ထရပ်လိုက်သည်။ ဖုန်းကိုကိုင်လိုက်တော့ အဘ၏အသံသြ
ကြီးက ထွက်လာလေ၏။

"စာမေးပွဲအတွက် အသင့်ဖြစ်နေပြီလားဇော် ... "

"ရတာတွေရှိသလို မရသေးတာတွေလည်းကျက်တုန်းပဲအ

"အေး ... စာမေးပွဲနောက်ဆုံးနေ့ဖြေပြီးရင် အဘလာခဲ့မ
ဘာမှာဦးမလဲ ... "

"ဟင့်အင်း ... ဘာမှ မှာစရာမရှိပါဘူး ... "

"ထူးကျော်ပြောလို့ အဘအကုန်သိတယ် ... ဘာဖြစ်လို့ သူ





ပေးတဲ့ပစ္စည်းတွေကို လက်ခံရတာလဲ ... အဘမကြိုက်မှန်းသိလျက်နဲ့"

"သူ အတင်းစွပ်ပေးလိုက်တာပါအဘ ... အခုပြန်ပေးလိုက်ပါ
ပြီ ... "

"အေး ... ထူးကျော်တို့ ဘူဝရီးစိတ်ခုအောင်မနေနဲ့လေ ...
အဘမှာတာတွေမေ့ကုန်ပြီလား"

"အဘ ... ဇော် ... "

"ဘာမှမပြောနဲ့ ... အဘကပြောပြီးသားစကားကို ခဏခဏ
မပြောချင်ဘူး ... စာကျက်နေတာမဟုတ်လား ... သွားကျက်တော့
နောက်ထပ် ဘာသံမှမကြားချင်ဘူး ... အဲဒီဆရာဝန်နဲ့ မပတ်သက်ပါနဲ့
ဒါပဲ ... "

အဘဘက်မှ ဖုန်းအရင်ချသွားသဖြင့် ဇော် ဖုန်းကို အသာလေး
ပြန်တင်ထားလိုက်သည်။ အခန်းထဲပြန်ဝင်၍ စာပြန်ကျက်သော်လည်း
စိတ်မဝင်စားတော့။ ခုတင်ပေါ် ကန့်လန့်ပစ်လှဲ၍ ခေါင်းအုံးပေါ်
မျက်နှာကိုမှောက်ထားလိုက်သည်။ မျက်ရည်တို့က မရည်ရွယ်ပါဘဲ
စီးကျလာ၏။ ဇော် သူနဲ့လက်မထပ်ချင်ဘူးအဘရယ်။ သူနဲ့ဇော်က
မြေဒါးတစ်လမ်းသံတစ်လမ်းပါ။ ပြီးတော့ ... ဇော့်အပေါ်မှာ တစ်သက်
လုံး အနိုင်ယူမယ့်လူမျိုးကို ဇော် ဘယ်လိုလုပ်ပြီး အားကိုးလို့ရမှာလဲ။
ဒါကို အဘမသိဘူးလား ဇော့်ဘက်ကို နည်းနည်းလေးမှ တွေးမကြည့်
ပေးဘူးလား။

မေးခနဲ အိပ်ပျော်သွားစဉ် ကိုယ်ပေါ်ကို စောင်လွှမ်းခြုံပေးသည့်
အသိကို သိလိုက်၏။ အိပ်မက်လား ဘာလား ဧဝေဧဝါဖြစ်နေစဉ်

အခန်းမီးပိတ်၍ ညအိပ်မီးသီးထွန်းပြီး တံခါးအသာပြန်စေ့ ကြားလိုက်ရသည်။ ဘယ်သူလဲ မျက်စိကိုဖွင့်ချင်ပေမယ့် ငိုထား အရှိန်ကြောင့် မျက်စိက ဖွင့်မရခဲ့။

မနက်မိုးလင်းတော့ စာကြည့်စားပွဲပေါ်မှာတင်ထားသည့် ဘူးလေးကို အဆင်သင့်တွေ့လိုက်ရသည်။ ဒါဖြင့် ညတုန်းက အခန်းထဲကို ဝင်လာတာ သူပေါ့။ ကျွတ် ... ခက်တာပဲ ဘာဖြစ်လို့ တံခါးလော့ခ်ချဖို့ မေ့မိတာပါလိမ့်။ ရေချိုးခန်းဝင်၍ပြီးတော့ ဒီနေ့ဖြေရမည့်ဘာသာကို ပြန်နွေးရ၏။ ကျောပိုးအိတ်ထဲသို့ စာအုပ်နည်းနည်းနှင့် စာရေးကိရိယာ အစုံကို သေချာထည့်သည်။ ကျောင်းသားကဒ်ကို ဘေးအိတ်ထဲထည့်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့၏။

"ဖော် ... ထမင်းကြော်စားရင် ရင်ပြည့်မှာစိုးလို့ ဦးကျော် မုန့်ဟင်းခါးဝယ်ထားတယ် ... ဟိုမှာ ထူးမာန်အဆင်သင့်ဖြစ်နေပြီ"

"ဟုတ်ကဲ့ ... "

မုန့်ကို မြန်မြန်စားလိုက်ပြီး သူမောင်းသည့်ကားနောက်ခန်းမှာ ချောနှင့်အတူ တက်စီးလိုက်၏။ ကျောင်းရောက်တော့ ကားပေါ်မှ ဆင်းစဉ် သူ့ထံမှ အသံထွက်လာသည်။

"နေဦး ... ရော့ ... မုန့်ဖိုးယူသွားဦး"

"ရပါတယ် ... ကျွန်တော် ဘာမှ သုံးစရာမှမလိုတာ"

"ယူဆိုရင်ယူပေါ့ကွ ... လာပြန်ပြီ ... လူကြီးကပြောရင် နည်းနည်းတော့ အတွန့်တက်ရမှ ကျေနပ်တယ် ... "

အင်္ကျီအိတ်ကပ်ထဲထည့်ပေးမည်ရှုပ်နေသဖြင့် သူ့လက်ထဲမှ





ငွေတစ်ထပ်ကို ဖော်လှမ်းယူလိုက်ရသည်။

"ဒီမှာပဲစောင့်နေမှာနော် ... ဖြေပြီးရင် ဒီကိုပဲလာခဲ့ကြ"

"ဟင် ... ကိုမာန် မပြန်ဘူးလား ... "

"မပြန်ပါဘူး ... လေးလေးက စောင့်ကြိုခဲ့ဆိုလို့ပါ"

ချောက တဖွဲ့တသဲဖြင့် ဖော့မျက်နှာကိုမော့ကြည့်လိုက်သည်။ ဖော် အဆောင်ဘက်ကို ခြေလှမ်းတော့ ချောပါ အပြေးအလွှားလိုက် လာခဲ့၏။

"ဘာဖြစ်လာကြပြန်ပြီလဲ ... "

"ဘာမှမဖြစ်ပါဘူး ... "

စာမေးပွဲဖြေတော့ စိတ်ညစ်စရာတွေအားလုံး ခေါင်းထဲမှ မောင်းထုတ်ကာ ကြိုးစားဖြေရသည်။ အချိန်စေ့ခါနီးမှာ အဖြေလွှာကို သေချာပြန်စစ်ပြီး ဆရာမကိုအပ်စဉ် Bell တီးသံကို ကြားရ၏။ အိမ်ကို ပြန်ရောက်ပြီး ညဘက်စာကျက်တော့ စားပွဲပေါ်မှာ ကော်ဖီနှင့်မုန့်ကို သူလာတင်ပေးသည်။ ည(၁၂)နာရီထိုးတော့ ဖုန်းမြည်သံကြားရသဖြင့် အခန်းထဲမှထွက်ကာကိုင်လိုက်၏။

"ကလေးလား ... ကိုယ်ပါ ... "

"ကိုကို ... ဘာကိစ္စရှိလို့လဲ ... "

"စာမေးပွဲဖြေနိုင်လား ... မေးတာလေ"

"ဖြေနိုင်တယ်လေ ... ချောနဲ့အတူတူဖြေတာပဲဟာ"

"ကလေးရဲ့မျက်နှာလေး မမြင်ရပေမယ့် ... အသံလေးတော့ ကြားပါရစေလားကွာ ... "

ဖော် လှစ်ခနဲပြုံးလိုက်မိ၏။ လူကြီးက ဒါမျိုးလည်းတတ် ပါပဲလား။

"စာမေးပွဲနောက်ဆုံးနေ့ကိုယ့်လာကြိုမယ်ကွာ ... ကလေး ဆွေးနွေးစရာတွေရှိတယ် ... နော် ..."

"ဦးကျော်ဆူရင် ဘယ့်နှယ်လုပ်မလဲ ..."

"ကိုယ်ပြောလိုက်မှာပါ ... မစိုးရိမ်ပါနဲ့ ... မနက်ဖြန်ဘာသာ Ok ပြီလား ..."

"ဟုတ်ကဲ့ ..."

"မိချောတော့ အိပ်နေပြီ ... ဖော်လည်း အိပ်တော့လေ ... တော်ကြာ ခေါင်းမူးနေဦးမယ် ..."

"ရပါတယ် ..."

"ဒါဆို ... ဒါပဲနော် ..."

ဖုန်းကို အသာချလိုက်ပြီး ရေဆာလာသဖြင့် အိမ်အောက်ထပ် သို့ ဆင်းလာခဲ့ပြီး ထမင်းစားခန်းထဲဝင်ခဲ့သည်။ ရေခဲသေတ္တာထဲမှ ရေတစ်ဘူးကိုယူ၍ အပေါ်ပြန်တက်ရန် ကြံစဉ် လှေကားပေါ်မှ အရိပ် တစ်ခုပြေးဆင်းလာသဖြင့် အမြန်ရှောင်လိုက်ရ၏။

"ဖိုးဖော်လား ..."

"ဟုတ်ကဲ့ ..."

"မီးဘာလို့မဖွင့်တာလဲကွ ... မှောင်မှောင်မဲမဲထဲ ဘယ်လိုသွား သလဲ ... ငါက သူခိုးလားလို့ အမြန်ဆင်းလာတာ"

"ထမင်းစားခန်းထဲကိုပဲ အစ်ကိုရ ... သွားလို့ရပါတယ်"

ထောက်ခနဲ မီးလင်းသွားသဖြင့် မျက်စိကျိန်းသွားစဉ် အပေါ် ထပ်မှ ဦးကျော်ဆင်းလာပြန်သည်။





"ဟိုနှစ်ယောက် ... ဘာလုပ်နေတာတုန်း ..."

"ဖော် ... ရေဘူးဆင်းယူတာပါဦးကျော် ..."

"မင်းကရော ..."

"ကျွန်တော်က အမှောင်ထဲမှာ ခြေသံကြားလို့ဆင်းကြည့်တာ ပါ လေးလေးရ ..."

"ဘာလို့ မီးမဖွင့်တာလဲ ... ထူးမာန်နော် ... ကလေးစာမေးပွဲ ဖြေနေရတာကို အလိုက်သိမှပေါ့ ..."

ရုတ်တရက်မို့ သူ ဘာမှ နားမလည်သော်လည်း ဖော်က ဦးကျော်ဆိုလိုတာကို သဘောပေါက်သဖြင့် မျက်လုံးအစုံ ကျယ်သွားရ သည်။

"ဦးကျော် ... ဖော်ရေဆာလို့ ရေဘူးဆင်းယူတာ တကယ်ပါဗျ"

"အေးလေ ... ဦးကျော်က ဖော့်ကိုဆူနေလို့လား ... ဟိုကောင့် ကို ပြောနေတာလေ ..."

"အာ ... ဦးကျော်ပြောမှ အကုန်ရှုပ်ကုန်တော့မှာပဲ ... တော် ပြီ ... ဖော် အိပ်တော့မယ် ..."

ဖော် အပေါ်ထပ်သို့ အပြေးတက်ခဲ့ပြီး အခန်းထဲဝင်ခဲ့၏။ ဦးကျော်ပြောပုံက သူနှင့်ဖော် အမှောင်ထဲမှာ တိတ်တဆိတ် ချိန်းတွေ့ သလိုကြီး ဖြစ်မနေဘူးလား ... ခက်တော့တာပါပဲနော်။

## ၁၈

မနက်စာ အုန်းနို့ခေါက်ဆွဲစားနေမှ ဦးကျော်က ဇော့်က်
စူးစိုက်ကြည့်လိုက်သဖြင့် စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားရသည်။

"ဖိုးကျော်နဲ့ ကြိုကြိုးချိန်းထားသလားဇော်"

"ဟင် ... ဘာဖြစ်လို့လဲ ဦးကျော်ရဲ့ ... မချိန်းပါဘူး ... စာမေးပွဲ
အတွင်း ကိုကိုနဲ့ ဆုံတောင်မဆုံပါဘူး ... "

"အေး ... ဒီနေ့ သူလာကြိုပါရစေလို့ ဖုန်းလှမ်းဆက်တယ် ...
ကလေးတွေကို မုန့်လိုက်ကျွေးချင်လို့တဲ့ ... "

ဇော် အသာငြိမ်နေလိုက်ရ၏။ ကိုကိုကတော့ လုပ်ချလိုက်ပြ
ပြီ ... ပြဿနာကို မီးထွန်းရှာတော့တာပဲ။

"နောက်ဆုံးနေ့ဆိုတော့လည်း ခွင့်မပြုလို့မကောင်းလို့ လက်





ဲ့ိုက်ရတယ် ... မုန့်စားတာ အလွန်ဆုံးကြာ နာရီဝက်တစ်နာရီပဲ ...
ဆက်ပိုမကြာစေနဲ့ဇော် ... ဦးကျော်ပြောတာကို နားလည်လား"

"ဟုတ်ကဲ့ ... "

"အေး ... ဒီညနေ မြဝ့်ဇော်ရောက်လိမ့်မယ် ... စာမေးပွဲဖြေပြီး
ဲ့လူက အိမ်မှာရှိမနေရင် သူ ဒေါပွမှာအမှန်ပဲ ... "

"ဇော် မြန်မြန်ပြန်လာခဲ့မှာပါ ... "

"ပြီးရော ... "

ဇော် အိမ်ရှေ့ထွက်လာတော့ သူက ဧည့်ခန်းမှာ စာစောင်ဖတ်
စောင့်နေလေသည်။ ဖိနပ်စင်မှ ဖိနပ်ကိုယူဝတ်တော့ သူက ကတ္တီပါ
နပ်ကိုယူဝတ်၍ ဇော့်ကိုပြောလိုက်၏။

"မင်းတို့မှာ ဘာအကြံအစည်တွေရှိနေလဲဖိုးဇော် ... "

"ဘာကိုလဲအစ်ကို ... ကျွန်တော် နားမလည်ဘူး ... "

"ဒီပလာက် ကျောင်းအတူတက်နေတာတောင် တစ်နေရာမှာ
းချိန်းတာတော့ လွန်တာပေါ့ ... ဒါ မရိုးသားတာကိုပြနေတာပဲ၊
ကိုကလည်း အလိုတူအလိုပါ ... ဘယ်လိုအစ်ကိုမှန်းမသိ ... ညီမကို
ြာရမှန်းလည်းမသိဘူး ... "

"အာ ... ကိုကိုက မုန့်လိုက်ကျွေးမယ်လို့ပြောတာပါ အစ်ကိုရ၊
ားပြီးပြန်ခဲ့မှာပဲ ... သိပ်မကြာပါဘူး ... အစ်ကိုထင်တာတွေလွဲနေ
... မဟုတ်ပါဘူး ... "

"အေးပေါ့ ... မင်းကတော့ အကြောင်းပြချက် နိုင်လုံနေတာ
... ညနေ ဦးဇော်လာလို့မှ ပြန်မရောက်သေးရင် မင်းထိုက်နဲ့မင်းကံ

ပဲ ... လူကဖြင့် လက်တောက်လောက်ရှိသေးတယ် ... မျက်နှာကများ
ပါ ... "

"ဟာဗျာ ... ကျွန်တော် ဘာလုပ်လို့လဲဗျ ... "

"ဘာလုပ်ရမလဲ ... ဆိုင်မှာ တစ်ပတ်ပဲထိုင်ခိုင်းလိုက်မိတယ် ... ပြည့်ပြည့်နဲ့ပပတင်မကဘူး ... အန်တီဂရေ့စ်တို့ဆိုင်ကပါ မင်းကို တမေးတည်းမေးနေကြတာက ဘာသဘောလဲ ... အပြင်မှာ အသံတွေ အများကြီးကြားနေရတာ မင်းအကြောင်းချည်းပဲ ... ရွာမှာနေတာ လည်း ဒီလိုအကြောင်းတွေရှိလို့ မင်းကို ဦးဇော် ဒီပို့လိုက်တာပဲနေမှာ ... ကောင်မလေးတွေနဲ့ပတ်သက်ပြီး ဘယ်နေ့ခေါင်းကွဲမလဲမသိ ... "

"ကျွတ် ... မဟုတ်ပါဘူးအစ်ကိုရာ ... "

"ပြောလိုက်ရင် ဘူးခံငြင်းဖို့ပဲတတ်တယ် ... မင်းမှာ တော် တော် အချစ်တွေပေါများနေတယ် ဟုတ်လား ... "

"မဟုတ်ပါဘူး ... ကျွန်တော် ဘယ်သူ့ကိုမှ မချစ်ဖူးသေးပါဘူး ဗျ ... ဘာတွေလျှောက်ပြောနေမှန်းလည်း မသိဘူး ... "

နားစွန်နားဖျားကြားသွားသည့် ဦးကျော်က ညှိခန်းသို့လိုက် ထွက်လာလေ၏။

"ထူး ... ကလေးစာမေးပွဲဖြေကာနီး စိတ်အနှောင့်အယှက် ဖြစ်အောင် ဘာတွေပြောနေပြန်တာလဲ ... "

"ကျွန်တော် ဆုံးမနေတာပါ လေးလေးရ ... "

"ဆုံးမတာကလည်း ချစ်တာ ကြိုက်တာတွေပါရသလား"

"အာ ... ဦးကျော်ပြောမှ ပိုရှုပ်ကုန်ပြီ ... သွားတော့မယ် ...





... အစ်ကို ... "

ဇော်က သူ့လက်ကို ဖျတ်ခနဲဆွဲ၍ လှည့်ထွက်ခဲ့တော့ ဦးကျော် ပြုံးစိစိမျက်နှာဖြင့် ငေးကျန်နေရစ်ခဲ့သည်။ ဒုက္ခပါပဲ ... အဘသာ ထွက်သာရင်တော့ ဒီလူကြီးနှစ်ယောက်ကြားမှာ ဇော် ဘယ်လို မျက်နှာထားနဲ့ နေရမလဲ။ သူက ဒီအချိန်ထိ ဇော့်ကို မိန်းကလေးမှန်း အောင် ရိပ်မိတာမဟုတ်သေးဘူး။ ဦးကျော်တို့လုပ်မှပဲ သိတော့မှာ။ မျက်နှာပူလိုက်တာနော် ဘယ်လိုနေရပါ့။

နောက်ဆုံးဘာသာကိုဖြေ၍အရဆုံးမှ ပျော်သွားမိ၏။ ရှေ့ဆုံး မှ ဖြေနေသည့် ချောက လှည့်ကြည့်လိုက်သဖြင့် ခေါင်းညိတ်ပြ လိုက်သည်။ အဖြေလွှာများအပ်အပြီးမှာ အခန်းထဲမှ ကလေးတွေလို ပျော်လပ်ပေါ်ပါးစွာ ပြေးထွက်လာခဲ့၏။

"ဖြေလို့ရကြရဲ့လား ... "

"OK ပါတယ် ကိုကိုရ ... "

"လာ ... ကိုကို မုန့်လိုက်ကျွေးမယ် ... "

"သိပ်ကြာလို့မဖြစ်ဘူးနော်ကိုကို ... ဒီနေ့ အဘရောက်လိမ့် မယ် ... ဇော့်ကိုမတွေ့ရင် ဒေါပွမှာစိုးလို့ ... "

"ဒါဆို ဖာလူဒါနဲ့ကိတ်စားပြီးပြန်တာပေါ့ ... ဇော့်ဖေဖေက ဘယ်လောက်ကြာကြာနေမှာလဲ ... "

"မသိသေးဘူး ... ကျိုက်ထီးရိုးသွားမယ်လည်းပြောတယ်"

ကိုကိုက သဘောကျရယ်လိုက်သဖြင့် ဇော်က ဖျတ်ခနဲလှည့် ကြည့်လိုက်မိသည်။

"ဘာရယ်တာလဲ ကိုကိုရ ..."

"ဇော့်ကို လာတောင်းမလို့လေ ..."

"အာ ... လျှောက်မလုပ်နဲ့နော် ကိုကို ... အဘက ဒေါ်သသ်
ကြီးတာ ... စိတ်မထင်ဘဲ ကိုင်ပေါက်လို့ ဆေးရုံတက်နေရဦးမယ်"

"အမယ် ... စိုးရိမ်တယ်ပေါ့လေ ... အတိုင်အဖောက်တွေ
ညီနေလိုက်တာများ ..."

ချောတို့မောင်နှမက အသံကျယ်ကျယ်ဖြင့်ရယ်လိုက်ကြသေ
လည်း ဇော့်မှာ မရယ်နိုင်ပေ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိမဟုတ်လာ
အအေးဆိုင်ကောင်းကောင်းရှေ့မှာ ကားကိုရပ်လိုက်ပြီး ဆိုင်ထဲဝင်ခဲ့
သည်။ ကိုကိုက ကိတ်တစ်ပွဲနှင့် ဖာလူဒါသုံးခွက်မှာလိုက်ပါ၏။

"တကယ်ပြောတာပါ ဇော်ရယ် ... ကိုယ်အတည်လာတော
မှာ ... အနည်းဆုံး စေ့စပ်ခွင့်ရဖို့ပေါ့ ..."

"အာ ... မဖြစ်ဘူး ... မလုပ်ပါနဲ့ကိုကိုရာ ..."

ချောက နှုတ်ခမ်းလေးစေ့၍ ကျိတ်ရယ်နေသဖြင့် ဇော်ဘုကြ
ကြည့်လိုက်ပါ၏။ ကိုကိုက စားပွဲပေါ်တင်ထားသည့် ဇော့်လက်
ဖက်ကိုလှမ်း၍ ဆုပ်ကိုင်လိုက်လေသည်။

"ဟာ ... ကျွတ် ... ဘာလုပ်တာလဲ ... လွှတ်ပါဗျ"

"စကားပြောချင်လို့ခေါ်လာတာလေ ... ပြောနေတာ
ကန့်လန့်ချည်းပဲ ... ဘယ်လိုရှေ့ဆက်ပြောရမှာလဲ ..."

ဇော်က လက်ကိုရုန်းမရသဖြင့် ဆံပင်တွေကို ထိုးဖွလိုက်
တော့ ကိုကိုက သက်ကိုပို၍ခပ်တင်းတင်းဆုပ်ထားလေ၏။





"ကျွန်တော်ပြောမယ် ..."

"ပြော ..."

"ဘယ်ကစပြောရမလဲတောင် မသိတော့ဘူး ..."

ကိုကိုက ကျိတ်ပြုံးလိုက်ရင်း ဖာလူဒါခွက်ကို သေချာနှံ့အောင်
မွှေပြီးမှ ဇော့်ရှေ့ကိုပို့ပေးသည်။

"ကျွန်တော် ဒီရန်ကုန်ကိုမရောက်ခင်ညမှာ အဘက စကား
တစ်ခွန်းပြောခဲ့တယ် ..."

"ဘာလဲ ..."

"အဘသဘောတူတဲ့သူနဲ့ပဲ ကျွန်တော် လက်ထပ်ရမှာတဲ့ ...
ကလွဲပြီး ဘယ်သူ့ကိုမှ လက်ထပ်ခွင့်မရှိဘူးလို့ သေချာပြောလိုက်
တာ ..."

"အဲဒါ ဘယ်သူလဲ ..."

"အစ်ကိုထူးမာန် ..."

"ဟာ ..."

"ဟယ် ... ကိုမာန်က ဇော့်ကိုချစ်မှမချစ်တာ ... ဒီလောက်
ယ်ထိလက်ရောက် နာကျင်စေခဲ့တဲ့လူကို ယူစရာလား ... ချော
ဘောမတူဘူးနော်ဇော် ... ကိုကို့ကိုပဲ လက်ခံပါ ..."

"ဟုတ်တယ် ... ထူးမာန်က ဇော့်ကို စိတ်ဝင်စားတာမှ မဟုတ်
... အသွင်မတူတဲ့လူချင်း ပေါင်းစပ်လို့သာယာတဲ့ဘဝတစ်ခုကို မပိုင်
င်နိုင်ဘူးဇော် ... ကိုယ် ... ဇော့်ကို ရအောင်ယူမှာ ..."

ဇော် သက်ပြင်းတစ်ချက်ကို ရှိုက်ချလိုက်မိသည်။ ခေါင်းထဲမှာ

အုံခဲလာ၏။ အအေးချက်က ခုထိအရောမယှင်းသေး။

"ဇော် ... ထူးမာန်ကို ချစ်လို့လား ... လက်ထပ်နိုင်လို့လား"

"မသိဘူး ... အဲဒါတွေ ကျွန်တော်မသိဘူး ... ကျွန်တော်သိ ထားတာတစ်ခုပဲ ... အဲဒါ အဘစိတ်ကိုပဲ ... အဘက သူပြောတာမနာ ခံရင် အရမ်းစိတ်ဆိုးတာ ... ဒီမှာရှိနေတာတောင် ဟိုကနေလှမ်းပြီး ခြိမ်းခြောက်တယ် ... မုဆိုးမ ဒေါ်အေးကြည်နဲ့ အဘယူသွားရင် ကျွန်တော် ဒုက္ခရောက်မှာ ... သူ့သားဖိုးတုတ်က ဇော့်ကိုအမြဲရိသဲ့ နဲ့ ... ဇော့်မှာ ကိုယ်လုံပညာ့တတ်ထားလို့ သူမလုပ်ဝံ့တာပဲ ... တော် ပြီ ... ဇော် အရမ်းစိတ်ညစ်တာပဲသိတယ် ... ပြန်မယ် ... "

"စိတ်မညစ်ပါနဲ့ကလေးရယ် ... ကိုယ် ဇော့်ကို ဒီအခက်အခဲ က ရအောင်ကယ်ထုတ်မှာပါ ... ယုံ ... ကဲ ... အအေးသောက် ... ပြီးရင် သွားစို့ ... "

အအေးကို ကောက်မော့လိုက်တော့ ရင်ထဲမှာ မအေးဘဲ ပူလောင်နေသယောင် အိမ်အပြန်လမ်းမှာ သုံးယောက်သား စကား မပြောဖြစ်ကြဘဲ ငိုင်နေမိကြသည်။ ကိုကို့ထံမှ သက်ပြင်းချသံတွေကို ခဏခဏကြားရ၏။ ချောက ဝေ့တက်လာသည့်မျက်ရည်တွေကို ကျိတ်သုတ်နေသည်။ ပြင်ပရှုခင်းတွေက ဇော့်အမြင်မှာ မှုံဝါးဝါး ...

ခြံရှေ့မှာကားရပ်တော့ ကားပေါ်မှဆင်း၍ ခြံတံခါးပေါက်သေး သေးလေးမှဝင်လာခဲ့၏။ ရုတ်တရက် သစ်ကိုင်းတစ်ခက်က ဇော့် မျက်နှာရှေ့ကို ဝဲပျံလာသည်။

"ဝိုး ... "





"ဖတ် ... "

ဇော်က ငုံ့ရှောင်လိုက်ပြီး သစ်ကိုင်းကို ဖမ်းလိုက်စဉ် နောက် ထပ်အုတ်ခဲထက်ပိုင်းကျိုးတစ်ခုရောက်လာပြန်၏။

"ဝုန်း ... "

လက်ထဲမှ တုတ်ဖြင့်ရိုက်လိုက်၍ အုတ်ခဲက ကြေကာ အမှုန့် ဖြစ်သွားသည်။ ချုံအကွယ်တစ်ခုမှ လူကြီးတင်ယောက်ထွက်လာ၏။

" ... "

ဇော် တုတ်ကိုပစ်ချ၍ ဝမ်းသာအားရဖြင့် ပြေးဖက်တော့ အဘ က ရှောင်လိုက်ပြီး ဇော့်ကို ကိုင်ပေါက်လိုက်၏။ သတိဖြင့် ပြန်အကျမို့ ဘော်ပါသေးသည်။ လက်ကွက်လေးငါးခြောက်ကွက်ကစားပြီးမှ အဘ က ပွဲရပ်ကာ ဇော့်ကို ပွေ့ဖက်လိုက်လေ၏။

"ဘယ်လိုလဲဇော်ရဲ့ ... အားတွေပျော့နေသလိုပါပဲလား"

"ဇာတွေကျက်နေရတော့ လေ့ကျင့်အားလျော့သွားတာကို အဘရဲ့ ... "

"မဆိုင်ပါဘူး ... ခြံထဲကိုဝင်လာကတည်းက စိတ်နဲ့လူနဲ့ မကပ် တာ သိသာလွန်းကယ် ... မှန်း ... ကြည့်ပါလား ... အကြည့်တွေက အစ ဝေနေတာ ... ထူးခြားတာပေါ့ ... ဇော် အရင်ကတည်းက မျက်လုံးကစပြီး မာန့်ပါနေတာကို အဘသိထားတာပဲ ... "

"အဘ ... "

"ဟေ ... "

"အဘပြောထားတဲ့ကိစ္စလေ ... "

"အေး ... ပြော"

"ချက်ချင်းကြီးမလုပ်နဲ့ဦးနော် ... ဇော့်အသက်ငယ်ငယ်လေး ရှိသေးတာ ... ဇော် ပျော်လို့မဝသေးဘူး ..."

"အဘ နားလည်ပါတယ်ကွာ စိတ်ချ ..."

"ပြီးတော့လေ ... အစ်ကိုက ဇော့်ကို ယောကျ်ားလေးလို့ပဲ ထင်နေတာ ..."

"ဟေ ... ခုချိန်ထိ မရိပ်မိဘူးလား ..."

"ဟင့်အင်း ... အဲ့ဒါ အဘဖွင့်မပြောလိုက်နဲ့နော် ..."

"ဟော ... ပိတ်တာတွေများနေပါရောလားမိဇော် ... ရီးကော ရီးရဲ့လား ..."

"အဘကလည်း ... မဟုတ်တာ ..."

သားအဖနှစ်ယောက်သား ပခုံးဖက် ခါးဖက်၍ အိမ်ကဲဝင်ခဲ့တော့ ဦးကျော်က ခပ်ပြုံးပြုံးကြည့်နေလေ၏။

"ကဲ ... ဇော် ... ရေချိုးပြီးဆင်းလာခဲ့ ... ဒီညနေ ထမင်းမချက်ဘဲ ခရုခေါက်ဆွဲဝယ်ထားတယ် ... စားကြရအောင် ... ကြိုက်ရဲ့လား"

"ဟာ ... ကြိုက်တာပေါ့ဦးကျော်ရ ... ဗွတ်ရှယ်ပဲ ..."

ဇော် အပေါ်ထပ်ကိုပြေးဘက်စဉ် လှေကားထိပ်မှာ သူနှင့်သွားတိုးလေ၏။

"ဘာတွေ ဒီလောက်ကြည်နူးလာရတာလဲ ..."

"ဘာကိုလဲ အစ်ကိုရ ..."

"မင်းမျက်နှာ ပြုံးရွှင်နေတာကိုး ..."





"ဟာ ... ကျွန်တော် အဘနဲ့ပြန်ဆုံလို့ ပျော်နေတာတောင် ပျော်ခွင့်မရှိဘူးလားဗျာ ... ကျွန်တော့်စိတ်နဲ့ကျွန်တော့်ကိုယ်ပဲဟာ ... ဘိုက်မပိတ်ပင်ပါနဲ့ ..."

"အောင်မာ ... ဖအေရောက်လာတာနဲ့ လေသံက ပြောင်းလာ ... ငါ နဘန်ကျင်းလိုက်ရ မကောင်းဖြစ်တော့မယ် ... ဖအေနဲ့တွေ့တော့ ဒီလောက်ပျော်စရာ ဘာအကြောင်းမှ မရှိဘူး ... မင်း မဟုတ်တာတွေလုပ်လာခဲ့ပြီး အူမြူးနေတာပဲဖြစ်မှာ ..."

"ထင်ရာတွေ စွတ်ပြောမနေနဲ့ဗျာ ..."

"ငါ့ကို ပြန်ခံမအော်နဲ့ ... ငါ မင်းထက်(၆)နှစ်ကျော်ကြီးတယ်"

"ကြီးတာငဲ့ အနိုင်ကျင့်စရာလားဗျ ... မမှန်တာတွေလျှောက်ပြောနေတော့ ဘယ်သူက သည်းခံနိုင်မှာလဲ ... စဉ်းစားကြည့်ပေါ့"

"စဉ်းစားလို့ သိတာပေါ့ ... ပြော ... မင်း ချောစုဆီကအဖြေရလာတာမဟုတ်လား ... မြင်ရုံနဲ့သိတယ် ..."

"ဟာ ... မဟုတ်ပါဘူးဆိုနေမှ ... တော်ပြီဗျာ ... ရေချိုးတော့မယ် ..."

"နေဦး ... ပြဿနာကို ရှောင်ဖို့မကြိုးစားနဲ့ ..."

ဇော် ရှောင်ထွက်စဉ် သူက ဇော့်လက်မောင်းတစ်ဖက်ကို လှမ်းဆွဲလိုက်သဖြင့် လူကယိုင်၍ သူ့ဘက်သို့ ယိမ်းသွားရ၏။

"အာ ... ဘာလုပ်တာလဲဗျ ... လွှတ် ..."

"ငါမေးတာကိုဖြေပေါ့ကွ ..."

"အဖြေမှ မရှိတာဗျ ... ဘာပြောလို့ရမှာလဲ ... လွှတ်ဗျာ"

"ဖြစ်နေလိုက်တာ ... မင်းအသားပုံပါမှာကျနေတာပဲ"

"ဟိုနှစ်ကောင် လှေကားထိပ်မှာ ကျွတ်စီ ကျွတ်စီဖြစ်နေ
ပြီ ဘာဖြစ်ပြန်ပြီလဲ ... "

ဦးကျော်၏အသံကြောင့် သူက ဖော့်လက်ကိုလွှတ်ပေးလို
လေ၏။ အမလေး မျက်နှာကြီးက လူကိုကိုင်စားတော့မလိုပဲ
ကောင်မလေးနဲ့ပဲ လူကိုအထင်တော့မှားနေတာ ဘယ်တော့မှရပ်
မသိ။ စာရေးကိရိယာတွေကို အံဆွဲထဲထည့်သိမ်းစဉ် အံဆွဲထောင့်
ဘူးအနက်လေးကိုမြင်လိုက်ရ၏။ ဘူးလေးထဲမှ စိန်ပွင့်သေးသေး
နှင့် လက်စွပ်ကလေးက ငြိမ်သက်စွာရှိနေဆဲ။

♥





၁၉

မနက်စောစော လမ်းလျှောက်ထွက်ရာမှ အဘတို့ပြန်လာစဉ်
လမ်းထိပ်မှာ ဈေးဝယ်ပြန်လာသည့် ဖော်တို့နှင့်ဆုံလေ၏။

"ဟော ... သမီးမိချောပါ ဈေးသွားတာကိုး ... "

"ဟုတ်ကဲ့လေးကျော် ... ဒီဦးက ဖော့်ဖေဖေလား ... "

"အေး ... ဟုတ်တယ်"

"ဦးက ဖော်နဲ့မတူဘူးနော် ... "

"ဟုတ်တယ် သမီးရဲ့ ... သူက မအေနဲ့တူတာ ... "

"ဖေဖေတို့က ဦးကိုတွေ့ဖူးချင်နေတာဦးရဲ့ ... နောက်မှ ချော
တို့ လာလည်မယ်နော် ... "

"သြော် ... အေးအေး ... သမီး"

ချောက ဇော့်ကိုလက်ပြနှုတ်ဆက်ပြီး ခြံထဲဝင်သွားတော့ ဇော် ခြံတံခါးမှဝင်လိုက်စဉ် မောင်စိုးက ဇော့်လက်ထဲမှ ခြင်းတောင်းကို ပြေးယူလိုက်သည်။ ဘုရားပန်းစည်းကိုတော့ ဇော်ပဲကိုင်ခဲ့ပါ၏။

"ဇော် ... ချောစုပြောတဲ့စကားက ဘာအဓိပ္ပာယ်လဲ"

"ဇော် ဘယ်သိမှာလဲဦးကျော်ရဲ့ ..."

"ဦးကျော် ရိပ်မိသလိုပဲနော် ... ဖိုးကျော် ဇော့်ကိုဖွင့်များပြောပြီးပြီလား ..."

"ဟာ ... ဦးကျော်ကလည်း ..."

"ဦးကျော်ကိုကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောထားနော်ဇော် ... တော်ကြာ မလိုလားအပ်တဲ့ပြဿနာတွေဖြစ်လာရင် မကောင်းဘူး မြှုပ်မထားနဲ့ ..."

ဇော် မျက်မှောင်ကုတ်သွားတော့ အဘက ဇော့်ခေါင်းကိုပုတ် ထုလိုက်လေ၏။

"အဘထင်တယ် ... ပြောပြီးပြီ မဟုတ်လား ..."

ဇော် ခေါင်းကိုညိတ်ပြလိုက်တော့ လူကြီးနှစ်ဦးထံမှ သက်ပြင်းပြိုင်တူချလိုက်သံကို ကြားလိုက်ရသည်။

"ဒါဆို လာတောင်းဖို့သေချာနေပြီပေါ့ ..."

"အဘကလည်း ... ဇော် ကိုကို့ကို ဘာမှပြန်မပြောဘူးနော်"

"ပြောလို့ရမလား ... အဘတို့ စီစဉ်မယ့်ကိစ္စကို အမြန်စီစဉ်မှပဲ ..."

"အာ ... ဇော် အိမ်ထောင်မပြုချင်သေးဘူး ... အဘတို့ အရမ်း





အရမ်း မလုပ်ပါနဲ့ ..."

"ခုမှ တားမနေနဲ့ ... မဟုတ်တဲ့လူနဲ့ကျ တည့်အောင်သွားပေါင်းနေပြီးမှ ..."

"ကိုကိုက ဆရာဝန်ပါအဘရ ... တခြားလူမှမဟုတ်တာ"

"ကြည့်စမ်း ... နည်းနည်းမှ အထိမခံနိုင်ဖြစ်နေပါလား ... ဇော် ... ငါဘာပြောထားလဲ ..."

"ဇော် ရည်းစားမှမထားတာ ... အိမ်ထောင်လည်း မပြုချင်သေးဘူးအဘ ..."

"မရှည်နဲ့ ... ငါက ဒါဆိုဒါပဲ ..."

ဇော် ခြေဆောင့်၍ ရှေ့မှလျှောက်လာစဉ် သူက ကားပေါ်တက်၍ ဝပ်ရှော့ကိုထွက်သွားလေပြီ။ ဘုရားပန်းတွေဝေနေအောင် ကပ်လှူပူဇော်ပြီးမှ မီးဖိုခန်းထဲမှာ မျက်နှာညိုညိုဖြင့် ချက်ပြုတ်နေတော့၏။ (၁၀)နာရီထိုးတော့ အကုန်ကျက်သွားပြီဖြစ်၍ ထမင်းပွဲပြင်လိုက်ပါသည်။

"ကျက်ပြီလားဟေ့ ..."

"ကျက်ပြီ ဦးကျော် ... ဒီမှာ အဆင်သင့်ပြင်ပြီးပြီနော် ... ဇော် ကိုကို့ကို ထမင်းချိုင့်ပို့ဖို့လုပ်လိုက်ဦးမယ် ..."

"ဇော်ပါ တစ်ခါတည်းဝင်စားလေ ..."

"မဆာသေးဘူး ဦးကျော်ရဲ့ ... စောသေးတယ်"

ဇော် ထမင်းချိုင့်ခူးပြီး အပေါ်ထပ်တက်ကာ ရေချိုးအဝတ်စားလဲ၍ ပြန်ဆင်းလာခဲ့၏။ ကိုမောင်စိုးက နောက်ဖေးမီးဖိုချောင်

မှာ ထမင်းစားနေလေပြီ။

"အစ်ကိုလေး ... ဘယ်လဲ"

"အစ်ကို့ကို ထမင်းချိုင့်သွားပို့မလို့လေ ... "

"ကျွန်တော် ပို့ပေးပါ့မယ် အစ်ကိုလေးရ ... "

"ရပါတယ် ... ကျွန်တော်ပဲပို့လိုက်မယ် ... အဘတို့ ထမင်းစာ
ပြီးရင် ရေခဲသေတ္တာထဲက သစ်သီးပန်းကန်ထုတ်ပြီး ကျွေးလိုက်ေ
ကိုမောင်စိုး ... "

"ဟုတ်ကဲ့ ... "

ဇော် ချိုင့်ယူ၍ ထွက်ခဲ့တော့ ထမင်းစားခန်းမှ အဘက လှမ်
မြင်သွားလေ၏။

"ဇော် ... ထမင်းမစားဘူးလား"

"အစ်ကို့ကို ထမင်းသွားပို့ဦးမယ်အဘ ... ပြန်လာမှပဲစားတော့
မယ် ... "

"အေးအေး ... ဒါဖြင့်လည်းပြီးတာပဲ ... "

လိုင်းကားစီး၍ ဝပ်ရှော့ကိုထွက်လာခဲ့၏။ သူနှင့်ကိုမင်း
ကားတွေ ပုံကျနေသည်မို့ ရုံးခန်းထဲမှာပင် မထိုင်နိုင်ဘဲ ကားတွေပြ
သည့်နားမှာ ရှိနေသည်။ ဇော် ရုံးခန်းထဲမှာ ချိုင့်ကိုဝင်ထားလိုက်ပြ
ဝင်းထဲသို့ပြန်ထွက်ခဲ့၏။

"ကိုညိုကြီး ကျွန်တော်ဝိုင်းကူမယ်လေ ... "

"နေပါစေချာတိတ်ရာ ... "

"ဟော့ ... လာမရှုပ်နဲ့လေ ... ကိုယ်ကာကိုယ်နေပါလား"





သူ လှည့်အော်လိုက်သဖြင့် ဇော်နှာခေါင်းရှုံ့လိုက်မိ၏။ ကိုမင်း
က ဇော့်ကိုမြင်သွား၍ ကားတွေနောက်မှ လှမ်းအော်လိုက်လေသည်။

"ဖိုးဇော်ရေ ဒီနေ့ဘာဟင်းလဲဟေ့ ... "

"ဝက်သားပေါင်း ... အစိမ်းကြော် ... သရက်ချဉ်သုပ် ... ငါး
ခြောက်အစပ်ကြော် ... အာလူးနဲ့ကြက်သားဟင်း ... အရည်က ဒန့်ဒလွန်
ချက်ဟင်းချို ... "

"ဟာ ... မိုက်တယ်ဟေ့ ... စားဂေဟာင်းဦးမယ် ... ညနေ
ဘာချက်ထားမှာလဲ ... "

"ငတ်ကြီးကျပြန်ပြီ ... အိမ်ရောက်တော့ သိမှာပေါ့ကွ"

"အဘက ရွှေတောင်ခေါက်ဆွဲစားချင်တယ်ပြောလို့ လုပ်ကျွေး
ယ် ကိုမင်းရဲ့ ... "

"အေး ... မင်းကိုဆိုင်ဖွင့်ပေးဖို့ကိစ္စ မင်းအဘကိုပြောလိုက်ပြီ
ား ... "

"မပြောပါဘူး ... ကျွန်တော်မှ ဒီမှာမပျော်တာ ... ရွာမှာပဲ
နေမှာဗျ ... "

"ငါတော့ မထင်ဘူးဟေ့ ... ရန်ကုန်မှာ မင်းအိမ်ထောင်ကျ
တော့ ဘာတတ်နိုင်မှာလဲ ... "

"အာ ... ကိုမင်းကလည်း ... ဘာတွေလျှောက်ပြောနေတာ
ဗျာ ... "

"မှန်တာတွေပြောတာပဲကွ ... ရှက်စရာလား"

ဇော် ဘာမှမပြောတော့ဘဲ တိုက်ဘေးနားမှာ ထိုင်နေမိ၏။

သူက လယ်ဂျာစာအုပ်တစ်အုပ်ဖြင့် ကားနံပါတ်တွေ လိုက်စစ်နေရင်း ကားရေဆေးနေသည့်နားရောက်သွားလေသည်။

"ဖိုးခေါ်ရေ ... နိုင်းတယ်လို့ သဘောမထားပါနဲ့ ... ရုံးခန်းထဲက သံပုံးအပြာလေး ယူလာပေးပါကွာ ..."

"ရပါတယ်ကိုမင်းရာ ... ဒါလေးလုပ်ပေးရတာ ... ဘာများ ပင်ပန်းလို့လဲ ..."

ခေါ် ရုံးခန်းထဲဝင်၍ နို့မှုန့်ပုံးအရွယ်ရှိ ပုံးကိုမလိုက်တော့ တော်တော်လေးသဖြင့် ဂရုတစိုက်သယ်လာခဲ့သည်။ ကားနံပါတ်တွေကိုစစ်နေရာမှ ဝင်းရှေ့နားရောက်သွားသည့် သူ့ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ကိုမင်းထံ ပုံးကိုသွားပို့ပေးလိုက်၏။ ကိုညိုကြီးက ကားရေဆေးနေသည့်လူသစ်လေးကို ကားထဲမှ ပစ္စည်းတစ်ခုယူလာခိုင်းသဖြင့် ကောင်လေးက ကားတံခါးဖွင့်၍ နိုက်ယူလိုက်သည်။ ခေါ်က ထမင်းပွဲပြင်ရန် တိုက်ရှေ့ပြန်လှမ်းလာခဲ့စဉ် မထင်မှတ်သည့်အဖြစ်အပျက်က ရုတ်တရက်ဖြစ်သွားလေ၏။ စင်မြင့်ရေဆေးစင်ပေါ်ရှိ ကားက ဘွားခနဲဆင်းလာ၏။ ရှေ့တည့်တည့်ဆင်းလာသည့်ကားကို ငေးကြည့်နေသည့်သူ့ကို အားလုံးက လှမ်းအော်၍ သတိပေးလိုက်ပါသော်လည်း ဘာလုပ်ရမှန်းမသိဘဲ သူ ကြောင်နေလေသည်။ ခေါ် သုံးလေးလှမ်းပြေး၍ သူ့ကိုခုန်အုပ်လျက် ဘေးဘက်ကို လှိမ့်ရှောင်လိုက်ပါ၏။ နှစ်ယောက်သားလုံးထွေးလျက် နံဘေးဘက်ရောက်သွားစဉ် ကားက ဝင်းရှေ့စည်းရိုးကိုဝင်တိုး၍ ရပ်သွားလေသည်။

နုံးညွံ့သည့် ထိတွေ့မှုတို့နှင့်အတူ ထူပူလျက် သူ တအံ့တသြဖြင့်





ထရပ်လိုက်မိ၏။ ကိုယ်ပေါ်ပေကျံနေသည့် ဖုန်တွေသဲတွေကို မခါနိုင်ဘဲ ချာတိတ်ကိုသာ အထူးအဆန်းသဖွယ် ငေးကြည့်နေသည်။ ချာတိတ်မျက်နှာက ပန်းသီးလိုပင် ရဲရဲနီလျက် ဆတ်ခနဲ ထရပ်လိုက်၏။

"ဖိုးခေါ် ... မင်း ... မင်း"

"ကျွန်တော် ... ကျွန်တော် ပြန်တော့မယ်"

ခေါ် ဝင်းထဲမှ တချိုးတည်းလစ်ပြေးခဲ့တော့သည်။ ခင်မင်းက သူ့အနီးပြေးလာ၍ သူ့ကိုယ်ပေါ်မှ ဖုန်တွေသဲတွေကို ခါပေးလေ၏။

"မသေကောင်း မပျောက်ကောင်း ထူးမာန်ရာ ... ဟိုကောင်လေး ဘာကိုထိပြီး ကျလာတာလဲ မသိဘူး"

"ခင်မင်း ... သူ ... သူ"

"ဟေ့ကောင် ... ဘာဖြစ်နေတာလဲ ... မင်း အော်ထုတ်လိုက်ပြန်ပြီလား ... ဟိုက မင်းအသက်ကို ကယ်ပေးလိုက်တာကိုတောင်မှ"

"မဟုတ်ဘူး ... မဟုတ်ပါဘူး"

"လာသာ ... ရေသောက်လိုက်ဦး ... ညိုကြီးရေ ... ကားကိုပြန်ထည့်လိုက်ဦး ..."

"ဟုတ်ကဲ့ ... ဆရာ ..."

ခင်မင်းက သူ့လက်ကိုဆွဲ၍ ရုံးခန်းထဲရှိ ရေပုလင်းထဲမှ ရေတစ်ခွက်ငှဲ့တိုက်လေ၏။ သူ ရေကိုကုန်အောင်သောက်လိုက်ပြီး ထိုင်ခုံပေါ်ခြေပစ်လက်ပစ်ထိုင်ချလိုက်မိသည်။

"ဘာမှမဖြစ်တော့ပါဘူး ... စိတ်ကိုလျှော့လိုက်"

"ခင်မင်း ... ဖိုးခေါ် ... ဖိုးခေါ်ဟာ ... ငါ ... ငါ ... ငါ့ဘက်က

လွန်တာတွေ များနေပါရောလား ... ”

“ဟော ... ဘာတွေဖြစ်ပြန်ပြီလဲကွ ... ချာတိတ်က စိတ်ရင်းလေးကောင်းပါတယ်ကွ ... မင်းကသာ အမြင်တွေစောင်းပြီး”

“ငါ ... ငါ ... မှားပြီကွ”

သူ စားပွဲပေါ်ခေါင်းကိုင်ချလိုက်လေ၏။ ရင်ထဲမှာ တလှပ်လှပ်နှင့် တဒုတ်ဒုတ်နှလုံးခုန်သံကို အံကျယ်ကြီးကြားနေရသည်။ ကိုယ်တော့ လုံးလုံးကြီး မှားခဲ့တာပါလား ချာတိတ်ရာ။ မင်းကို ကိုယ် ဘယ်လိုမျိုး တောင်းပန်ရမှာလဲ ပြောပါဦး။

“ထူးမာန် ... ထူးမာန် ... မင်း ဘာဖြစ်နေတာလဲ ... ဆေးခန်းပြမလား ... လာ ... ထ”

“ခင်မင်း ... ငါ ... လုံးဝထင်မထားတာကွ ... ဖိုးဇော်ဟာ ဖိုးဇော်ဟာ ... ကောင်လေး မဟုတ်ဘူး ... ”

“ဟောဗျာ ... မင်း ဘယ်လိုသိသွားတာလဲ ... ”

“ခုန ... ခုနလေးတင်ပဲ ... သူ ငါ့ကိုဖက်ပြီး လှိမ့်ချလိုက်လို့ ငါသိလိုက်တာ ... ”

“ဩော် ... ဟားဟားဟား ... ဖြစ်မှဖြစ်ရလေ ထူးမာန်ရာ... ညံ့ပါ့ ... ငါနဲ့သိုက်ကြီးဆို သိတာကြာလှပြီ ... ဒါကြောင့် သူ့ကို ပင်ပန်းတာမှန်သမျှ ဘာမှမလုပ်ခိုင်းတာပေါ့ ... ”

“ဟင် ... မင်းတို့သိတယ်ဟုတ်လား ... ”

“အေးလေ ... အလုပ်ဝင်တာ သိပ်မကြာသေးခင်ဘဲ သိထားတာ ... ကြာပဲကြာနေပြီ ... ”





“ဒါဆို ဘာဖြစ်လို့ ငါ့ကို အစကတည်းကမပြောခဲ့တာလဲ”

“ဟ ... သူက မသိစေချင်ကော့လည်း မပြောဖြစ်ဘူးပေါ့ကွ၊ ငါက မင်းတစ်နေ့တော့ သိမယ်ထင်ပြီး ရိပ်ဖမ်းသံဖမ်းတော့ သတိပေးခဲ့သားပဲ ... ဘယ့်နှယ် ... တစ်အိမ်တည်းအတူနေပြီး နောက်ဆုံးမှသိရတာတော့ မင်းညံ့ဖျင်းလွန်းအားကြီး ွန်းပါတယ် ... ”

“ဒုက္ခပါပဲကွာ ... ငါက သူ့ကိုယောက်ျားလေးပဲထင်ပြီး စွတ်ပြောစွတ်လုပ်ခဲ့တာတွေများပြီကွ ... ဘယ်ကနေ ဘယ်လိုစပြီး တောင်းပန်ရမလဲ ... မသိတော့ပါဘူး ... စိတ်ရှုပ်လိုက်တာ ... ”

“ဖာသိဖာသာပဲနေလိုက်ပေါ့ကွာ ... မင်းကလည်း”

“ငါ့ဘက်က အလွန်ကြီးပဲကွ ... ပြဿနာပဲ”

“သူ ... မင်းကို ခွင့်လွှတ်ခဲ့ပါတယ်ကွာ ... ”

“အဲဒါကြောင့် ပိုဆိုးတာပေါ့ ... ဒါ့ကြောင့် ငါ့ကို လေးလေးပြောပြောနေတာကိုး ... ငါက သူ့စိမ်းဘက်ကိုလိုက်ပြီး ပြောတယ်ဆိုပြီး လေးလေးကိုတောင် စိတ်ခုမိခဲ့သေးတာ ... သွားပါပြီ ... ”

“ပြီးတာတွေ ပြီးပါစေတော့ ထူးမာန်ရာ ... ထားလိုက်ပါ ... မင်းမမြင်ချင်တဲ့မျက်နှာကို ကြည့်ဖို့အချိန် သိပ်မကျန်တော့ပါဘူး”

“ဟင် ... ဘာကိုဆိုလိုတာလဲ ... ”

“ဟ ... သူ့ကို ဒေါက်တာကြိုက်နေတာ အသိသာကြီးပဲဟာ... အခု သူ့အဖေရောက်နေပြီဆိုတော့ သိပ်မကြာခင် လာတောင်းမှာပေါ့၊ ပြီးတာပဲ ... မင်းလည်း ချောစုနဲ့ပတ်သက်ပြီး အနှောင့်အယှက်ဖြစ်စရာ မရှိတော့ဘူးပေါ့ ... ”

"ဘာ ... "

"ဟာ ... တိုးတိုးကွ ... ဘာဖြစ်တာလဲ ... အလန့်တကြ

"သူက ဟိုဒေါက်တာနဲ့ကြိုက်နေပြီလား ... မင်းသေချာသိ

လားကွ ... "

"ထင်ဟာပဲ ... ဒေါက်တာကိုကိုက ငြင်းဖို့သင့်တဲ့လူမှမဟု

ဘဲ ... သူ လက်ခံချင်လက်ခံမှာပေါ့ကွ ... ဒါ သူ့လွတ်လပ်ခွင့်ပဲ

မင်းအနေသာကြီး ... "

သေချာလား ... သူ့ ဘာမှ ရေရေရာရာ မတွေးတတ်တေ

စိတ်ထဲမှာ တော်တော်တုန်လှုပ်သွားတာတော့ သေချာသည်။ သူ

ဆက်လုပ်ရမလဲ။ ညနေဘက် အိမ်ပြန်တော့ ရွှေတောင်ခေါက်ဆွဲ

အသင့်ဖြစ်နေပြီး ချာတိတ်ကို အရိပ်အယောင်မျှပင် မမြင်ရတေ

လေးလေးကို မေးချင်သော်လည်း လူကြီးနှစ်ဦးစလုံးက ဘာမှ

မပြောကြသဖြင့် သူ မမေးရဲတော့ပေ။ ချာတိတ်ရယ် ကိုယ် မင်

အနူးအညွတ် တောင်းပန်ချင်တာကို မင်းသိနိုင်ပါ့မလား။

♥





## ၂၀

ပိတ်ရက်မို့ နေမြင့်သည်အထိ အိပ်ဖြစ်ခဲ့သော်လည်း ညက တော်ရုံနှင့် အိပ်မပျော်တာမို့ မျက်လုံးတွေစပ်နေ၏။ ခေါင်းကို ရေလောင်းချိုး၍ အိမ်နေအဝတ်အစားဖြင့်ပင် အိမ်အောက်ကိုဆင်းလာခဲ့သည်။ မောင်စိုးက သူ့ကို breakfast ပြင်ကျွေး၏။ အခုချိန်ထိ မျက်နှာချင်းဆိုင် မဆုံသေးသည်မို့ ဇော် သူ့ကို တမင်ရှောင်နေပြီမှန်း သိသာနေသည်။

"မောင်စိုး ... မင်းအစ်ကိုလေးရော ... "

"မနက်အစောကြီးကတည်းက အပြင်ထွက်သွားတာပဲ"

"သူ့အဘ မတားဘူးလား ... "

"ဟင့်အင်း ... ဘုရားဖူးထွက်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ လိုက်ဝယ်

တာလို့ ပြောသံကြားတာပဲ အစ်ကိုမာန်ရဲ့ ... "

သူ သက်မောတစ်ချက်ကိုသာ ခပ်ပြင်းပြင်းချလိုက်မိသည်

လှမ်းလျှောက်ထွက်ရာမှ ပြန်လာသည့်လေးလေးနှင့် ဦးဇော်က ခြံ

မှာပင် စကားပြောနေသဖြင့် သူ အိမ်ထဲမှ ထွက်ခဲ့၏။

"ထူးမာန် ... နိုးပြီလား ... "

"ဟုတ်ကဲ့လေးလေး ... ကျွန်တော် ပြောစရာရှိလို့ ဆင်း

တာ ... "

"အေး ... လာ ... ဒီမှာပဲထိုင် ... ပြောလေ ... ဘာကိစ္စလဲ"

သူက ခြံထဲမှာချထားသည့် သစ်ပင် ပင်စည်တုံးလေးတွေ

မှာပင် လေးလေးတို့နှင့်အတူ ထိုင်လိုက်ပါ၏။

"မင်းပြောတော့ ဘူးချည်းခံနေတာပဲလားကွ မြင့်ဇော်"

"အေးကွာ ... သူ မလုပ်ချင်တာကို အတင်းမလုပ်ခိုင်းချင်

ဘူး ... အသက်လည်း ငယ်သေးတော့ မရဲတာလည်းပါမယ်"

"ရပါတယ်ကွာ ... ဒါပေမဲ့ ငါတို့စီစဉ်ထားတာကိုဘော့ ဖျက်

မရဘူးနော် ... ခုနပဲ ဦးချစ်ကိုကိုပြောလိုက်တဲ့စကားကိုပဲကြည့်"

"အေး ... ဒီလောက်တော့ ငါနားလည်ပါတယ်"

လူကြီးတွေ ပြောလက်စ စကားမပြီးသေးတာကြောင့်

အသာငြိမ်နေလိုက်၏။ လေးလေးက သူ့ဘက်ကို ငဲ့ကြည့်လိုက်

သည်။

"ဟ ... ဘယ်လိုလဲငါ့တူရ ... ပြောစရာရှိတာပြောလေ"

"လေးလေး ... ကျွန်တော် သူ့ကို တောင်းပန်ချင်လို့"





"ဘယ်သူ့ကိုလဲကွ ... မင်းဟာက အရင်းမရှိအဖျားမရှိ"

"ဇော့်ကို ... "

"ဇော့်ကို ဘာကိစ္စဖြစ်ကြပြန်ပြီလဲ ... မင်းကလည်းကွာ ...

ယ်ကအကြီးပဲ ... ကလေးကို အလျှော့မပေးဘဲ အမြဲဗိုလ်ကျဖို့ပဲ

စားတယ် ... ထစ်ခနဲရှိ ထွက်တဲ့ဒေါသကို ထိန်းမှပေါ့"

သူ မျက်နှာ ကွက်ခနဲပျက်သွားပြီး ခေါင်းကိုငုံ့ချလိုက်မိ၏။

...မှုမှာမို့ ပိုပြီးမျက်နှာပူပါတယ်ဆိုမှ လေးလေးက စွတ်တင်နေ

ပြီ။

"သူပြောတာ ပြောပါစေဦး ထူးကျော်ရာ ... အရင်ဆူမနေပါနဲ့"

"ကဲ ... ပြော ... "

"ကျွန်တော် ... ကျွန်တော် ... ဇော့်ကို ယောက်ျားလေးလို့ပဲ

င်လာခဲ့တာ ... "

"အေး ... အဲဒါ ငါသိသားပဲ ... မင်းပဲ ချောစုနဲ့အူတွေတိုပြီး

တ်သီးနဲ့ဆုံးမခဲ့တာ အခါပေါင်းမနည်းဘူးလေ ... "

"ကျွန်တော် ... ကျွန်တော် ... မနေ့ကမှ သိတာလေးလေး

... ကျွန်တော် တောက်လျှောက်ကြီး မှားခဲ့တာကြာပြီပဲ ... ဘယ်က

ဘယ်လိုစပြီး တောင်းပန်ရမလဲလို့ စဉ်းစားနေတာ ... အခု သူက

င်နေတော့ ပိုဆိုးတာပေါ့ ... ကျွန်တော်နေလို့မရဘူးဖြစ်နေတယ်"

"ဘာလဲ ... ပြဿနာထပ်ဖြစ်ပြန်ပြီဟုတ်လား ... "

"ဟင့်အင်း ... မဟုတ်ပါဘူး"

"ဒါဆိုလည်း အချိန်တန် အေးသွားမှာပေါ့ ... ဘာဖြစ်နေတာ

လဲ ... ခဏနေ ချောစုမိဘတွေ ဒီကိုလာလိမ့်မယ် ... မောင်စိုးကို စီစဉ်စရာရှိတာတွေ စီစဉ်ခိုင်းထားဦး ... "

"ဟင် ... သူတို့က ဘာလာလုပ်မလို့လဲ ... "

"ငါ့အထင် ... ဇော့်ကို လာတောင်းမယ်လို့ထင်တာပဲ"

"ဗျာ ... "

"ကဲပါ ...မောင်စိုးကို သွားပြောထားလိုက်ဦး"

သူ ရင်ထဲမှာ အောင့်သက်သက်ဖြင့် ထရပ်လိုက်ရသည်။ ဦးဇော်က သဘောတူလိုက်ပြီလား၊ ပုံစံကတော့ တည်တည်ငြိမ်ငြိမ်ပဲမို့ အကဲခတ်၍မရပေ။ စိတ်ထဲမှာ နှမြောဘသခံစားမှုက ပိုပြီးဆိုးဝါးလှသည်။ ကြည့်စမ်း ငါကတော့ သူ့ကိုရန်သူတစ်ယောက်လို အမြင်တွေစောင်ပြီး ဒေါသတွေဖြစ်ဖြစ်နေခဲ့တာ၊ တစ်ဘက်မှာက ဒီအခြေအနေတွေထိအောင် ဖြစ်နေခဲ့ပြီကိုး။ ချာတိတ်ရယ် ... မင်း ကိုကို့ကို ခေါင်းညိတ်လိုက်ပြီပေါ့ ဟုတ်လား ... ကိုယ့်ဘက်ကို တစ်ချက်လေးတောင်မှ စောင်းငဲ့မကြည့်တော့ဘူးပေါ့ ... ရင်ထဲမှာ မင်းကို ပြောစရာတွေ အများကြီးရှိနေတာ ပြည့်သိပ်နေတာပဲ။ ကျေးဇူးပြုပြီး နားထောင်ပေးလှည့်ပါကွာ ...

နားထဲမှာ ဇင်မင်းပြောမှဲ့ညည့်စကားသံတို့ကို ကြားယောင်နေမိသည်။ ကိုယ်ထိလက်ရောက် အကြိမ်ကြိမ် စော်ကားခဲ့ဖူးပြီးပြီ။ ခွင့်မလွှတ်နိုင်တဲ့အမှားမျိုးလုပ်မိရင် မင်းခွင့်လွှတ်ပါ့မလား ... ။ ကိုယ်နောင်တတွေ တကယ်ပဲရတော့မှာလား ချာတိတ်ရယ်။

မနက်(၁၀)နာရီလောက်မှာ ဦးချစ်ကိုကိုနှင့် ဒေါ်သက်သက်





လို့ လမ်းလျှောက်လျက်ပင် ခြံထဲဝင်လာသဖြင့် လေးလေးက ဧည့်ခန်းထဲမှာ ဧည့်ခံနေတော့၏။ ဦးဇော်ကိုပါ ထိုင်ခိုင်းထားသဖြင့် သူယောင်မလည်ဖြင့် ဖုန်းစင်နားမှာ ရပ်နေမိသည်။

"ဇော်ဘစ်ယောက် မတွေ့ပါလား ကိုထူးကျော်"

"ဟုတ်တယ် ... စာမေးပွဲဖြေကတည်းက သိပ်မတွေ့လှျောက်ကြာပြီပဲ ... ဘယ်သွားလဲ ... " လိုနည်းနဲ့

"မြို့ထဲဘက်ပဲ ... ဝယ်စရာရှိလို့ဆိုပြီး ထွက်သွားမှ သူ့ဘက်လေးလည်း ခုရက်ပိုင်းအတွင်း ဘာဖြစ်တယ်မသိပုံကြည်ရဲပုံမလဲ။ တော်တော်မကောင်းတာ ... မေးတော့လည်း မပြော်မှ အသံဗလံတွေ

"ကိုမြင့်ဇော်ကတော့ ကိုယ့်ကလေးအင် မကြားရသဖြင့် အိမ်ညှို" နားထောင်လိုက်သည်။

"ဟုတ်ကဲ့ ... သူ တစ်ခုခုဖြစ်တာတော့ စာမေးပွဲပေါ် ချလိုက်သချာတော့ မသိဘူး ... "

ဦးချစ်ကိုကိုတို့ဇနီးမောင်နှံ တစ်ဦးကိုတစ်ဦး လှည့်ပေးထားပြီးပြီလိုက်ကြ၏။

"သက်ပဲပြောပါကွာ ... "

"ဟိုလေ ... ပြောရမှာတော့ အားနာပါတယ် ... မပြောလို့လည်းမဖြစ်လို့ လာပြောရတာပါ ... "

"ဩော် ... ဟုတ်ကဲ့ ပြောပါခင်ဗျာ ... "

"သားရေး သမီးရေးကိစ္စပဲဆိုပါတော့ ကိုမြင့်ဇော်ရယ် ... ကိုယ့်ကသားကြီးက ဇော့်ကို မေတ္တာရှိနေလို့ စကားမြန်းပေးပါပူဆာလို့

လာခဲ့ရတာပါ ... ”

“ဟောဗျာ ... ကလေးနှစ်ယောက်က ရင်းနှီးနေလို့လား”

“အိမ်ကသမီးပြောတာဟော့ ဇော်ဘက်က မငြင်းဘူးလို့ဆိုတာ ကျွန်မတို့လည်း ရိပ်မိသလောက်တော့ ရှိပါတယ် ... ကလေးက ပြီးသေးတော့ စေ့စပ်ရုံလေးနဲ့ ကျေနပ်မှာပါ ... ဘွဲ့ယူပြီးမှ ”ကဲကို အကြီးကျယ်ဆုံး ကျင်းပပေးပါ့မယ်”

သူ ရင်ငိုလေ ... ကျွန်တော် မိဇော်ကို သေချာမေးကြည့်ပါဦး က သဘောတူလိုက်ဘော့ အကြောင်းပြန်လိုက်ပါ့မယ်ခင်ဗျာ ... ”

ခတ်၍မရပေ။ စိတ်ငြင်လိုက်တာ ကိုမြင့်ဇော်ရယ် ... တကယ်ပါ ... ကြည့်စမ်း ငါကတော့ ဒီဘာ ကျွန်တော်တို့မိသားစုအားလုံး ဝိုင်းချစ်ကြပြီး ဒေါသတွေဖြစ်ဖြစ်နေသင့်ခမြတ်ဖြစ်လို့ အိမ်မှာလာနေဖို့ပြောတာ ထိအောင် ဖြစ်နေခဲ့ပြီကွအိမ်က သူ့ဒွာတာနဲ့ သူ့အဘက နောက်အိမ် လိုက်ပြီပေါ့ ဟုတ်လို့ပြောပြီး မျက်ရည်ကျသေးတာ ... ”

စောင်းငဲ့မကြည့်... ဟုတ်တယ် ... သူ နည်းနည်းဂျစ်လို့ ကျွန်တော် အများကြီးဂျတာပါ ... ဘယ်လုပ်ရက်ပါ့မလဲဗျာ ... ရှိတာမှ ဖအေ လှည့်သမီးတစ်ခုကို ... ”

“ကျွန်တော်တို့ကို ပြန်နွှင့်ပြုပါဦး ... အခုလိုစကားလက်ခံပြော တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ဗျာ ... ”

“အိမ်မှာ တစ်ရက်လောက် ထမင်းစားဖိတ်ရင် ကြွခဲ့ပါနော်”

“ဟုတ်ကဲ့ ... ”

ဖုန်းစင်ဘေးမှာ ရပ်နေရင်း သူ ငိုင်နေမိသည်။ ဘုရားရေ —





လေးလေးထင်ထားတာတွေ တကယ်ပဲဖြစ်လာပြီပေါ့။ နှစ်ဖက်စလုံး OK ဆိုရင် သူ ဘာဆက်လုပ်လို့ရတော့မှာလဲ ... ။ လူက အင်အားမရှိ တော့သလို ခြေလှမ်းတို့ဖြင့် အပေါ်ထပ်လှေကားကို အားတင်း၍ တက်လာခဲ့ပြီး ခုတင်ထက်ပစ်လှဲချလိုက်၏။ ဆုံးရှုံးရပြီဟူသည့်အသိက သူ့ရင်ကို တမြေ့မြေ့နှင့်လောင်ကျွမ်းစေတော့သည်။ တောက်လျှောက် ကြီး အနိုင်ယူလာခဲ့သည့် သူ့လိုလူမျိုးကို ချာတိတ်က ဘယ်လိုနည်းနဲ့ သက်ခံနိုင်မှာလဲ။ အစကတည်းက ရှုံးကြောက်ကြီးဖြစ်နေရာမှ သူ့ဘက် က ချစ်ပါတယ်ဆိုတဲ့ ကမ်းလှမ်းချက်ကို ဘယ်လိုယုံကြည်ရပ့ါမလဲ။

အိပ်ရာထဲ ဟိုဒီလိမ့်နေစဉ်မှာ အောက်ထပ်မှ အသံဗလံတွေ ကြားရသဖြင့် သူ နားစွင့်လိုက်၏။ ပီပီပြင်ပြင် မကြားရသဖြင့် အိမ် အောက်ထပ်သို့ လှေကားမှ အသာဆင်း၍ နားထောင်လိုက်သည်။ ချာတိတ်က ဝယ်လာသည့်ပစ္စည်းတွေကို ဆက်တီစားပွဲပေါ်ချလိုက် ပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

“ကဲ ... ပြော ... ဟိုဒေါက်တာကို အဖြေပြန်ပေးထားပြီးပြီ လား ... ”

“ဟာ ... အာကလည်း ဇော် ဘာမှပြောမထားပါဘူး”

“မပြောဘဲနဲ့ ဟိုက အပိုင်ချည်ပြီး လာတောင်းရဲပါ့မလား ... အခုတော့ နောက်မှအကြောင်းပြန်လိုက်ပါ့မယ်ဆိုပြီး အလိမ္မာနည်းသုံး လိုက်ရတာကောင်းသလား ... မိဇော် ... နင့်ကို ငါသေချာမှာထားရဲ့ သားနဲ့ ... တကယ်ကို အရှူးတိုက်ပြီး လုပ်လိုက်တာပေါ့လေ ... ကဲ”

“ဖြောင်း ... ”

"အ ... "

"ဟာ ... မြင့်ဇော်ရာ ... ပြေပြေလည်လည်ပြောပါကွ ... ကလေးမှာအပြစ်မရှိပါဘူး ... တစ်ဘက်က ငြင်းပယ်စရာအကြောင်း မရှိတဲ့လူမျိုးဆိုတော့လည်း သူ ငြင်းရခက်ရှာမှာပေါ့ ... "

"ငြင်းဆိုငြင်းပေါ့ကွ ... ငါက ဒါဆိုဒါပဲ ... နင် ငါ့အကြောင်း သိသိကြီးနဲ့ ငါ့ကို ပညာစမ်းတာလား မိဇော် ... "

"အဘကလည်း တစ်ဘက်သက် စွတ်ပြောနေတာပဲ ... ဇော် ဘာဆိုဘာမှ မပြောတာအမှန်ပါ ... "

ဇော်က ရက်ပိုးကိုအသာပွတ်၍ မျက်နှာလေးရှုံ့ကွနေလေ၏။ ဦးဇော်က ဒေါသမှာရပ်၍ ခါးထောက်ကာ ဆက်ပြောနေပြန်သည်။

"ငါပြောတာ မဟုတ်လို့လား ... ကိုယ်ကအနေမှန်ရင် ဒီလို ဖြစ်လာစရာဘာအကြောင်းမှမရှိဘူး ... နင်မနေတတ် မထိုင်တတ်လို့ ဖြစ်ရတာ ... ကြည့်စမ်း ... ဘယ်လောက်မျက်နှာပူစရာကောင်းလိုက် လဲ ... ဟိုကိုငြင်းလိုက်ရင် နင်ကဘာမို့လို့ သူတို့သားလို ဆရာဝန်မျိုးကို မရွေးရလဲဆိုပြီး အထင်သေးခံရဦးမယ် ... ငါနော် ... စိတ်ရှိလက်ရှိလုပ် လိုက်ရင်တော့ သေတော့မှာပဲ ... "

"ဟာ ... မြင့်ဇော်ရာ ... ကောင်းကောင်းပြောပါကွာ"

"အဲ့ဒါ ဇော့်အပြစ်မဟုတ်ဘူး ... အစ်ကို ဇော့်ကိုနှိပ်စက်လိုက် တိုင်း သူတို့ပြန်သိပြီး သနားရာက ဖြစ်ကုန်တာ ... ဇော် တမင်ရည်ရွယ် ပြီး လုပ်တာမှမဟုတ်ဘဲ ... ဇော်လည်း မတတ်နိုင်ဘူး ... ဇော့်ဟာ ဇော် အေးအေးနေနေပါလျက်နဲ့ အဘပဲ ဒီရောက်ကုန်လာ ... ဒီလိုလုပ်ဆို





ပြီး လွှတ်လိုက်တာ ... ရွာမှာနေရင် ဒီလိုပြဿနာတွေ ဖြစ်မှာမဟုတ် ဘူး ... ဇော့်အသက် အခုမှ (၂၀)တောင်မပြည့်သေးတာ ... အဘပဲ လူကို ခြိမ်းလားခြောက်လားနဲ့ ဇော်စိတ်ဆင်းရဲနေရတာကြာပြီ"

"ဘာပြောတယ် ... နင်ကများ ... အခုဆို ဖအေ့ရင်ငွေ့က မလွတ်သေးဘူး ... တစ်ခွန်းမကျန် ပြန်ခံပက်နေပြီ ... လာစမ်း"

သူ မနေနိုင်တော့ဘဲ ဦးဇော်ကို ဝင်ဆွဲလိုက်သဖြင့် ဇော့်ကို ရိုက်ရန်ရွယ်သည့် ဦးဇော်၏လက်က လွဲသွားလေ၏။

"ဦးဇော် ... မလုပ်ပါနဲ့"

"လွှတ်စမ်းထူးမာန် ... ဖအေက မိတဆိုးလေးဆိုပြီး အလို လိုက်ခဲ့လို့ အမိုက်ဇော်ကားတာ ... ကိုယ့်ခြေထောက်ပေါ်တောင် ကိုယ်မရပ်တည်နိုင်သေးဘူး ... ဘယ်သူ့အားကိုးနဲ့ မိုက်ရဲနေတာလဲ မိဇော် ... "

"ခင်ဗျား ဝင်မပါနဲ့ ... ခင်ဗျားကြောင့် ကျွန်ုပ်ကော် အရိုက်ခံရ တာ ... ခင်ဗျားတရားခံပဲ ... ကိုယ့်ဘက်ပဲ ကိုယ်ကြည့်တဲ့လူ ... သူများဘက် နည်းနည်းလေးမှ ကိုယ်ချင်းမစာနာတတ်ဘူး ... တစ် ကိုယ်လုံး အတ္တတွေချည်းပဲ ... အခုမှ အပေါ်ယံလာဝင်ဆွဲမနေနဲ့ ... အဘရိုက်လို့ သေသွားလည်းအေးတာပဲမဟုတ်လား ... "

"ပြောနေတဲ့ကြားက မိုက်ရိုင်းဦး"

"ဖြန်း ... "

"ဟာ ... မြင့်ဇော်"

"ဇော် ... "

"မကိုင်နဲ့ ... ခင်ဗျားကို ဒီတစ်သက်မပြောနဲ့ နေ့
တိုင်းဆက်တိုင်း မကျေဘူး ... မုန်းတယ် ... သိပ်မုန်းတာပဲ"

"ဇော် ... ကိုယ်ရှင်းပြ ... "

"ဘာမှရှင်းမနေနဲ့ ... "

"အဲဒါကဘယ်လဲ ... "

ဇော်က အပြင်ပြေးထွက်ရန် ကြံစဉ် အဘက ဇော့်လက်ကို ဆတ်ခနဲဖမ်းဆွဲထားလိုက်၏။ ဇော်က ရုန်းကန်နေတော့ ထပ်ရိုက်ရန် ရွယ်လိုက်သဖြင့် သူ အပြေးဝင်ပါရပြန်လေသည်။

"မလုပ်ပါနဲ့ဦးဇော်ရယ် ... ဦးဇော်ရိုက်ချင်ရင် ကျွန်တော့်ကို ရိုက်ပါ ... ကျွန်တော်ခံပါ့မယ် ... "

"နင် ... ငါ့စကားနားမထောင်ရင် ဘာဖြစ်သွားမလဲ နင်သိ တယ်မဟုတ်လား ... "

"သိတယ် ... သိတယ် ... အဘက ဇော့်ကိုချစ်တာမှ မဟုတ်ဘဲ။ အဘစိတ်တိုင်းကျစီမံဖို့ပဲသိတာ ... ဇော့်ဘဝကြီး ကံဆိုးမိုးမှောင်ကျ မှာကိုတော့ နည်းနည်းလေးမှ မတွေးပေးဘူး ... အဘကိုလည်း ဇော် မချစ်တော့ဘူး ... အီးဟီးဟီး ... "

"ငါနော် ... သွားသွား ... ထူးမာန် ... သူ့ကို အခန်းထဲသွား ထည့်ပိတ်ပြီး သော့ခတ်လိုက် ... ကြာရင် ငါ့လက်ချက်နဲ့ သေလိမ့် မယ် ... "

သူ ဇော့်လက်ကို လှမ်းဆွဲတော့ ဇော်က အကိုင်မခံဘဲ လှေကားမှ ပြေးတက်သွားတော့၏။ အခန်းငါးခါးကို အပြင်မှသော့ခတ်





လိုက်ပြီး စိတ်မကောင်းခြင်းကြီးစွာဖြင့် အခန်းရှေ့မှ ထွက်ခဲ့ရသည်။ သွားပါပြီ။ အခြေအနေတွေက ထင်တာထက် ပိုရှုပ်ထွေးကုန်ပြီး ရှင်းမရ တော့ပါလား။ ကိုယ်ဘာလုပ်ပေးရမလဲ ကလေးရယ်။ မင်းကို စိတ်ချမ်း သာစေချင်တာအပြင် ကိုယ့်ရင်ထဲမှာ ဒီးတွေတောက်နေတာကို မြင် စေချင်ပါတယ်ကွာ ... ။

## ၂၉

"ငါမပြောဘူးလားကွ ... ဒါတွေကိုကြိုမြင်လို့ မင်းကို ဒေါ
လျှော့ဖို့ ငါ အတန်တန်ပြောခဲ့တာ ... သူ စိတ်နာအောင်မလုပ်ဖို့ သ
ပေးခဲ့တာလည်း အကြိမ်ကြိမ် ... ကဲ ... အခုတော့ ဘာတတ်နိုင်မလဲ
ဟိုက မင်းကို မုန်းနေပြီဆိုမှ ဘာမှ ဆက်လုပ်လို့မရတော့ဘူး"

"အေးပါကွာ ... ငါ့အပြစ်ငါသိပါတယ် ... သိလို့လည်း ပြေလည်
အောင်ရှင်းဖို့ စောင့်နေတာ ... အခုတော့ ရှင်းမရဘဲ ရှုပ်ကုန်ပြီ"

"အခုဆို အခန်းထဲ ထည့်ပိတ်ထားတော့ ပိုဆိုးမှာပေါ့"

"အေး ... အခန်းထဲမှာ သောင်းကျန်းနေတာ ဝုန်းဒိုင်းကို
နေတာပဲ ... ထမင်းပို့လည်းမစား ... ရေလည်းမသောက်နဲ့ ဆန္ဒပြ
တာ တစ်နေ့ကုန်ပဲ ... "





"မင်းပြန်တော့ ထူးမာန် ... သူ့ကို မရရအောင် ချော့ပါ ...
သူ စိတ်ချမ်းသာတာကို လုပ်ပေးမယ်လို့ မင်းကတိပေးလိုက် ... အဲဒါ
အကောင်းဆုံးပဲ ... ဒါမှ သူကြည်မှာ ... "

"ငါ ... ငါ ... သူ့ကို အဆုံးရှုံးမခံနိုင်ဘူးကွ"

"အဲဒါ မင်းတိုက်နဲ့မင်းကံပဲ ... ဘာတတ်နိုင်မှာလဲ ... သူမှ
ပြန်မကြိုက်နိုင်တာ ... အယုခံဝင်လည်း မင်းမျက်ခွက်မှာ သူ့လက်သီး
ချက်တွေပဲရမှာ ... "

"သူလုပ်ရင်လည်း ငါခံရပါတယ်ကွာ ... "

"ဂျွတ် ... သတ္တိတွေသိပ်ရှိနေတာပါလား ... မလျှော့နဲ့
ထူးမာန်ရေ ... အနည်းဆုံး ဖွဲဆုလောက်တော့ ရလိမ့်မယ် ... ဟို
ဆရာဝန်ကို သူ ပြန်မကြိုက်သေးပါဘူး ... ဒီလောက်ဆို သိသာပါ
တယ်"

"ငါပြန်တော့မယ် ဇင်မင်းရာ ... "

"အေး ... အောင်မြင်ပါစေကွာ ... "

သူ အိမ်ကိုပြန်ရောက်တော့ လူကြီးနှစ်ဦးက ဧည့်ခန်းမှာပြကွဒိန်
ချ၍ ဘာတွေတွက်ချက်နေကြသည်မသိ။ သူဝင်လာတော့ လေးလေး
က လှမ်းခေါ်လိုက်လေ၏။

"ငထူး ... လာဦး"

"ဘာလဲလေးလေး ... ဖော် ထမင်းစားရဲ့လား ... "

"မစားလို့မသေဘူး ... လိုက်ပူမနေနဲ့ ... သူ့စိတ်နဲ့သူကောက
နေတာ ခံပါလေ့စေ ... "

"ဟာ ... အဲ့ဒီလိုတော့ မလုပ်ပါနဲ့ဦးဇော်ရာ ... မနေ့ကတည်းက ဘာမှမစားရဘာ ... အခု(၁၀)နာရီကျော်နေပြီ ... ဆာနေမှာပေါ့ဗျ ... "

"ကျွေးချင်ရင် သွားခွဲ့ကျွေးပေ့ ... အကဲမပါနဲ့ ... ပြောမယ့်စကားတောင် ဘယ်ရောက်သွားလဲမသိ ... "

"ဟိုတယ် ... ဟိုတယ်"

"ဩော် ... အေး ... ဆိဒိုးနား ... ထရိတ်ဒါး ... မြရိပ်ညို ... ဘယ်ဟာကောင်းလဲ ... "

"ဘာကိုလဲလေးလေးရ ... "

"မင်္ဂလာဆောင်ဖို့လေကွာ ... "

"ဟာ ... လေးလေးတို့ပဲ သဘောမတူဘူးပြောပြီး အခုတော့ ဟိုတယ်တွေ နေ့ကောင်းရက်သာတွေ ရွေးနေပါရောလား"

"ငါ ထတီးလိုက်ရနှာဦးမယ် ... ဟိုဆရာဝန်နဲ့ဆောင်ပေး မဟုတ်ဘူး ... "

"ဒါဖြင့် ... ဘယ်သူနဲ့လဲ လေးလေးရဲ့ ... "

"မင်းနဲ့ဟေ့ ... မင်းနဲ့ ... "

"ဗျာ ... ကျွန်တော်နဲ့ ... "

"အေး ... ရည်ရွယ်ထားတာဖြင့် ကြာလှပြီ ... မင်းက ဘာ နေလဲ ... "

"ဟာ ... အခု သူသဘောတူလို့လား ... ပိုဆိုးနေပါဦးမယ်





လေးလေးရယ် ... အရှေ်းမလုပ်ပါနဲ့ ... "

"ဟေ့ ... ဘာမှ သဘောမတူစရာမရှိဘူး ... ရွာမှာကတည်းက သေချာနားဝင်အောင်ပြောလိုက်တာ ... ဒီရောက်မှ ဘုဂလန့်တိုက်ပြီး မင်းကိုမတည့်အောင် သူတမင်သက်သက်လုပ်နေတာ ... အခု သူ နာအလှည့်ပဲ ငချစ်မ ... "

"ဟင် ... ဒီကိစ္စ သူ့အရင်သိထားပြီးသားလား ဦးဇော်"

"အေး ... "

"ဟာဗျာ ... ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့ပါဘူး ... ခုက္ခပဲ ... "

"ဘာလဲ ... မင်းက ငြင်းချင်လို့လားကွ"

"မဟုတ်ပါဘူး ... "

"မဟုတ်ရင်ငြိမ်နေ ... ဒီကိစ္စ ငါတို့လူကြီးတွေ ဆက်စီစဉ်လိုက်မယ် ... "

"သူ စိတ်ဆင်းရဲမယ့်အလုပ်တော့ အတင်းကြီးမလုပ်ပါနဲ့ လေးလေးရယ် ... သနားပါတယ် ... "

"ဒါဆို ... ဟိုဆရာဝန်လက်ထဲ ထည့်ပေးလိုက်ရမှာလား"

"အဲဒီလိုလည်း မလုပ်ပါနဲ့ဗျ ... "

"ငါထတီးလိုက်ရ နာတော့မယ် ... သွားသွား ... ထမင်း သွား ကျွေးလိုက်ဦး ... "

သူ မောင်စိုးကို ထမင်းပွဲပြင်ထားခိုင်းပြီး အပေါ်ကိုတက်လာ

ခဲ့၏။ ရင်တွေခုန်လိုက်တာနော်။ ဇော့်အခန်းဝမှာ အသာရပ်၍ ငြိမ်နေမိသေးသည်။ သော့တံကိုထည့်မဖွင့်မီ ရင်ခုန်သံတို့က ပို၍ဆူညံလာ၏။ ကလေးရယ် မင်းနဲ့ကိုယ့်ကို လေးလေးတို့က သဘောတူပြီးသားတဲ့ မင်းကိုယ့်ကို မကျေမနပ်နဲ့ ပြန်ရိုက်ရင်လည်း ရိုက်စေဇတော့ မင်းကို သိပ်ချစ်နေတဲ့အကြောင်းတွေကို ရင်ဖွင့်ပါရစေကွာ။

ခုတင်ပေါ် ငုတ်တုတ်ထိုင်နေလျက်က ခေါင်းအုံးတွေစောင်တွေပါမကျန် အခန်းထောင့်ကို လွှင့်ပစ်လိုက်၏။ စားပွဲပေါ်မှ ပစ္စည်းတွေလည်း တစ်ခုမှမကျန်တော့။ လူက ဒေါသလည်းဖြစ် ဗိုက်ကလည်း ဆာမို့ ကတုန်ကရင်ဖြစ်ရင်း နေမထိထိုင်မသာဖြစ်နေရသည်။ တော်တော်ရက်စက်ကြတာပဲ။ အခန်းထဲ မနေချင်တဲ့လူကို ထည့်ပိတ်ထားတာလောက် သေချင်စော်နံတာမရှိတော့။

"တောက် ... "

တက်တစ်ချက်ခေါက်လိုက်ပြီး ထိုင်ခုံကို ဝိုင်းခနဲ ပစ်ကန်လိုက်၏။

"ဇော် ... "

"ဘာလဲ ... ဘာပြောဦးမှာလဲ ... အထဲမှာ သေမသေသိရအောင် လာခေါ်မနေနဲ့ ... ခင်ဗျားအသံလည်း မကြားချင်ဘူး ... ရုပ်လည်းမမြင်ချင်ဘူး ... ဘာမှလာမပြောနဲ့ ... "

"ဇော် ... ကိုယ်ရှင်းပြတာကို နားထောင်ပေးပါကွာ ... ပြီးရင် ဇော်ကြိုက်သလိုလုပ်ပါ ... ကိုယ်ခံပါ့မယ် ... "





"မကြားချင်ဘူး ... မပြောနဲ့"

"ဇော် ... ကိုယ့်ဘက်က မှားခဲ့လွန်ခဲ့တာတွေကို အနူးအညွတ်တောင်းပန်ပါတယ်ကွာ ... နော် ... ကိုယ့်ကို ခွင့်လွှတ်ပါ ... ဇော်မကျေနပ်ရင် ကိုယ့်ကို စိတ်ကြိုက်ပြန်ထိုးလိုက်ပါ"

"ခင်ဗျား ဒီလိုပဲပြောမှာပေါ့ ... နောက်ဆုံးတော့ လေပြည်လေးနဲ့ပြောလိုက်ရင် ပြီးသွားမှာပဲလို့ အပိုင်တွက်ထားမှာပေါ့ ... ခံရတဲ့လူက မချိမဆံ့ဗျ ... အသားနာတာထက် ရင်ထဲက ပိုနာတယ် ... သိလား ... "

"ကိုယ်သိပါတယ်ဇော်ရယ် ... ဇော့်ကိုနားလည်ပါတယ် ... ကိုယ့်ကြောင့် ဇော်စိတ်မဆင်းရဲစေရပါဘူး ... ဇော်စိတ်ချမ်းသာဖို့ဆိုရင် ကိုယ် ဘာပဲလုပ်ပေးရပေးရ လုပ်ပေးမှာပါ ... ယုံပါဇော်ရယ်"

လေသံပျော့ပျော့ဖြင့် ပြောနေသည့် သူ့ရိုရာတံခါးအပြင်ဘက်ကို လူမမြင်ရပါဘဲ မျက်စောင်းလှမ်းထိုးလိုက်၏။ အခုမှ လာပြီးချော့နေနဲ့ ပြဿနာတွေက ပိုရှုပ်ကုန်ပြီဟာကို။ ဘယ်လိုရှင်းမှာလဲ ဇော်ခေါင်းကိုပွသွားအောင် ထိုးဖွလိုက်၏။ အား စိတ်ရှုပ်စရာကောင်းလိုက်တာနော်။

"ဇော် ... ဘာဖြစ်ချင်လဲ ... ကိုယ့်ကိုပြောပါ"

ဇော် မေးစေ့ကို ကိုင်လျက် စဉ်းစားလိုက်၏။ ဘာတောင်းဆိုမှာလဲ ဟွန်း ... ။ သူ့ကိုပြောလို့လည်း ဒီမင်္ဂလာကိစ္စက ပျက်သွားမှာမှ မဟုတ်ဘဲဟာကို။"

"ဇော် … ကိုယ်ပြောတာကြားရဲ့လား"

"ကြားတယ် … ကြားတယ် … ခင်ဗျားက တကယ်လုပ်ပေးမှာမို့လို့လား … "

"ပြောသာပြောပါ ဇော်ရယ် … "

"မင်္ဂလာမဆောင်ချင်ဘူး … အဲဒီကိစ္စ ခင်ဗျားဘက်က ငြင်းပေး … ဒါပဲ … "

"ဟင် … ဇော်က ကိုကို့ကိုပဲရွေးဖို့ ဆုံးဖြတ်ထားလို့ ငြင်းစေချင်တာလား … ဟုတ်လား … "

"ကျွတ် … လျှောက်ပြောနေပြန်ပြီ … ဘယ်သူ့ကိုမှ မယူချင်တာဗျ … ကျွန်တော် လွတ်လွတ်လပ်လပ်ပဲ နေချင်တယ် … ဘာအနှောင်အဖွဲ့မှမလိုချင်ဘူး … ကျွန်တော့်အသက် အခုမှ ငယ်ငယ်လေးရှိသေးဟာ … ကိုယ်ချင်းစာပေါ့ဗျ … "

"ရက်ရွှေ့ဖို့ ပြောထားရင်တော့ ရပါတယ်ဇော်ရယ် … အပြတ်တော့ ကိုယ်မငြင်းရဲဘူး … လေးလေးအကြောင်း ဇော်လည်းသိရဲ့သားနဲ့ … "

"ဒါနဲ့များ ဘာလို့လာပြောနေသေးလဲ … အလကားလူကြီး … သွားသွား … အသုံးမကျတဲ့ဟာ … "

ဇော် ခုတင်ထက် ခြေပစ်လက်ပစ်ထိုင်ချလိုက်စဉ် အခန်းတံခါးချပ်ခနဲပွင့်သွားပြီး သူ့ကိုတွေ့လိုက်ရ၏။ ဇော် ဆတ်ခနဲ မျက်နှာကိုလွှဲပစ်လိုက်သည်။





"ဇော် … ထမင်းမစားတာကြာပြီ … စားရအောင်နော်"

"မစားဘူး … မြန်မြန်သေ … မြန်မြန်အေးတာပဲ"

"အဲဒီလိုတော့ မလုပ်ပါနဲ့ဇော်ရယ် … နည်းနည်းဖြစ်ဖြစ် စားလိုက်ပါ … လိမ္မာပါတယ် … "

"မလိမ္မာပါဘူး … မိုက်လို့ အရိုက်တောင်ခံရပြီးပြီ … မစားဘူးဆို လုံးဝပဲ … သွားဗျာ … နားညည်းတယ်"

သူက ဘာမှ ထပ်မပြောတော့ဘဲ အပြင်ဘက်လှည့်ထွက်သွားသလို နှင့် အခန်းတံခါးကို အတွင်းမှပိတ်လိုက်လေ၏။ ဇော် မျက်လုံးအစုံပြူးကျယ်သွားရသည်။

"ဟာ … ခင်ဗျား အဲဒါဘာလုပ်တာလဲ"

"တံခါးပိတ်လိုက်တာလေ … "

"တံခါးပိတ်တာ ခင်ဗျားပါဝင်နေစရာလား … ထွက် … ခုချက်ချင်းထွက် … "

"ဒါ ကိုယ်တို့အိမ်ပါဇော်ရယ် … ကိုယ်ပြောတာကို နားထောင်ပေးပါဦး … ဇော် ထမင်းမစားရင် ကိုယ်ပါမစားဘဲ ဒီမှာထိုင်နေမှာ"

"ဟာဗျာ … စိတ်ရှုပ်လာပြီ … ခင်ဗျား ဒီမှာနေလို့ ဘယ်ရမှာလဲ … စဉ်းစဉ်းစားစားလုပ်ပါဦးဗျ … "

"ကိုယ်လည်း ဇော်နဲ့အတူဘူ ဆန္ဒပြမလို့လေ"

"အဲဒါ ခင်ဗျားအခန်း ခင်ဗျားသွားလုပ်ပါလား"

"ကိုယ်က ဇော့်အနားမှာပဲနေချင်တာ … ဘယ်လိုလုပ်ရမှာလဲ"

ဇော့်ရင်ထဲ ဒိတ်ခနဲခုန်သွား၏။ သူ့အကြည့်စူးစူးဒဏ်ကို ပြန်စိုက်မကြည့်ရဲတော့ဘဲ အကြည့်လွှဲလိုက်ရသည်။ ဒုက္ခပါပဲ ဘာတွေပြောနေပြန်လဲမသိ။

"ဇော် ... "

" ... "

"ကိုယ် ဇော့်ကိုချစ်နေခဲ့တာကြာပြီ ... ဇော်ကတော့ ယုံမှာမဟုတ်ဘူး ... ဇော်နဲ့ပတ်သက်လာရင် မသိစိတ်ရဲ့တုံ့ပြန်မှုတွေကြားမှာ ကိုယ်ညပ်ရင်း အမှားတွေသာ ဆက်တိုက်ကျူးလွန်ခဲ့မိတာ ဇော်ကိုယ့်ကို ဘယ်လိုပြစ်ဒဏ်မျိုးချချင်သလဲ ... ကိုယ်ဝန်ခံပါတယ်ဇော်ရယ် ... ကိုယ် ဇော့်ကို အဆုံးရှုံးမခံနိုင်ဘူး ... "

"ဟင့်အင်း ... ဟင့်အင်း ... လုံးဝမဖြစ်ဘူး ... ခင်ဗျားနဲ့ကျွန်တော်နဲ့က မြေါးတစ်လမ်း သံတစ်လမ်းပဲဗျ ... ဘယ်လိုမှ မဖြစ်နိုင်ဘူး ... "

"ကိုယ့်ဘက်က အစစအရာရာ လိုက်လျောဖို့ အဆင်သင့်ပါကလေးရယ် ... "

"အာ ... ဘာမှမကြားချင်ဘူး ... ခင်ဗျားထွက်သွားပါဗျ"

"ကိုယ် ဇော့်ဆီက အဖြေရရင်သွားမှာပါ"

ဇော်က စားပွဲဘေးမှာ ရပ်နေရာမှ တံခါးဆီလှမ်းလိုက်စဉ် သူက ဇော့်လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်လေသည်။

"ဇော် ... "





"ဟာ ... လွှတ်နော်"

"ကိုယ်တောင်းတာ ပေးလေကွာ"

"မသိဘူးဗျာ ... လွှတ်ဗျ ... "

"နည်းနည်းလေးတောင်မှ ပြန်မချစ်နိုင်ဘူးလားဇော်ရယ် ... ဟင်"

ဇော် မရည်ရွယ်ပါဘဲ သူ့ကို မျက်စောင်းထိုးလိုက်တော့ သူက ဇော့်ကို ပွေ့ဖက်လိုက်လေ၏။

"အာ ... အဲဒါ ဘာလုပ်တာလဲ"

"အသည်းယားလို့ပါ ... ကဲ ... ပြောပါဦး ... ကိုယ့်ကိုချစ်မါဘယ်လို့ ... ကိုယ် ဇော့်မျက်ဝန်းထဲမှာ အဖြေရှာတွေ့နေပြီနော် ... မျှော ... "

"ခင်ဗျား လူလည်မကျပါနဲ့ဗျာ ... သိချင်ရင် အဘကိုမေးကြည့်"

"ဘာကိုလဲ ... "

"အဘပြောတဲ့ကိစ္စကို ကျွန်တော်ငြင်းခဲ့တာမဟုတ်ဘူး ... အမြန်မစီစဉ်ဖို့ပဲပြောတာ ... မဖြစ်ပါဘူး ... ခင်ဗျားစိတ်က လက်အစ်ဆစ် ... ကျွန်တော်ကြိုက်တဲ့ငါးကိုလည်း မုန်းသေးတယ် ... မဖြစ်ဘူး ... လုံးဝကိုမဖြစ်တာ ... "

"ကိုယ် ... ဒေါသကိုလျှော့ပါ့မယ် ... ပြီးတော့ ငါးလည်းစားပါ့မယ် ... ကတိပေးတယ်ကွာ ... နော်"

"တကယ်စားနိုင်လို့လား"

"ဖော်အရိုးနှင်ပြီးခွဲ့ကျွေးမယ်ဆိုရင်ပေါ့"

"ဟွန်း ..."

"ဟိုနှစ်ကောင် ခုထိ ဆင်းမလာသေးဘူးလား ... ဒီမှာ ထမင်းတွေခူးထားတာ အေးကုန်ပြီလေ ..."

အဘအသံကြောင့် ဖော်ရောသူပါ ဇက်ပုသွားပြီး အောက်ထပ်သို့ ပြေးဆင်းခဲ့၏။ ထမင်းဝိုင်းမှာ ဖော်အရိုးနှင်ပေးသည့်ငါးဟင်းကို သူစားတော့ လူကြီးနှစ်ဦးထံမှ မျက်စောင်းခဲခြင်းကို ခံရလေတော့သည်။

လေးစားလျက် ...

မမသဒ္ဒါမောင်

12th Oct: 2007

Pm 6:30